# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ကဆုန်လဆန်း(၃)ရက် ၊ အင်္ဂါနေ့ ၊ (29-4-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၃၅၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ပျံလွန်၊ ကွယ်လွန်ခဲ့ကြရသည့် ရဟန်းရှင်လူပြည်သူများကို ရည်စူး၍ တစ်လပြည့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ



နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် ဧပြီ ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ပျံလွန်၊ ကွယ်လွန်ခဲ့ကြရသည့် ရဟန်းရှင်လူပြည်သူများကို ရည်စူး၍ တစ်လပြည့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ၊ နိုင်ငံတော်သြဝါဒါစရိယ တပ်ကုန်းမြို့ မဟာသီဟနာဒကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏတို့ အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ကောင်စီ အတွင်းရေးမှူးနှင့် ဇနီး၊

စာမျက်နှာ ၁၆ ကော်လံ ၁




ရတနာပုံ
၂၀၂၅ ခုနှစ် ဧပြီ ၂၉ ရက်
အယ်ဒီတာ့အာဘော်

## ဆောက်လုပ်ရေးပစ္စည်းများ ဈေးနှုန်းမြင့်တင်ရောင်းချမှုမပြုလုပ်ရေး

မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က မန္တလေးမြေငလျင်ကြီး လှုပ်ခတ်ခဲ့သဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် စသည့်ဒေသခြောက်ခု၌ လူနေအိမ်နှင့်အဆောက်အအုံများ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

မန္တလေးမြေငလျင်ကြီးလှုပ်ခတ်မှုကြောင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ခုတွင် ဧပြီ ၂၄ ရက် ကနဦးစာရင်းများအရ လူနေအိမ်ခြေ ၆၃၈၅၄ လုံး၊ စာသင်ကျောင်း ၆၇၅၂ ကျောင်း၊ ဘုန်းကြီးကျောင်းနှင့်သီလရှင်ကျောင်း ၅၄၇၄ ကျောင်း၊ စေတီပုထိုး ၅၃၄၂ ဆူ၊ အခြားဘာသာရေး အဆောက်အအုံ ၆၁၃ လုံး၊ ဆေးရုံ၊ ဆေးခန်း ၅၇၆ လုံး၊ ရထားလမ်း ၅၆ ခု၊ လမ်း ၂၇၁ ခု၊ အမြန်လမ်းမိုင် ၁၉၈ ခု၊ ဆည်တမံ ၅၈၆ ခု၊ တံတား ၇၂ စင်း၊ ထရန်စဖော်မာ ၃၅၃ လုံး ပျက်စီးဆုံးရှုံးခဲ့သည်။

**"ထောက်ပံ့လှူဒါန်းမှုများနှင့်ပတ်သက်၍ အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းမှုများရှိသကဲ့သို့ တစ်ဖက်ကလည်း အချို့စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်ပစ္စည်းဈေးနှုန်းများကို အဆမတန်တင်၍ ရောင်းချနေကြသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့ဗုဒ္ဓဘာသာလူမျိုးများအနေဖြင့် အချင်းချင်းကူညီရမည့်အစား ပြန်လည်ထူထောင်ရေးဆောင်ရွက်နေသည့်ကာလတွင် ဆောက်လုပ်ရေးပစ္စည်းများကို မူရင်းဈေးနှုန်းထပ်မံမြင့်တင်၍ ရောင်းချလျက်ရှိသည်ကို သိရကြောင်း၊ ထို့ကြောင့် မတော်လောဘစီးပွားရေးသမားများကို နိုင်ငံတော်က ထိန်းချုပ်တားမြစ်ခြင်း၊ မေတ္တာရပ်ခံခြင်း စသည်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် လိုက်နာမှုမရှိပါက ထိထိရောက်ရောက် အရေးယူဆောင်ရွက်လျက်ရှိကြောင်း"** ဧပြီ ၂၅ ရက် နေပြည်တော်တွင်ကျင်းပသည့် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ (၃/၂၀၂၅) အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ငလျင်ဘေးဒဏ်သင့်ဒေသများတွင် အများပြည်သူ၊ ဌာနဆိုင်ရာများက ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ဝိသမစီးပွားရေးလုပ်ငန်းရှင်တချို့က ၎င်းတို့၏ကိုယ်ကျိုးစီးပွားကို ရှေးရှုပြီး ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို ဈေးနှုန်းအဆမတန်မြင့်တင်ရောင်းချမှုများ ပြုလုပ်လျက်ရှိသည်။ ထိုသို့ ပြုလုပ်နေခြင်းကို ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း တင်သွင်းဖြန့်ဖြူးရောင်းချသည့် ကုမ္ပဏီလုပ်ငန်းရှင်များ၊ အရောင်းဆိုင်ပိုင်ရှင်များကို တာဝန်ရှိသူများက ခေါ်ယူတွေ့ဆုံကာ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို ဈေးနှုန်းအဆမတန်မြင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြင့်တင်ရောင်းချရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ထားခြင်းများ မပြုလုပ်ကြရန်ဖြစ်ပေသည်။

သို့ဖြစ်ရာ ငလျင်ဘေးဒဏ်သင့်ဒေသများတွင် အများပြည်သူ၊ ဌာနဆိုင်ရာများက ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ အများပြည်သူ အခက်အခဲဒုက္ခများ ကြုံတွေ့နေရသည်ကို အခွင့်ကောင်းယူကာ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း အရောင်းဆိုင်များ၊ စားသောက်ကုန်နှင့်လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များအနေဖြင့် ဈေးနှုန်းအဆမတန်မြင့်တင်ရောင်းချမှုများမပြုလုပ်ကြရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

## ပြန်လည်ကျင်းပစစ်ဆေးမည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့အောင်မြင်စွာဖြေဆိုနိုင်ရေး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးအောင် တွေ့ဆုံအားပေး



**မန္တလေး ဧပြီ ၂၈**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအတွင်း ပြန်လည်ကျင်းပစစ်ဆေးမည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့အောင်မြင်စွာ ဖြေဆိုနိုင်ရေး ဧပြီ ၂၇ ရက် နံနက်ပိုင်းက ကျောက်ဆည်ခရိုင်၊ မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများ၊ မိဘများ၊ ကိုယ်ပိုင်ကျောင်း တည်ထောင်အုပ်ချုပ်သူများကို အခြေခံပညာကျောင်းများ၌ တွေ့ဆုံ၍ အားပေးစကားများ ပြောကြားခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် စဉ့်ကိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း(ပလိပ်)သို့ လည်းကောင်း၊ ကျောက်ဆည်မြို့ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းသို့လည်းကောင်း၊ ကူမဲမြို့ အခြေခံပညာအထက်တန်းကျောင်း (သာလွန်)သို့ လည်းကောင်း၊ ဝမ်းတွင်းမြို့ အခြေခံပညာအထက်တန်ကျောင်း (သဲတော)သို့ လည်းကောင်း၊ မိတ္ထီလာမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ လည်းကောင်း၊ သာစည်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ လည်းကောင်း၊ ပျော်ဘွယ်မြို့ အခြေခံပညာ အထက်တန်းကျောင်း (ယင်းတော်)နှင့် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းသို့လည်းကောင်း၊ ရမည်းသင်းမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း(မြို့မ) သို့လည်းကောင်း သွားရောက်ပြီး တွေ့ဆုံ အားပေးစကားများ ပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြန်လည်ကျင်းပစစ်ဆေးမည့် တက္ကသိုလ်ဝင်စာမေးပွဲ၌ ပြန်လည်ဖြေဆိုခွင့်ပြုထားသည့် ကျောင်းသား၊ ကျောင်းသူများ ဘာသာရပ်အားလုံးကို အဆင်ပြေချောမွေ့အောင်မြင်စွာ ဖြေဆိုနိုင်ရေးနှင့် အခက်အခဲများရှိပါက ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးတို့အတွက် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်ဆွေဦးက ပြန်လည်ကျင်းပစစ်ဆေးမည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် လိုအပ်သည့် စာရေးကိရိယာများနှင့် ပုံနှိပ်သင်ရိုးညွှန်းတမ်းစာအုပ်များကို နိုင်ငံတော်က ပံ့ပိုးပေးသွားမည့် အစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

တွေ့ဆုံပွဲများ၌ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တက္ကသိုလ်ဝင်စာမေးပွဲကို ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ဆရာမများ၊ မိဘများက တင်ပြဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများအတွက် လိုအပ်သည့်စာရေး ကိရိယာများကို ပံ့ပိုးပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

## မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းများ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

**စစ်ကိုင်း ဧပြီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းများ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၁၈၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၂၈ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"မြောင်မြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲတီစိမ်း ၂၁၈၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးနိုင်ဖို့ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးလုပ်ငန်းတွေဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပို့လျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။ (၂၀၆)

## ဟသ်ာတမြို့နယ် လယ်တီကုန်းကျေးရွာ၌ ဗို့ ၄၀၀ ဓာတ်အားလိုင်း သွယ်တန်းပြီးစီးမှု စစ်ဆေး

**ဟသ်ာတ ဧပြီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လယ်တီကုန်းကျေးရွာ၌ ဗို့ ၄၀၀ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဧပြီ ၂၇ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟသ်ာတမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ လယ်တီကုန်းကျေးရွာ၌ ဗို့ ၄၀၀ အားလိုင်း သွယ်တန်းခြင်း ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးဓာတ်အားလိုင်းများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းကြရန် မှာကြားသည်။

လယ်တီကုန်းကျေးရွာ၌ အရှည်သုည ဒသမ ၁၇ မိုင်ရှိ ဓာတ်အားလိုင်းသွယ်တန်းခြင်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် သိန်း ၁၁၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၃၁ ဒသမ ၆ သိန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ဇင်မာ**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဝမ်းတွင်းမြို့နယ်၌ အောင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ဝမ်းတွင်း မေ ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ အောင်သာကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းဖြင့်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေများကို မေ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၃၅ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေး လုပ်ငန်းများနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်လအလိုက် ဖြည့်သွင်းရမည့်စာရင်းဇယားများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အောင်သာကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၁ ဦးကို ငွေကျပ် ၂၄ ဒသမ ၁ သန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ် ၁၂ ဒသမ ၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၉ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၆ ဒသမ ၂ သန်း ထုတ်ချေးပေးထားကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ရန်ကုန်မြို့ ဓမ္မသုခကျောင်းတိုက် သာသနာဝေပုလ္လ တိုင်းရင်းသားကျောင်း ဆရာတော်၊ သံဃာတော်များက ဆေးပဒေသာပင်အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာ ဦးတင်ဝင်းက လက်ခံရယူစဉ်။

# မော်လမြိုင်ကျွန်းမြို့နယ်မှထွက်ရှိသည့် ဒေသထွက် ငါးရံ့ခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ



**မော်လမြိုင်ကျွန်း မေ ၂၈**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ထွက်ရှိသည့် ငါးရံ့ခြောက်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း မော်လမြိုင်ကျွန်းမြို့နယ်ရှိ ငါးခြောက်အမျိုးမျိုးထုတ်လုပ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေသန်းက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ငါးရံ့ခြောက်များကို ရန်ကုန်ဈေးကွက်က ယခုနှစ် ဧပြီလ ပထမပတ်မှယနေ့ထိ ဝယ်ယူအားကောင်းနေခြင်းကြောင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ငါးရံ့ခြောက်များတစ်ပတ်လျှင် ငါးရံ့ခြောက် ပိဿာချိန် ၅၅၀၀ မှ ၇၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"လက်ရှိ အရောင်းအဝယ်ဖြစ်နေတဲ့ ဒေသထွက် ငါးရံ့ခြောက်တွေက လတ်တလောထုတ်လုပ်ထားတဲ့ ငါးရံ့ခြောက်တွေဖြစ်ပါတယ်။ တင်ပို့နေတဲ့ ငါးရံ့ခြောက်တွေက အတော်ကို အရည်အသွေးကောင်းပါတယ်။ ငါးရံ့ခြောက်တွေကို ရန်ကုန်ဈေးကွက်က ကုန်သည်တွေက မှာယူမှုများပြားနေလို့ အရောင်းအဝယ်ကောင်းခဲ့တာဖြစ်ပါတယ်''ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ ငါးရံ့ခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေသန်းက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ထွက်ရှိသည့် ငါးရံ့ခြောက်များသည် အချိုခြောက်နှင့် ဆားလတ်ခြောက်ဟု နှစ်မျိုးထုတ်လုပ်ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးရံ့ခြောက်အကြီး တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀၀၊ ငါးရံ့ခြောက်အလတ် တစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀၀၊ ငါးရံ့ခြောက်အသေးတစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ထွက်ရှိသည့်ငါးရံ့ခြောက်များကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသများသို့ပါ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါငါးရံ့ခြောက်များ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် ရေလုပ်သားများ၊ ကုန်သည်များအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မလှိုင်မြို့နယ် ကျေးရွာသုံးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် မေ ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကျေးရွာသုံးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို မေ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သန်း ၄၀ ဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လျော်ဖြူကုန်းကျေးရွာ၊ သဖန်းကန်ကျေးရွာနှင့် ရေတွင်းကျေးရွာတို့တွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦးကို ငွေကျပ် ၁၃ ဒသမ ၅ သန်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦးကို ငွေကျပ် ၈ ဒသမ ၃ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၆၁ ဦးကို ငွေကျပ် ၁၈ ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၇ ဦးကို စီမံကိန်းရန်ပုံငွေကျပ် သန်း ၄၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ကသာခရိုင်တွင် ထောပတ်ပဲ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၇ ဒသမ ၂၆ တင်း ထွက်ရှိ

**ကသာ မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ထောပတ်ပဲဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၇ ဒသမ ၂၆ တင်းထွက်ရှိကြောင်း ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၃၈၈၁ ဧကထိစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ထောပတ်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ကသာမြို့နယ်တွင် ဧက ၃၈၀၊ ထီးချိုင့်မြို့နယ်တွင် ၃၅၀၁ ဧက စုစုပေါင်း ၃၈၈၁ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကသာခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ထောပတ်ပဲ ၃၈၈၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ထောပတ်ပဲခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ထောပတ်ပဲကို မိုးမှာထက် ဆောင်းမှာပဲ စိုက်ကြတာများပါတယ်။ ထောပတ်ပဲစိုက်ပျိုးမှုအနေနဲ့ကတော့ ဖြစ်ထွန်းအောင်မြင်ကြပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးစိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။


ကသာခရိုင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများက ထောပတ်ပဲကို သီးသန့်စိုက်ပျိုးကြသကဲ့သို့ တချို့တောင်သူများက အပိုဝင်ငွေရရှိစေရန်အတွက် သီးညှပ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ထောပတ်ပဲကို အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပနိုင်ငံများသို့ပါ ပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် ထောပတ်ပဲကို မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် တိုးချဲ့စိုက်ပျိုးရန် ကြိုးပမ်းသင့်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးစိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။ (၂၀၆)



# နောက်ဆက်တွဲငလျင်တွေက ဘယ်အချိန်အထိလှုပ်နေအုံးမှာလဲ

ပါမောက္ခကိုကိုအောင်




ကမ္ဘာ့တိုက်ကြီးများ တည်ရှိနေကြသော ကမ္ဘာ့ကျောက်ချပ်လွှာကြီးများအနက် အချို့သောကျောက်ချပ်လွှာများက လားရာတူသို့ ရှေးရှုရွေ့လျားလျက်ရှိနေကြသလို၊ အချို့သော ကျောက်ချပ်လွှာများက ဆန့်ကျင်ဘက်ဖြစ်သော လားရာများဆီသို့ ရှေးရှုရွေ့လျားလျက်ရှိနေကြသည်။ အချို့သောကျောက်ချပ်လွှာများကမူ မျက်နှာချင်းဆိုင်အနေအထားဖြင့် ထိပ်တိုက်ရွေ့လျားလျက်ရှိနေကြပြီး တချို့သော ကျောက်ချပ်လွှာများကမူ ကျောက်ချပ်လွှာတစ်ခုက အခြားသောကျောက်ချပ်လွှာတစ်ခုအောက်သို့ တိုးဝင်လျက်ရှိနေကြသည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၂၅ သန်း အချိန်ကာလက ကမ္ဘာ့ကျောက်ချပ်လွှာကြီးများသည် တစ်စုတစ်စည်းတည်း တည်ရှိနေခဲ့ကြရာမှ ကမ္ဘာကြီးစတင်ဖြစ်တည်စကတည်းက ထိုအချိန်ကာလအထိတိုင် အေးခဲသွားခြင်းမရှိသေးဘဲ အလွန်ပူလောင်နေကြဆဲဖြစ်သည့် ကျောက်ချော်ရည်များ၏ အထက်အောက်စုန်ချီဆန်ချီ ရွေ့လျားတွန်းကန်နေမှုကြောင့် အက်ကြောင်းများပေါ်လာကာ စတင်ကွဲအက်လာခဲ့သည်။ လွန်ခဲ့သော နှစ် ၁၃၅ သန်း အချိန်အရောက်တွင် ကျောက်ချပ်လွှာကြီးများ၏ ကွဲအက်မှုများက ပို၍ သိသာထင်ရှားလာခဲ့ပြီး လွန်ခဲ့သောနှစ် ၆၅ သန်း အချိန်ကာလအရောက်တွင်မူ ကမ္ဘာ့တိုက်ကြီးများအဖြစ် အမည်ပေးကင်ပွန်းတပ်ခြင်းကို ခံကြရမည့် ကျောက်ချပ်လွှာကြီးများသည် ကမ္ဘာ့တိုက်ကြီးများ၏ ရှေးဦးမြေပုံကို အစပြုဖြစ်ပေါ်စေခဲ့သည်။

မျက်မှောက်ကာလ၏ ကမ္ဘာ့မြေပုံကမူ ကမ္ဘာ့ကျောက်ချပ်လွှာကြီးများ၏ ရွေ့လျားတွန်းကန်ကွဲပြားသွားမှုကြောင့် သမုဒ္ဒရာရေပြင်အောက်သို့ ငုပ်လျှိုးသွားသော ကုန်းမြေအစိတ်အပိုင်းများကို ဖယ်ရှားခဲ့ပြီး သမုဒ္ဒရာရေပြင်ပေါ်သို့ တိုးထွက်ပေါ်ပေါက်လာခဲ့သည့် ကုန်းမြေအစိတ်အပိုင်းများကို ဖြည့်စွက်ကာ မွမ်းမံပြင်ဆင်ပြီး ရေးဆွဲထားခြင်းဖြစ်သည်။

ကမ္ဘာ့ကျောက်ချပ်လွှာကြီးများသည် အရပ်မျက်နှာအသီးသီးသို့ ရွေ့လျားတွန်းကန်ရင်း ကျောက်ချပ်လွှာအချင်းချင်း ထိတွေ့ပွတ်တိုက်မိခြင်း၊ မျက်နှာချင်းဆိုင်တိုက်မိခြင်း၊ ဘေးတိုက်ပွတ်ဆွဲခြင်း၊ ကျောက်ချပ်လွှာတစ်ခုက အခြားကျောက်ချပ်လွှာတစ်ခုအောက်သို့ တိုးဝင်ငုပ်လျှိုးခြင်း၊ ကျောက်ချပ်လွှာအချင်းချင်း တွန်းတိုက်ပင့်တင်ခြင်းများသည် ကမ္ဘာ့တိုက်ကြီးများဟု ခေါ်ဆိုသုံးနှုန်းနေကြသော ကမ္ဘာ့ကုန်းမြေထုကြီးများကို ပထဝီသွင်ပြင်အရ ကွဲပြားဖြစ်ပေါ်တည်ရှိနေစေခဲ့ကြသလို၊ ဘူမိသွင်ပြင်လှုပ်ရှားမှုဖြစ်သော ငလျင်ကြီးငယ် အသွယ်သွယ်တို့ကိုပါ ဖြစ်ပေါ်စေခဲ့ကြသည်။

ထိုကဲ့သို့သော ကျောက်ချပ်လွှာကြီးများ၏ တွန်းတိုက်ရွေ့လျားမှုများထဲတွင် အိန္ဒိယနိုင်ငံမှသည် ဧရာဝတီမြစ်အနောက်ဘက်ခြမ်းထိဖြစ်သော ကုန်းမြေထုကြီးပါဝင်သည့် အိန္ဒိယကျောက်ချပ်လွှာရောမအပိုင်းအစကြီးက မူလအခြေခံကျောက်ချပ်လွှာဖြစ်သော ယူရိုအေးရှကျောက်ချပ်လွှာကြီးကို တွန်းတိုက်မိမှုကြောင့် မြေမျက်နှာသွင်ပြင်များတွန့်ခေါက်ကာ ဟိမဝန္တာတောင်တန်းနှင့် ရှမ်းကုန်းပြင်မြင့် စသည်တို့ကိုဖြစ်ပေါ်လာစေခဲ့သလို Burma Microplate ဟုခေါ်ဆိုသော ကျောက်ချပ်အပိုင်းအစငယ်တစ်ခု ဖြစ်ပေါ်လာပြီး အကျိုးဆက်အဖြစ် တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်၌ ကျွန်းငယ်များ အများအပြားကို ဖြစ်ပေါ်လာစေခဲ့သည်။

မြန်မာနိုင်ငံ၏ အဓိကပြတ်ရွေ့ကြောင်းကြီးတစ်ခုဖြစ်သော စစ်ကိုင်းပြတ်ရွေ့ကြောင်းကြီးသည် အိန္ဒိယကျောက်ချပ်လွှာနှင့် ယူရိုအေးရှကျောက်ချပ်လွှာကြီးနှစ်ခု ပွတ်တိုက်မှုကြောင့် ဖြစ်ပေါ်လာသော ပြတ်ရွေ့ကြောင်းကြီးဖြစ်သည်။ အိန္ဒိယကျောက်ချပ်လွှာဘက်တွင် မကွေး၊ စစ်ကိုင်း၊ ရခိုင်နှင့် ချင်း စသောဒေသများရှိနေကြပြီး ယူရိုအေးရှကျောက်ချပ်လွှာကြီးဘက်တွင် ကရင်၊ ကယား၊ ရှမ်း၊ ကချင် စသောဒေသများက တည်ရှိနေကြသည်။

အိန္ဒိယကျောက်ချပ်လွှာကြီးနှင့် ယူရိုအေးရှကျောက်ချပ်လွှာကြီးများသည် စက္ကန့်နှင့်အမျှ ပွတ်တိုက်လျက်နေကြပြီး ပွတ်တိုက်အားခြင်း ညီမျှနေသရွေ့ကာလပတ်လုံး အဆိုပါကျောက်ချပ်လွှာများပေါ်ရှိ ကုန်းမြေဒေသများက တည်ငြိမ်နေမည်သာဖြစ်သည်။ အကယ်၍ ကျောက်ချပ်လွှာတစ်ခုခု၏ ရွေ့လျားတွန်းကန် ပွတ်တိုက်အားက ပိုများလာသည့်အခါ သို့တည်းမဟုတ် မိတ်ဖက်ကျောက်ချပ်လွှာက တောင့်ခံပွတ်တိုက်အား ကျဆင်းသွားမည်ဆိုပါက အင်အားကြီးငယ်ရှိသော ငလျင်များက ဖြစ်ပေါ်လာလိမ့်မည်ဖြစ်သည်။

အဆိုပါကျောက်ချပ်လွှာကြီးနှစ်ခုက မြန်မာနိုင်ငံအထက်ပိုင်း၌ ပွတ်တိုက်တွန်းကန်အား ခြားနားနေခဲ့လျှင် မန္တလေးနှင့် စစ်ကိုင်းဒေသများကို အခြေပြုသောငလျင်များ ဖြစ်ပေါ်လာနိုင်သလို၊ မြန်မာနိုင်ငံအောက်ပိုင်း၌ ပွတ်တိုက်တွန်းကန်အား ခြားနားနေခဲ့လျှင် ပဲခူးကိုအခြေပြုသော ငလျင်များဖြစ်ပေါ်လာနိုင်သည်။

ကမ္ဘာ့ကျောက်ချပ်လွှာကြီးများ၏ ရွေ့လျားတွန်းကန်ပွတ်တိုက်အားများ ခြားနားမှုသည် နှစ်ပေါင်း ၂၀ ကျော်မှ နှစ်ပေါင်း ၁၀၀ ဝန်းကျင်ကာလများအတွင်း တစ်ကြိမ်ဖြစ်ပေါ်လေ့ရှိသည့်အတွက် ကမ္ဘာအရပ်ရပ်ရှိ တစ်ကျော့ပြန်ငလျင်များ၏ ကြားကာလများကလည်း နှစ်ပေါင်း ၂၀ မှ နှစ်ပေါင်း ၁၀၀ အတွင်း ဖြစ်ပေါ်ခဲ့ကြသည်ကို သုတေသနပြုတွေ့ရှိရသည်။ တစ်ကျော့ပြန်ငလျင်တို့၏ ထင်ရှားသောသာဓကကို ၃၃ ကြိမ်မြောက်ပြန်လည်တည်ထားခဲ့ရသည့် ငလျင်ဒဏ်ခံ ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်ကို ဖူးမြော်မြင်တွေ့နိုင်ကြသည်။

ကျောက်ချပ်လွှာတို့၏ တွန်းကန်ပွတ်တိုက်အား ခြားနားမှု အနည်းအများအပေါ်မူတည်ပြီး မြေပြင်ပေါ်၌ လှုပ်ခတ်သော ငလျင်တို့၏လှုပ်ခတ်မှုပြင်းအားအနည်းအများကလည်း လိုက်လျောညီထွေဖြစ်ပေါ်လာရသည်။ ကျောက်ချပ်လွှာများ၏ တွန်းကန်ပွတ်တိုက်အားခြားနားမှုက ပမာဏများပြားလေ၊ ငလျင်ပြင်းအားကမြင့်လေ ဖြစ်လာရသလို၊ ၎င်းကျောက်ချပ်လွှာကြီးများက မူလအနေအထားသို့ ပြန်လည်ရောက်ရှိရန် အချိန်ကာလက ပို၍ကြာမြင့်လေဖြစ်သည်။ အပြန်အလှန် သဘောအားဖြင့်လည်း ကျောက်ချပ်လွှာများ၏တွန်းကန်ပွတ်တိုက်အားကလျော့နည်းလေ ငလျင်ပြင်းအားကလည်း လျော့နည်းလေဖြစ်ပြီး၊ ၎င်းကျောက်ချပ်လွှာကြီးများက မူလအနေအထားသို့ ပြန်လည်ရောက်ရှိရန် အချိန်ကာလက တိုတောင်းလေဖြစ်သည်။

**သာမန်အရပ်သူ၊ အရပ်သားများက ငလျင်ပြင်းအား၏ခေတ်သစ်စံနှုန်းဖြစ်သော ရစ်ချ်တာစကေး (Richter Scale) ကို ဂဏန်းစဉ်အလိုက် ယေဘုယျသဘောမျှသာ သိရှိမှတ်သားနေကြသော်လည်း ရစ်ချ်တာစကေး၏အဆင့်တစ်ခုနှင့်တစ်ခု အကြား ပြင်းအားအတိုင်းအဆ ခြားနားမှုကိုမူ နားလည်သဘောပေါက်ကြခြင်း မရှိကြသေးသည်ကို တွေ့ရှိရသည်။ ရစ်ချ်တာစကေးအဆင့် တစ်ခုနှင့် တစ်ခုသည် ပြင်းအားအတိုင်းအဆအားဖြင့် ဆယ်ဆကွာခြားသည့်အတွက် ပြင်းအားတစ်ဆင့်မြင့်သည်ဟု ထုတ်ပြန်ချက်၌ဖော်ပြတိုင်း၊ ပြင်းအားအတိုင်းအဆက ဆယ်ဆစီတိုး၍တိုး၍ ခြားနားလျက်ရှိသည်ကို သိရှိသဘောပေါက်ကြရန် လိုအပ်သည်။**

**ဥပမာပြရလျှင် ရစ်ချ်တာစကေး ၅ သည် ရစ်ချ်တာစကေး ၄ ထက် ပြင်းအားအတိုင်းအဆက ဆယ်ဆရှိပြီး ရစ်ချ်တာစကေး ၆ က ရစ်ချ်တာစကေး ၅ ထက် ပြင်းအားအတိုင်းအဆက ဆယ်ဆရှိနေသည်ကို ပြဆိုနေခြင်းဖြစ်သည်။ ဤနည်းအတိုင်းတွက်ဆကြည့်မည်ဆိုပါက ရစ်ချ်တာစကေး ၅ သည် ရစ်ချ်တာစကေး ၄ ထက် ပြင်းအားအတိုင်းအဆက ဆယ်ဆမျှသာ ရှိနေသော်လည်း၊ ရစ်ချ်တာစကေး ၆ ကမူ ရစ်ချ်စကေး ၄ ထက် ပြင်းအား အတိုင်းအဆက အဆတစ်ရာရှိနေသည်ကို သတိပြုကြရမည်ဖြစ်သည်။ ထိုနည်းအတိုင်း ဆက်၍တွက်ချက်ကြည့်မည်ဆိုပါက ရစ်ချ်တာစကေး ၇ က ရစ်ချ်တာစကေး ၄ ထက် ပြင်းအားအဆတစ်ထောင်ရှိနေသည်ကို သတိပြုဆင်ခြင်ကြရမည်ဖြစ်သည်။**

ထို့ကြောင့်ပင် ရစ်ချ်တာစကေး ၆ နှင့်အထက် (R.C.6 ++) ပြင်းအားရှိသော ငလျင်ကြီးများ လှုပ်ခတ်ပြီးသည့်အခါ အဆိုပါငလျင်ကြီးများကို ဖြစ်ပေါ်စေခဲ့သောကျောက်ချပ်လွှာကြီးများက မူလအနေအထားသို့ရောက်ရှိရန် တစ်နှစ်မှ သုံးနှစ်ခန့်အထိ ကြာမြင့်နိုင်ခြေရှိနေသည်။ သာဓကအားဖြင့် ၂၀၁၂ ခုနှစ် က ပြင်းအား ရစ်ချ်တာစကေး ၆ ဒသမ ၈ ဖြင့်လှုပ်ခတ်ခဲ့သော သပိတ်ကျင်းငလျင်ကို ဖြစ်ပေါ်စေခဲ့သည့် ကျောက်ချပ်လွှာကြီးများသည် မူလအနေအထားသို့ ပြန်လည်ရောက်ရှိရန် တစ်နှစ်ကျော်ခန့်ကြာမြင့်ခဲ့ပြီး၊ ထိုကာလအတွင်း အင်အားအသင့်အတင့်နှင့် အင်အားနည်းသော နောက်ဆက်တွဲငလျင်များက ရက်သတ္တပတ်များခြားပြီး လှုပ်ခတ်ခဲ့ကြသည်။

ထိုနည်းတူစွာပင် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက် မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ် ၁၂ စက္ကန့်က မန္တလေးမြို့၏ အရှေ့ဘက် ၁၃ မိုင်ခန့်အကွာနေရာ၏ မြေအောက်အနက် ၁၀ ကီလိုမီတာကိုဗဟိုပြု၍ လှုပ်ခတ်သွားသော ပြင်းအား ရစ်ချ်တာစကေး ၇ ဒသမ ၇ ရှိသော မန္တလေးငလျင်ကြီးကို ဖြစ်ပေါ်စေခဲ့သည့် ကျောက်ချပ်လွှာကြီးများကလည်း မူလအနေအထားသို့ ပြန်လည်ရောက်ရှိရန် တစ်နှစ်မှနှစ်နှစ်ခန့်ထိ ကြာမြင့်လိမ့်ဦးမည်ဖြစ်သည်။

သို့ဖြစ်၍ အဆိုပါ မန္တလေးငလျင်ကြီး၏ နောက်ဆက်တွဲငလျင်ကြီးတစ်ခုဖြစ်သော ၂၀၂၅ ခုနှစ် မတ် ၂၈ ရက် မွန်းလွဲ ၀၁ နာရီ ၀၂ မိနစ် ၀၉ စက္ကန့်က မိတ္ထီလာမြို့၏ အရှေ့မြောက်ဘက် ၁၀ မိုင်ခန့်အကွာနေရာ၏ မြေအောက်အနက် ၁၀ ကီလိုမီတာကိုဗဟိုပြုကာ လှုပ်ခတ်ခဲ့သော ပြင်းအား ရစ်ချ်တာစကေး ၇ ဒသမ ၅ ရှိသော ငလျင်နှင့်အတူ နောက်ဆက်တွဲနှင့် ထပ်ဆင့်နောက်ဆက်တွဲငလျင်ငယ်တို့ကလည်း ခန့်မှန်းကာလအားဖြင့် အချိန်တစ်နှစ်ကျော်ကျော်ထိ ရက်အနည်းငယ်ခြားပြီး သို့တည်းမဟုတ် ရက်သတ္တပတ်ခြားပြီး သို့တည်းမဟုတ် လအနည်းငယ်ခြားပြီး ဆက်၍ဆက်ကာ လှုပ်နေလိမ့်ဦးမည်သာဖြစ်ပေသည်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အခမဲ့ဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## မအူပင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



မြောင်းမြ ဧပြီ ၂၈

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မအူပင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်း ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မအူပင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၅၆၅၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးခဲ့သည့် ဖူးစားပြောင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဖူးစားပြောင်း ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ဖူးစားပြောင်း တစ်ဧကလျှင် အဖူးရေ ၂၀၂၆၀ ထိ ထွက်ရှိခဲ့ကြောင်း သိရသည်။

"မအူပင်မြို့နယ်မှာ ဆောင်းသီးနှံ ဖူးစားပြောင်းဧက ၂၅၀၀၀ ကျော်ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ ဖူးစားပြောင်းတွေကို ပြန်လည်ရိတ်သိမ်းနေတာ လက်ရှိမှာ ဧကအားလုံး ပြန်လည်ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ဆောင်းသီးနှံ ဖူးစားပြောင်းတွေ စိုက်ပျိုးရာမှာ ဆောလျင်စွာပြီးစီးဖို့ လျာထားချက် ပြည့်မီစေဖို့နဲ့ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ လုပ်ငန်းတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မအူပင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြသည်။

မအူပင်မြို့နယ်တွင် ဆောင်းသီးနှံများ အခက်အခဲမရှိစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ ဆက်စပ်ဌာနများနှင့် ဒေသခံတောင်သူများပေါင်းစပ်ပြီး ဆည်မြောင်းများပြုပြင်ခြင်း၊ စိုက်နည်းစနစ် မှန်ကန်စေရေးအတွက် သင်တန်းပေးခြင်း၊ အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်စေရေးအတွက် နည်းပညာပေးခြင်း စသည့် လုပ်ငန်းများကို ဆောင်းသီးနှံများ မစိုက်ပျိုးမီ ကြိုတင်စီမံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

## နတ်မောက်မြို့နယ် မျက်ရဲကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

နတ်မောက် ဧပြီ ၂၈

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာမှန်ကျေးရွာအုပ်စု မျက်ရဲကန်ကျေးရွာ၌ ၁၁ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်းသိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးက မျက်ရဲကန်ကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများထားရှိရမည့်ကျေးရွာစိတ်ဓာတ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်း စက်ဝန်းကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်ဦးစီးမှူးက မျက်ရဲကန်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၈၁ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များက မျက်ရဲကန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၈၁ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကိုညို

## လမြတ်ကဆုန်

– ဝိသာခါ စန်းနက္ခတ်
ရက်စုံသတ် လမြတ်ပါ၊
ဖွား ပွင့် စံ မှတ်သားရ
ဇာတက ရှိရာ၊
နိယတ ဗျာဒိတ်မဟာ
ခံယူကာ တည်ရှိ၊
ပွင့်စုံညီ စံကားပန်းရယ်
တင့်ဆန်းပါ၏။

– တံငါတာရာ ထွန်းပကြောင်း
နဂါးဦးခေါင်း အနောက်မြောက်ရယ်၊
မွန်းတည့်ချိန် နှစ်ဖဝါး
လှုပ်ရှားသိဖွယ်၊
ဇောခိမြတ် ညောင်ပင်ဝယ်
ရေသွန်းတယ် ကုသိုလ်ပြု၊
လ ကဆုန် အသွင်ထူးတယ်
ကြည်နူးသာခု။

– စတုဒိသာ ကျေးမွေးကြ
ကဆုန်လ မွန်မြတ်တည်၊
ရပ်ရှစ်ခွင် မိုးရိပ်သန်း
လွှမ်းခြုံလေပြီ၊
ထူးမြတ်သည့် ပြဿရာသီ
အလောင်းတော်သည် ဖွားမြင်လ၊
ဘုရားရှင် သစ္စာလေးပါးကို
ဟောကြားမြွက်ဟ။ ။

ရွှေမြိုင်သူ(မြန်မာစာ)

ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



# နိုင်ငံတကာ သတင်းများ

## သမ္မတရှီကျင့်ဖျင် ရှန်ဟိုင်းမြို့သို့ သွားရောက်ဖွယ်ရှိ

**ပေကျင်း ဧပြီ ၂၈**

သမ္မတရှီကျင့်ဖျင်သည် တရုတ်နိုင်ငံ၏ဘဏ္ဍာရေးဗဟိုချက်ဖြစ်သော ရှန်ဟိုင်းမြို့သို့ ယခုရက်သတ္တပတ်အတွင်း သွားရောက်ရန် စီစဉ်ထားကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံနှင့်ဖြစ်ပွားနေသည့် ကုန်သွယ်ရေးစစ်ပွဲကြောင့် တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းအတွက် ပြဿနာများ ရှိလာနိုင်ချိန်တွင် ရှန်ဟိုင်းမြို့သို့ သွားရောက်ရန် သမ္မတရှီကျင့်ဖျင်က စီစဉ်ထားခြင်းဖြစ်သည်။

သမ္မတရှီကျင့်ဖျင့်သည် ရှန်ဟိုင်းမြို့သို့ ၂၀၂၃ ခုနှစ် နိုင်ဝင်ဘာလတွင် နောက်ဆုံးတစ်ကြိမ်သွားရောက်ခဲ့ဖူးသည်။

ရှန်ဟိုင်းမြို့ကို နိုင်ငံတကာဘဏ္ဍာရေးဗဟိုချက်အဖြစ် ပြောင်းလဲတည်ဆောက်ရန်၊ နည်းပညာကဏ္ဍ၌ ဦးဆောင်သူအဖြစ် ရပ်တည်ရန် အဆိုပါခရီးစဉ်အတွင်း သမ္မတရှီကျင့်ဖျင်က တိုက်တွန်းခဲ့သည်။

ရှန်ဟိုင်းမြို့သည် ယန်စီမြစ်စီးပွားရေးရပ်ဝန်းခေါ် စီးပွားရေးနယ်မြေ၌ အခြားပြည်နယ် ၁၀ ခုတို့နှင့်အတူ ပါဝင်နေသည့်မြို့ကြီးဖြစ်ကြောင်း သိရသည်။

ယန်စီမြစ်စီးပွားရေးရပ်ဝန်းသည် တရုတ်နိုင်ငံ၏ နှစ်စဉ်ပြည်တွင်း စီးပွားရေးထုတ်လုပ်မှုတန်ဖိုးစုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းခန့်ကို ကိုယ်စားပြုသည့် စီးပွားရေးရပ်ဝန်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ပုပ်ရဟန်းမင်းကြီးသစ်ရွေးချယ်ပွဲကို မေ ၇ ရက်တွင် စတင်ကျင်းပမည်



**ဗာတီကန်စီးတီး ဧပြီ ၂၈**

ရိုမန်ကတ်သလစ် ခရစ်ယာန်သာသနာပိုင် ပုပ်ရဟန်းမင်းကြီး ဖရန်စစ် ကွယ်လွန်ပြီးနောက် ပုပ်ရဟန်းမင်းကြီးသစ်ရွေးချယ်ပွဲကို လာမည့် မေ ၇ ရက်တွင် ကျင်းပရန် ဗာတီကန်နန်းတော် တာဝန်ရှိသူများက စီစဉ်ထားကြောင်း ယနေ့သတင်းများတွင်ဖော်ပြထားသည်။

ဗာတီကန်နန်းတော်၌ ယနေ့ကျင်းပခဲ့သည့် ဆွေးနွေးပွဲတွင် ပုပ်ရဟန်းမင်းကြီးသစ် ရွေးချယ်ပွဲကို လာမည့် မေ ၇ ရက်တွင်ကျင်းပရန် ကာဒီနယ်ဘုန်းတော်ကြီးများက ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ပုပ်ရဟန်းမင်းကြီးသစ်ရွေးချယ်ပွဲကို ဗာတီကန်စီးတီးရှိ ၁၅ ရာစုခေတ်လက်ရာ စစ္စတိုင်းဘုရားကျောင်း၌ ကျင်းပမည်ဖြစ်သည်။

လက်ရှိအချိန်တွင် ပုပ်ရဟန်းမင်းကြီးသစ်ရွေးချယ်ပွဲကျင်းပမည့် စစ္စတိုင်းဘုရားကျောင်းကို ဧပြီ ၂၇ ရက်မှစ၍ ဘုရားဖူးဧည့်သည်များ ဝင်ရောက်ခွင့်ကို ပိတ်ပင်ထားပြီးဖြစ်သည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ရုတ်တရုတ်နှလုံးရပ်တန့်မှုနှင့် လေဖြတ်မှုတို့ကြောင့် ဧပြီ ၂၁ ရက်တွင် ကွယ်လွန်ခဲ့ရာ ဈာပနအခမ်းအနားကို ဧပြီ ၂၆ ရက်တွင် ကျင်းပခဲ့သည်။

ပုပ်ရဟန်းမင်းကြီးသစ် ရွေးချယ်ပွဲတွင် ကမ္ဘာတစ်ဝန်းမှ ကာဒီနယ်ဆရာတော် ၁၃၅ ပါးတို့က လျှို့ဝှက်မဲပေး၍ ပုပ်ရဟန်းမင်းကြီးသစ်ကိုရွေးချယ်ကြမည်ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

## အိန္ဒိယနှင့် ပါကစ္စတန်တပ်ဖွဲ့ဝင်များ ကတ်ရှ်မီးယား၌ အပြန်အလှန်ပစ်ခတ်



**ဒေလီ ဧပြီ ၂၈**

အိန္ဒိယနှင့် ပါကစ္စတန်တပ်ဖွဲ့ဝင်များသည် ပိုင်ဆိုင်ခွင့်အငြင်းပွားကတ်ရှ်မီးယားနယ်စပ်တစ်လျှောက်၌ ဧပြီ ၂၇ ရက်တွင် စတုတ္ထနေ့အဖြစ် အပြန်အလှန်ပစ်ခတ်မှုများ ဆက်လက်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ ထိန်းချုပ်မှုအောက်ရှိ ကတ်ရှ်မီးယားဒေသ၌ ဧပြီ ၂၂ ရက်က အကြမ်းဖက်တိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားခဲ့ပြီးနောက် နှစ်နိုင်ငံအကြား ဆက်ဆံရေးတင်းမာနေစဉ် ကတ်ရှ်မီးယားနယ်စပ်တစ်လျှောက် အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားနေခြင်းဖြစ်သည်။

ပါဟယ်ဂမ်အမည်ရှိမြို့တစ်မြို့အနီး ဖြစ်ပွားခဲ့သော ဧပြီ ၂၂ ရက် အကြမ်းဖက်တိုက်ခိုက်မှုအတွင်း စစ်သွေးကြွအဖြစ် ယူဆရသူများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် အမျိုးသား ၂၆ ဦးသေဆုံး၍ ၁၇ ဦး ဒဏ်ရာများရရှိခဲ့သည်။

အဆိုပါ တိုက်ခိုက်မှုကို ပါကစ္စတန်နိုင်ငံသားများပါဝင်နေသော နယ်စည်းကျော် အကြမ်းဖက်မှုအဖြစ် အိန္ဒိယအစိုးရက ကြေညာခဲ့ပြီး ပါကစ္စတန်နိုင်ငံအပေါ် သံတမန်ရေးအရ အရေးယူမှုများ ပြုလုပ်ခဲ့ရာ နှစ်နိုင်ငံဆက်ဆံရေး ဆိုးရွားစွာကျဆင်းခဲ့ရသည်။

သို့ရာတွင် အိန္ဒိယအစိုးရ၏ အဆိုပါစွပ်စွဲချက်ကို ပါကစ္စတန်နိုင်ငံက ငြင်းပယ်ထားပြီး ဧပြီ ၂၂ ရက် အကြမ်းဖက်တိုက်ခိုက်မှုကို နိုင်ငံတကာစုံစမ်းစစ်ဆေးမှုပြုလုပ်ရန် တောင်းဆိုထားသည်။

ပါကစ္စတန်နှင့် အိန္ဒိယတို့သည် ဗြိတိန်လက်အောက်မှ လွတ်လပ်ရေးရပြီးနောက်ပိုင်း စစ်ပွဲ သုံးကြိမ်ဖြစ်ပွားခဲ့ရာ နှစ်ကြိမ်မှာ ကတ်ရှ်မီးယားဒေသအတွက် ဖြစ်ပွားခဲ့သည့် စစ်ပွဲများဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ရာဖေးလ်အမျိုးအစားတိုက်လေယာဉ် ၂၆ စင်း ဝယ်ယူရေးသဘောတူညီချက် အိန္ဒိယနှင့် ပြင်သစ်နိုင်ငံတို့ လက်မှတ်ရေးထိုး

**ဒေလီ ဧပြီ ၂၈**

ရူပီးငွေ ဘီလီယံ ၆၃၀(အမေရိကန်ဒေါ်လာ ၇ ဒသမ ၄၁ ဘီလီယံ) တန်ဖိုးရှိ ပြင်သစ်နိုင်ငံထုတ် ရာဖေးလ်တိုက်လေယာဉ် ၂၆ စင်း ဝယ်ယူရေး သဘောတူညီချက်ကို အိန္ဒိယနှင့် ပြင်သစ်နိုင်ငံတို့က ယနေ့တွင် လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။



ပြင်သစ်နိုင်ငံထုတ် ရာဖေးလ်တိုက်လေယာဉ်များကို အိန္ဒိယရေတပ်အတွက် ဝယ်ယူရေးအစီအစဉ်ကို အိန္ဒိယအစိုးရ လုံခြုံရေးကတ်ဘိနက်အဖွဲ့က ယခုလအစောပိုင်းတွင် သဘောတူထားပြီးဖြစ်သည်။

အိန္ဒိယလေတပ်သည် လက်ရှိတွင် ရာဖေးလ်တိုက်လေယာဉ် ၃၆ စင်းထိ ပိုင်ဆိုင်ထားသော်လည်း အိန္ဒိယရေတပ်ကမူ အမ်အိုင်ဂျီ-၂၉ တိုက်လေယာဉ်ကိုသာ အားပြုသုံးစွဲနေရသည်။

အိန္ဒိယနိုင်ငံ အနေဖြင့် လက်နက်ကိုင်တပ်များခေတ်မီရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရန်ကြိုးစားနေစဉ် ပြင်သစ်နိုင်ငံထုတ် ရာဖေးလ်တိုက်လေယာဉ်များကို ရေတပ်အတွက်ဝယ်ယူရန် စီစဉ်ထားခြင်းဖြစ်သည်။

တစ်ချိန်တည်းမှာပင် အိန္ဒိယနိုင်ငံသည် ရုရှားလက်နက်များအပေါ် အားပြုမှီခိုနေရမှုကို လျှော့ချနေပြီး ပြည်တွင်း၌ လက်နက်များထုတ်လုပ်မှုကိုလည်း မြှင့်တင်လျက်ရှိသည်။

အိန္ဒိယနိုင်ငံသည် မိုင်ရိတ်ချ် အမျိုးအစား တိုက်လေယာဉ်များ အပါအဝင် ပြင်သစ်ထုတ်စစ်လက်နက်များကို ၁၉၈၀ ပြည့်နှစ်ကပင် ဝယ်ယူခဲ့သော နိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

## ရုရှားနိုင်ငံက ဆိပ်ကမ်းမီးလောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့သော အီရန်နိုင်ငံသို့ အရေးပေါ်ကူညီရေးလေယာဉ်များ စေလွှတ်ထား



**မော်စကို ဧပြီ ၂၈**

အီရန်နိုင်ငံ၌ ရှာဟစ်ရာဂျား ဆိပ်ကမ်း ပေါက်ကွဲမီးလောင်မှုဖြစ်ပွားခဲ့ပြီးနောက် လိုအပ်သည့် အကူအညီများပေးရန် ရုရှားနိုင်ငံက အရေးပေါ်လေယာဉ်များ အီရန်နိုင်ငံသို့ စေလွှတ်ထားကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

သမ္မတပူတင်၏ ညွှန်ကြားချက်အရ ဆိပ်ကမ်းပေါက်ကွဲမီးလောင်မှုဖြစ်ပွားခဲ့သည့် အီရန်နိုင်ငံသို့ အရေးပေါ် ကူညီကယ်ဆယ်ရေး လေယာဉ်များကို စေလွှတ်ထားကြောင်း ရုရှားအစိုးရတာဝန်ရှိသူများက ဧပြီ ၂၇ ရက်တွင် ထုတ်ဖော်ပြောကြားထားသည်။

အီရန်နိုင်ငံတောင်ပိုင်း ဟော်မော့လ်ဂန်ပြည်နယ်၌ တည်ရှိသော ရှာဟစ်ရာဂျား ဆိပ်ကမ်း၌ ဧပြီ ၂၆ ရက်က ပြင်းထန်သည့် ပေါက်ကွဲမှုနှင့် မီးလောင်မှုတို့ဖြစ်ပွားခဲ့သည်။

ဆိပ်ကမ်းပေါက်ကွဲမီးလောင်မှုကြောင့် ဧပြီ ၂၇ ရက်ထိ သေဆုံးသူဦးရေ ၄၀ နှင့် ဒဏ်ရာရရှိသူ ဦးရေ ၁၀၀၀ ခန့်ရှိလာကြောင်း အီရန်တာဝန်ရှိသူများက ပြောကြားထားသည်။

ထို့ပြင် ပေါက်ကွဲမီးလောင်မှုကြောင့် ရှာဟစ်ရာဂျားဆိပ်ကမ်းရှိ အဆောက်အအုံများ၊ ကုန်တင်ကားများနှင့် ကုန်သေတ္တာများလည်း အကြီးအကျယ်ပျက်စီးခဲ့ရသည်။

ရှာဟစ်ရာဂျား ဆိပ်ကမ်း၌ ပေါက်ကွဲ မီးလောင်မှုကြောင့် သေဆုံး၊ ဒဏ်ရာရသူများအတွက် စိတ်မကောင်းဖြစ်ရကြောင်း ရုရှားသမ္မတပူတင်က ပြောကြားထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## ကမ္ဘာဂြိုဟ်ကိုလှည့်ပတ်ပျံသန်းနေသည့် ဆိုဗီယက်ခေတ်အာကာသယာဉ်တစ်စီး လာမည့်လတွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်လာနိုင်



ဝါရှင်တန် ဧပြီ ၂၈

ကမ္ဘာဂြိုဟ်ကို ၅၃ နှစ်ကြာ လှည့်ပတ်ပျံသန်းနေသည့် ဆိုဗီယက်ခေတ် အာကာသယာဉ်တစ်စီးသည် လာမည့်လတွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်လာနိုင်ကြောင်း ဧပြီ ၂၇ ရက် သတင်းများအရ သိရသည်။

ကော့စမော့စ် ၄၈၂ အမည်ရှိ အထက်ပါ အာကာသယာဉ်ကို ၁၉၇၂ ခုနှစ် မတ် ၃၁ ရက်တွင် သောကြာဂြိုဟ်လေ့လာရေးမစ်ရှင်အတွက် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သို့ရာတွင် အဆိုပါအာကာသယာဉ်သည် ဒုံးအင်ဂျင်ပြဿနာ တစ်ရပ်ကြောင့် ကမ္ဘာ့ပတ်လမ်းမှ ခွာထွက်နိုင်မှုမရှိခဲ့ဘဲ ကမ္ဘာဂြိုဟ်ကို ဆက်လက်လှည့်ပတ် ပျံသန်းနေခဲ့ရသည်။ ကော့စမော့စ် ၄၈၂ အာကာသယာဉ်သည် ကမ္ဘာဂြိုဟ်ကို ၅၃ နှစ်ကြာ လှည့်ပတ်ခဲ့ပြီးနောက် လာမည့် မေ ၈ ရက်နှင့် ၁၁ ရက်ကြားတွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်မည်ဖြစ်သည်ဟု အမေရိကန်သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

သို့ရာတွင် ကော့စမော့စ် ၄၈၂ အာကာသယာဉ်အနေဖြင့် လူနေထူထပ်သည့်နေရာများနှင့် ကုန်းတွင်းပိုင်းနေရာများရှိ လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်နိုင်ခြေမရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ကော့စမော့စ် ၄၈၂ အာကာသယာဉ် လေထုလွှာအတွင်းပြန်လည်ဝင်ရောက်မည့်နေရာအတိအကျကို လက်ရှိတွင်တွက်ချက်၍မရနိုင်သေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## ဗြိတိန်နိုင်ငံ ဘုရင့်ကောလိပ်မှ သိပ္ပံပညာရှင်များက ဓာတ်ခွဲခန်းအတွင်း လူ့သွားများဖန်တီးမွေးမြူနိုင်သောနည်းလမ်းကို ရှာဖွေတွေ့ရှိထား

လန်ဒန် ဧပြီ ၂၈

ဗြိတိန်နိုင်ငံ ဘုရင့်ကောလိပ်မှ သိပ္ပံပညာရှင်များသည် ဓာတ်ခွဲခန်းအတွင်း လူ့သွားများ ဖန်တီးမွေးမြူနိုင်သော နည်းလမ်းကို ရှာဖွေတွေ့ရှိထားကြောင်း ဧပြီ ၂၇ ရက် သတင်းများအရ သိရသည်။

ဗြိတိန်သိပ္ပံပညာရှင်များသည် ဓာတ်ခွဲခန်းအတွင်း သွားများဖန်တီးမွေးမြူရေးအတွက် လိုအပ်သော နောက်ခံအခြေအနေများကို အောင်မြင်စွာ ဖန်တီးနိုင်ခဲ့ကြောင်း သိရသည်။

ဗြိတိန်သိပ္ပံပညာရှင်များသည် သွားဆဲလ်များအဖြစ် စတင်အသွင်ပြောင်းလဲရေးအတွက် ဆဲလ်များ တစ်ခုနှင့်တစ်ခု ဆက်သွယ်အချက်ပေးနိုင်သော နည်းလမ်းကိုဖော်ထုတ်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ထိုကဲ့သို့ သွားများစတင်ဖွဲ့စည်းဖြစ်ပေါ်မှုဆိုင်ရာ သဘာဝအခြေအနေများကို တုပနိုင်ခြင်းဖြင့် ဓာတ်ခွဲခန်းအတွင်း လက်တွေ့ဖန်တီးမွေးမြူရေးအတွက် ခြေတစ်လှမ်းနီးကပ်လာပြီဖြစ်ကြောင်း ဗြိတိန် သိပ္ပံပညာရှင်များက ပြောကြားသည်။



ဓာတ်ခွဲခန်းအတွင်း ဖန်တီးမွေးမြူထားသည့် သွားများကို သွားတိုက်ခြင်း၊ သွားအခေါင်းပေါက်ဖာခြင်း စသည့်နေရာများ၌ အသုံးချနိုင်မည်ဖြစ်ကြောင်း သိရသည်။

အလားတူ ဇီဝအင်ဂျင်နီယာနည်းပညာဖြင့် ဓာတ်ခွဲခန်းအတွင်း ဖန်တီးထားသော သွားများသည် သွား၏သဘာဝလုပ်ငန်းစဉ်များကို အပြည့်အဝ ထိန်းထားနိုင်ဖွယ်ရှိကြောင်း ဗြိတိန်သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO

## နာဆာသိပ္ပံပညာရှင်များက ယခုလအတွင်းပေါ်ခဲ့သည့်နက္ခတ္တတာရာဖြစ်စဉ်တစ်ရပ်ကြောင့် ယူရေနတ်ဂြိုဟ်၏ လေထုလွှာနှင့်ခါးပတ်ကွင်းများကို လေ့လာစူးစမ်းနိုင်ခဲ့

ဝါရှင်တန် ဧပြီ ၂၈

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေး အေဂျင်စီ(နာဆာ)သိပ္ပံပညာရှင်များသည် ယခုလအတွင်း ပေါ်ခဲ့သည့်နက္ခတ္တတာရာဖြစ်စဉ်တစ်ရပ်ကြောင့် ယူရေနတ်ဂြိုဟ်၏ လေထုလွှာနှင့် ခါးပတ်ကွင်းများကို လေ့လာစူးစမ်းနိုင်ခဲ့ကြောင်း ဧပြီ ၂၇ ရက်သတင်းများအရ သိရသည်။

ယူရေနတ်ဂြိုဟ်သည် ယခုနှစ် ဧပြီ ၇ ရက်တွင် ကမ္ဘာဂြိုဟ်နှင့် ဝေးလံသည့် ကြယ်တစ်စင်းကြား ဖြတ်ကျော်ပျံသန်းခဲ့ရာ တစ်နာရီခန့်ကြာမြင့်ခဲ့သော ထိုဖြစ်စဉ်အတွင်း နာဆာသိပ္ပံပညာရှင်များသည် ယူရေနတ်ဂြိုဟ်၏လေထုလွှာနှင့် ခါးပတ်ကွင်းများကို လေ့လာနိုင်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာဂြိုဟ်နှင့်အဝေးမှ ကြယ်တစ်စင်းကြား ယူရေနတ်ဂြိုဟ်ဝင်ရောက်ချိန်တွင် နာဆာသိပ္ပံပညာရှင်များ ဦးဆောင်သည့် နိုင်ငံတကာသိပ္ပံပညာရှင်ဦးရေ ၃၀ ကျော်သည် မြေပြင်အခြေစိုက် ရေဒီယိုတယ်လီစကုပ် ၁၈ ခုဖြင့် ယူရေနတ်ဂြိုဟ်၏ အချက်အလက်များကိုရယူနိုင်ခဲ့ပြီး ကမ္ဘာဂြိုဟ်နှင့်အဝေးမှကြယ်တစ်စင်းကြား ယူရေနတ်ဂြိုဟ် ဖြတ်သန်းဝင်ရောက်မှုသည် ၁၉၉၆ ခုနှစ်တွင် နောက်ဆုံးတစ်ကြိမ် ပေါ်ပေါက်ခဲ့သည်။

လက်ရှိအချိန်တွင် ကမ္ဘာဂြိုဟ်နှင့်မိုင်ပေါင်း နှစ်ဘီလီယံခန့်အကွာတွင်ရှိနေသော ယူရေနတ်ဂြိုဟ်သည် မာကျောသည့်မျက်နှာပြင်မျိုး ပိုင်ဆိုင်ထားခြင်းမရှိကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# HEALTH

## အသက်နှစ်နှစ်မပြည့်မီ ပဋိဇီဝဆေးသုံးစွဲခဲ့ရသော ကလေးများ အသက် ၁၂ နှစ်အရွယ်တွင် အဝလွန်နိုင်ခြေ မြင့်မားလာနိုင်

ဟယ်လ်ဆင်ကီး ဧပြီ ၂၈

အသက်နှစ်နှစ်မပြည့်မီ ပဋိဇီဝဆေး သုံးစွဲခဲ့ရသော ကလေးများ အသက် ၁၂ နှစ်အရွယ်တွင် အဝလွန်နိုင်ခြေ မြင့်မားလာနိုင်သည်ဟု သုတေသနပညာရှင်များက ဧပြီ ၂၇ ရက်တွင် ပြောကြားကြောင်း သိရသည်။

ဖင်လန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အသက် နှစ်နှစ်မတိုင်မီ ပဋိဇီဝဆေးသုံးစွဲခဲ့ကြသော ကလေးများသည် မသုံးစွဲသူကလေးများနှင့်နှိုင်းယှဉ်ပါက အသက် ၁၂ နှစ်အရွယ်တွင် အဝလွန်နိုင်ခြေ ၂၀ ရာခိုင်နှုန်း ပိုမြင့်မားကြောင်း သိရသည်။

သို့ဖြစ်ရာ ဆရာဝန်များအနေဖြင့် ကလေးများကို ပဋိဇီဝဆေးများမလိုအပ်ဘဲမပေးရန် သတိထားသင့်ကြောင်း ဖင်လန်သုတေသနပညာရှင်များက ပြောကြားသည်။

အထူးသဖြင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများအတွက် အသုံးပြုသည့် ပဋိဇီဝဆေးများကို ပေးရာတွင် အထူးသတိထားရန် လိုသည်ဟု ဖင်လန် သုတေသနပညာရှင်များက အကြံပြုထားကြောင်း သိရသည်။

ကမ္ဘာပေါ်၌ အသက် ၁၄ နှစ်အောက် ကလေးသန်းပေါင်းများစွာတို့မှာ ပဋိဇီဝဆေးများကို သုံးစွဲနေကြရကြောင်း ဖင်လန် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ဖင်လန် သုတေသနပညာရှင်များသည် ကလေး ၃၃၀၉၅ ဦးတို့၏ ဆေးဝါးသုံးစွဲမှုမှတ်တမ်းများကို လေ့လာခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## အသည်းအဆီဖုံးရောဂါဖြစ်နိုင်ခြေ ရှိ၊ မရှိ သွေးစစ်နည်းတစ်မျိုးဖြင့် ကြိုတင်ခန့်မှန်းနိုင်

ပေကျင်း ဧပြီ ၂၈

သွေးစစ်နည်း ပုံစံတစ်မျိုးဖြင့် အသည်းအဆီဖုံးရောဂါဖြစ်နိုင်ခြေ ရှိမရှိကိုရောဂါလက္ခဏာများမပေါ်မီကြိုတင်ခန့်မှန်းထားနိုင်ကြောင်း ဧပြီ ၂၇ ရက် သတင်းများအရ သိရသည်။


အဆိုပါ သွေးစစ်နည်းသည် ပရိုတင်းငါးမျိုးကို ရှာဖွေတိုင်းတာပေးခြင်းဖြင့် အသည်းအဆီဖုံး ရောဂါဖြစ်နိုင်ခြေရှိ၊ မရှိကို တိကျစွာ ထောက်လှမ်းပေးနိုင်ကြောင်း တရုတ်သုတေသန ပညာရှင်များက ပြောကြားသည်။

တရုတ် သုတေသနပညာရှင်များ၏ လက်တွေ့စမ်းသပ်မှုများအရ ပရိုတင်းငါးမျိုး သွေးစစ်နည်းသည် အသည်းအဆီဖုံးရောဂါဖြစ်နိုင်ခြေကို ရောဂါလက္ခဏာမပေါ်မီ ငါးနှစ်အလိုတွင် ၈၄ ရာခိုင်နှုန်း တိကျစွာ ခန့်မှန်းနိုင်ကြောင်း သိရသည်။

တရုတ် သုတေသနပညာရှင်များသည် လူပေါင်း ၅၀၀၀ ထံမှ ရယူထားသည့် သွေးနမူနာများထဲမှ သွေးပရိုတင်းအမျိုးအစား ၂၇၀၀၀ ကျော်ကို လေ့လာခဲ့ရာ ငါးမျိုးမှာ အသည်းအဆီဖုံးရောဂါ၏ ရှေ့ပြေးလက္ခဏာများဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

အသည်းအဆီဖုံးရောဂါသည် ကိုယ်တွင်းအဆီများ စတင်စုစည်းချိန်တွင် ဖြစ်ပွားတတ်သည့် ရောဂါဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# Chevron Championship ပြိုင်ပွဲ ချန်ပီယံဆုကို ဆိုင်ဂို ဆွတ်ခူးရရှိ

**တက္ကဆက် မေ ၂၈**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် ကျင်းပခဲ့သည့် Chevron Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဂျပန်ဂေါက်သီးရိုက်မယ်ဆိုင်ဂိုက ချန်ပီယံဆုဆွတ်ခူးရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ပြိုင်ပွဲနောက်ဆုံးနေ့အပြီးတွင် ဆိုင်ဂိုအပါအဝင် တောင်ကိုရီးယားဂေါက်သီးရိုက်မယ် ကင်မ်ဟိုဂျို၊ တရုတ်ဂေါက်သီးရိုက်မယ် ရှုနင်ယင်၊ ထိုင်းဂေါက်သီးရိုက်မယ် ဂျူတာနူဂန်နှင့် အမေရိကန်ဂေါက်သီးရိုက်မယ် ဒွန်ကန်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်ခွင့်ရခဲ့ကြပြီး ချန်ပီယံအဆုံးအဖြတ်အတွက် Play-off ဆက်လက်ယှဉ်ပြိုင်ခဲ့ရာ ဆိုင်ဂိုကအနိုင်ရရှိခဲ့ပြီး ကစားသမားဘဝ ပထမဆုံး LPGA Tour ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။

ဆိုင်ဂိုက "ပထမနေ့ကနေစတင်ပြီး နောက်ဆုံးနေ့ထိ ပြိုင်ပွဲက အရမ်းကိုအကြိတ်အနယ်ရှိခဲ့ပါတယ်။ အရမ်းလဲ စိတ်လှုပ်ရှားရတယ်။ ချန်ပီယံဆုကိုဆွတ်ခူးနိုင်ဖို့ အခွင့်အရေးကောင်းတွေပိုင်ဆိုင်ခဲ့တဲ့ ပြိုင်ပွဲဝင်တွေကလဲ များနေတော့ ချန်ပီယံဆုကိုဘယ်သူဆွတ်ခူးနိုင်မလဲဆိုတာကို ခန့်မှန်းရခက်ခဲ့ပါတယ်။ Play-off အဆင့်ကို ငါးယောက်ထိ ယှဉ်ပြိုင်ကစားခဲ့ရတာ Chevron Championship ဂေါက်သီးရိုက်ပြိုင်ပွဲ သမိုင်းမှာ ပထမဆုံးအကြိမ်လို့လဲသိရတယ်။ ဒီလိုခက်ခဲတဲ့နှစ်မှာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ အမှန်တိုင်းဝန်ခံရရင်တော့ နောက်ဆုံးနေ့မှာ တော်တော်လေးကို စိတ်လှုပ်ရှားမိတယ်။ စိတ်ကိုအတည်ငြိမ်ဆုံးထားပြီးတော့ ရလဒ်ကောင်းဖို့ ကြိုးစားခဲ့တာ ဘဝရဲ့ပထမဆုံး ဆုဖလားကို ကိုင်မြှောက်ခွင့်ရခဲ့ပြီဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL



# အက်ဖ်အေဖလား ဗိုလ်လုပွဲတွင် မန်စီးတီးအသင်းနှင့် ပဲလေ့စ်အသင်းတို့ တွေ့ဆုံ



**လန်ဒန် မေ ၂၈**

အက်ဖ်အေဖလား ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် နော်တင်ဟမ်အသင်းနှင့် မန်စီးတီးအသင်းတို့ ကစားခဲ့ရာ မန်စီးတီးအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် ဗိုလ်လုပွဲသို့တက်ရောက်ခဲ့ပြီး ပဲလေ့စ်အသင်းနှင့်ထိပ်တိုက်တွေ့ဆုံခဲ့ကြောင်း သိရသည်။

နည်းပြဂွါဒီယိုလာ၏ မန်စီးတီးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်ကောင်းရရှိရန် ရုန်းကန်ခဲ့ရပြီး အမှတ်ပေးပြိုင်ပွဲတွင် ချန်ပီယံဆုကိုကာကွယ်နိုင်ရန် မဖြစ်နိုင်တော့သဖြင့် ချန်ပီယံလိဂ်ဝင်ခွင့် သေချာရန်အတွက်သာ ကြိုးပမ်းနေရကာ ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ရှုံးထွက်အဆင့်မှ ထွက်ခွာခဲ့ရသဖြင့် အက်ဖ်အေဖလားပြိုင်ပွဲ၌သာ ဆုဖလားရရှိရန် အခွင့်အရေးရှိနေသောကြောင့် နော်တင်ဟမ်အသင်းနှင့် ပွဲစဉ်တွင် အစွမ်းကုန်ကြိုးပမ်းခဲ့ရာ နှစ်ဂိုး ဂိုးမရှိဖြင့် နိုင်ပွဲရခဲ့ကာ ဗိုလ်လုပွဲတွင် ပဲလေ့စ်အသင်းနှင့် တွေ့ဆုံနေပြီး အဆိုပါပွဲစဉ်ကို လာမည့် မေ ၁၇ ရက်တွင် ဝင်ဘာလေကွင်း၌ ကျင်းပသွားမည် ဖြစ်သည်။

မန်စီးတီးအသင်းသည် နော်တင်ဟမ်အသင်းကို နိုင်ပွဲရခဲ့ပြီးနောက် အက်ဖ်အေဖလားပြိုင်ပွဲတွင် သုံးနှစ်ဆက်တိုက် ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘောလုံးရာသီတွင် ဆုဖလားရယူနိုင်ခဲ့သော်လည်း ပြီးခဲ့သည့်ဘောလုံးရာသီက မန်ယူအသင်းကို ရှုံးနိမ့်ခဲ့ရာ ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရသဖြင့် ယခုနှစ်တွင် ဆုဖလားရရှိရေး ပစ်မှတ်ထားနေကြောင်း သိရသည်။

မန်စီးတီးအသင်းအနေဖြင့် ယခုနှစ်ဘောလုံးရာသီတွင် ပုံစံကောင်းပျောက်ဆုံးခဲ့သော်လည်း အက်ဖ်အေဖလား ပြိုင်ပွဲတွင် ဆဲလ်ဖို့၊ လေတန်၊ ဘုန်းမောက်၊ နော်တင်ဟမ်တို့နှင့် တွေ့ဆုံခဲ့သောကြောင့် ပွဲစဉ်ချောင်ခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ကာ ဆုဖလားတစ်လုံးရယူနိုင်ရန် အခွင့်အရေးရှိနေကြောင်း သိရသည်။

Ref : Espn

Trs : ML

# ပရီးမီးယားလိဂ်ပြိုင်ပွဲ ဂိုးသွင်းအများဆုံး ပြည်ပကစားသမားအဖြစ် ဆာလာဟ်မှတ်တမ်းဝင်

**လန်ဒန် မေ ၂၈**

လီဗာပူးအသင်းက စပါးအသင်းကို ငါးဂိုး တစ်ဂိုးဖြင့်အနိုင်ရခဲ့သည့်ပွဲစဉ်တွင် တိုက်စစ်မှူး ဆာလာဟ်က အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပြည်ပကစားသမားများထဲ၌ ဂိုးအများဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

ယခင်က မန်စီးတီးအသင်း တိုက်စစ်မှူးဟောင်း အဂူရိုက ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် သွင်းဂိုး ၁၈၄ ဂိုးဖြင့် ဂိုးသွင်းအများဆုံး ပြည်ပကစားသမားအဖြစ်ရပ်တည်နေသော်လည်း စပါးအသင်းနှင့် ပွဲစဉ်တွင် တိုက်စစ်မှူး ဆာလာဟ်က အသင်းအတွက် သွင်းဂိုး တစ်ဂိုးရရှိခဲ့ပြီးနောက် သွင်းဂိုး ၁၈၆ ဂိုးဖြင့် အဂူရို၏စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် စပါးအသင်းက ပွဲချိန် ၁၂ မိနစ်တွင် အဖွင့်ဂိုး စတင်သွင်းယူနိုင်ခဲ့သော်လည်း လီဗာပူးအသင်း၏ တိုက်စစ်ကောင်းမွန်မှုကြောင့် ပွဲချိန် ၁၆ မိနစ်တွင် ဒီယက်ဖ်၊ ပွဲချိန် ၂၄ မိနစ်တွင် အယ်လစ်စတာ၊ ပွဲချိန် ၃၄ မိနစ်တွင် ဂက်ပို၊ ပွဲချိန် ၆၃ မိနစ်နှင့် ဆာလာဟ်နှင့် ပွဲချိန် ၆၉ မိနစ်တွင် အူဒိုဂျီတို့က ကိုယ့်ဂိုးကို သွင်းယူခဲ့သဖြင့် လီဗာပူးအသင်းက ငါးဂိုး တစ်ဂိုးဖြင့် နိုင်ပွဲရခဲ့ပြီး အမှတ်ပေးပြိုင်ပွဲပြီးဆုံးရန် လေးပွဲအလိုတွင် သမိုင်းတစ်လျှောက် အကြိမ် ၂၀ မြောက် ချန်ပီယံဆုဖလားရရှိခဲ့သည်။



တိုက်စစ်မှူး ဆာလာဟ်သည် ဆောက်သမ်တန်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် သွင်းဂိုးနှစ်ဂိုး သွင်းယူခဲ့ပြီးနောက် အဂူရို၏စံချိန်ကို လိုက်မီနိုင်ခဲ့ပြီးနောက် ယခုပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် သွင်းဂိုး ၁၈၆ ဂိုးရှိလာခဲ့ပြီး ပရီးမီးယားလိဂ်သမိုင်းတွင် ဂိုးသွင်းအများဆုံး ကစားသမားများဖြစ်သည့် အလန်ရှီးယား ဂိုး ၂၆၀၊ ဟယ်ရီကိန်း ၂၁၃ ဂိုး၊ ရွန်းနီ ၂၀၈ ဂိုး၊ အန်ဒီကိုး ၁၈၇ ဂိုးတို့နောက်တွင် ပဉ္စမမြောက် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : ML

## အားကစားသတင်းအတိုအထွာများ

- ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ချန်ပီယံဆု ရယူနိုင်ခဲ့ပြီးနောက် လီဗာပူးအသင်းက လာမည့်နွေရာသီတွင် ဂိုးသမားကယ်လာဟာ၊ ခံစစ်ကစားသမား အာနီး၊ ခံစစ်ကစားသမား တက်စီမီကက်စ်၊ ကွင်းလယ်ကစားသမား အန်ဒို၊ အီလီယော့၊ ချီဆာနှင့် ဒါဝင်နူနက်တို့ အသင်းမှထွက်ခွာမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- လေဗာကူဆင်အသင်းမှ အလွတ်ပြောင်းရွှေ့ခွင့်ဖြင့် ထွက်ခွာမည့် ခံစစ်ကစားသမားတက်ဟ်ကို ဘာစီလိုနာအသင်းနှင့် အပြိုင် အင်တာမီလန်အသင်းက ခေါ်ယူနိုင်ရန်ကြိုးပမ်းနေကြောင်း သိရသည်။
- အဲဗာတန်အသင်းနည်းပြမိုယက်စ်က ဝက်ဟမ်အသင်းတွင် လက်တွဲခဲ့သည့် ကွင်းလယ်ကစားသမားဆူစက်ခ်ကို လာမည့်နွေရာသီတွင်ခေါ်ယူရန် ဆွေးနွေးမှုပြုလုပ်လျက်ရှိသည်။

ML

# အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲတွင် လိုင်ယွန်ကိုအနိုင်ရခဲ့သည့် အာဆင်နယ်အသင်း နှစ်ပေါင်း ၁၈ နှစ်အကြာမှ ဗိုလ်လုပွဲသို့တက်ရောက်

**လန်ဒန် မေ ၂၈**

အာဆင်နယ်အမျိုးသမီးအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်အဖြစ် လိုင်ယွန်အသင်းနှင့်ကစားခဲ့သည့်ပွဲစဉ်တွင် လေးဂိုး တစ်ဂိုးဖြင့်အနိုင်ရခဲ့သဖြင့် နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး သုံးဂိုးဖြင့်အနိုင်ရခဲ့ပြီး နှစ်ပေါင်း ၁၈ နှစ်အကြာမှ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

လိုင်ယွန်အမျိုးသမီးအသင်းသည် ပထမအကျော့ပွဲစဉ်တွင် အဝေးကွင်း သွားရောက်ကစားရသော်လည်း နှစ်ဂိုး တစ်ဂိုးဖြင့် နိုင်ပွဲရခဲ့သောကြောင့် အိမ်ကွင်းပွဲစဉ်တွင် နောက်တစ်ဆင့်တက်ရောက်နိုင်ရန် အခွင့်အရေးများခဲ့ကာ ဒုတိယအကျော့တွင် ပြိုင်ဘက်ကို ထိန်းချုပ်ကစားရန်ကြိုးပမ်းခဲ့ရာ အာဆင်နယ်အသင်းက ပွဲစကတည်းက တိုက်စစ်မြှင့်ခဲ့သဖြင့် ပွဲချိန် ငါးမိနစ်နှင့် ပွဲချိန် ၄၅ မိနစ်တွင် ဦးဆောင်ဂိုးများ ဆက်တိုက်ခွင့်ပြုခဲ့ရပြီး ပထမပိုင်းတွင် နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

ဒုတိယပိုင်းတွင် အာဆင်နယ်အမျိုးသမီးအသင်းက ကစားအားကျဆင်းသွားခြင်း မရှိသဖြင့် လိုင်ယွန်အသင်း ချေပဂိုးရရှိရေးထက် အာဆင်နယ်တိုက်စစ်ကိုသာ ထိန်းချုပ်နေရသောကြောင့် ပွဲချိန် ၄၆ မိနစ်နှင့် ပွဲချိန် ၆၃ မိနစ်တို့တွင် အာဆင်နယ်အသင်းက ဦးဆောင်ဂိုးများ ဆက်တိုက်သွင်းယူခဲ့ရာ လိုင်ယွန်အသင်း အခက်တွေ့ခဲ့ပြီး လူစားလဲမှုများပြုလုပ်၍ တိုက်စစ်မြှင့်ခဲ့သော်လည်း ပွဲချိန် ၈၁ မိနစ်တွင် ချေပဂိုးတစ်ဂိုးသာ သွင်းယူနိုင်ခဲ့သဖြင့် နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး အာဆင်နယ်အသင်းက ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

အာဆင်နယ်အမျိုးသမီးအသင်းသည် ၂၀၀၇ ခုနှစ်က ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဆုဖလားရယူနိုင်ခဲ့ပြီးနောက် ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်း မရှိသော်လည်း ယခုနှစ်ပြိုင်ပွဲတွင် အကောင်းဆုံးပြန်လာနိုင်ခဲ့မှုကြောင့် ၁၈ နှစ်အကြာတွင် ဗိုလ်လုပွဲသို့ ပြန်လည်ရောက်ရှိခဲ့ပြီး ဗိုလ်လုပွဲစဉ်တွင် ချဲလ်ဆီး အမျိုးသမီးအသင်းကို အနိုင်ရခဲ့သည့် ဘာစီလိုနာအမျိုးသမီးအသင်းနှင့် တွေ့ဆုံနေကြောင်း သိရသည်။

Ref : Espn

Trs : ML

# မြန်မာနေရှင်နယ်လိဂ်ယူ-၂၁ပြိုင်ပွဲ ပွဲစဉ်(၁)တွင် ရှမ်းယူနိုက်တက်အသင်းက ရတနာပုံအက်ဖ်စီအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ



ရန်ကုန် ဧပြီ ၂၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၁)နောက်ဆုံးပွဲစဉ်အဖြစ် ယနေ့ ညနေ ၄ နာရီက ရန်ကုန်မြို့ တောင်ဒဂုံအားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံး အပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ဂိုးသွင်းခွင့်အခွင့်အရေးအချို့ ရရှိခဲ့ကြသော်လည်း အဆုံးသတ်ပိုင်း မသေချာမှုများကြောင့် ပထမပိုင်းတွင် ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင် နှစ်သင်းစလုံး ပိုမိုတိုက်စစ်ဆင် ဖိအားပေးမှုများကြောင့် ပထမပိုင်းကထက် အကြိတ်အနယ် ရှိလာခဲ့ပြီး ပွဲချိန် ၅၃ မိနစ်တွင် ကျော်လွင်ထွေးက ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ရာ ရတနာပုံအက်ဖ်စီအသင်းက ချေပဂိုးနှင့် အနိုင်ဂိုးအတွက် ပြန်လည်ဖိအားပေးခဲ့သော်လည်း ရှမ်းယူနိုက်တက်အသင်းက အမှားအယွင်းမရှိ ထိန်းချုပ်ကစားနိုင်ခဲ့ကာ ပွဲချိန် ၈၇ မိနစ်တွင် ထက်မြတ်လွင်က ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဦးဆောင်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

# အာရှယူ-၂၀ အမျိုးသမီးခြေစစ်ပွဲ အုပ်စု(D)တွင် မြန်မာအသင်းက အိန္ဒိယ၊ အင်ဒိုနီးရှား၊ တာ့ခ်မင်နစ္စတန်အသင်းတို့နှင့်ကျရောက်

ရန်ကုန် ဧပြီ ၂၈

အာရှယူ-၂၀ အမျိုးသမီးပြိုင်ပွဲ ခြေစစ်ပွဲအတွက် မဲခွဲမှုအပြီးတွင် မြန်မာ့လက်ရွေးစင် ယူ-၂၀ အမျိုးသမီးအသင်းသည် အုပ်စု(D)တွင် အိန္ဒိယ၊ အင်ဒိုနီးရှားနှင့် တာ့ခ်မင်နစ္စတန် အသင်းတို့နှင့်အတူ တစ်အုပ်စုတည်း ကျရောက်လျက်ရှိကြောင်း သိရသည်။

အာရှယူ-၂၀ အမျိုးသမီးပြိုင်ပွဲ ခြေစစ်ပွဲကို ပြိုင်ပွဲဝင်အသင်း လေးသင်းပါ ခုနစ်အုပ်စုနှင့် ငါးသင်းပါတစ်အုပ်စုဖြင့် အုပ်စုရှစ်စုခွဲခြားကာ ကျင်းပမည်ဖြစ်ပြီး မဲခွဲမှုအပြီး အုပ်စု(A)တွင် မြောက်ကိုရီးယား၊ နီပေါလ်၊ ဘူတန်၊ မွန်ဂိုလီးယား၊ ဆော်ဒီအာရေဗျအသင်း၊ အုပ်စု(B)တွင်ဗီယက်နမ်၊ ကာဂျစ်စတန်၊ ဟောင်ကောင်၊ စင်ကာပူအသင်း၊ အုပ်စု(C)တွင် သြစတြေးလျ၊ တရုတ်တိုင်ပေ၊ ပါလက်စတိုင်း၊ တာဂျစ်ကစ္စတန်အသင်း၊ အုပ်စု(E)တွင် တရုတ်၊ လက်ဘနွန်၊ ကမ္ဘောဒီးယားနှင့် ဆီးရီးယားအသင်း၊ အုပ်စု(F)တွင် ဂျပန်၊ အီရန်၊ မလေးရှားနှင့် ဂူအန်အသင်း၊ အုပ်စု(G)တွင် ဥဇဘတ်ကစ္စတန်၊ ဂျော်ဒန်၊ မြောက်မာရီနာကျွန်းစုနှင့် ဘာရိန်းအသင်း၊ အုပ်စု(H)တွင် တောင်ကိုရီးယား၊ ဘင်္ဂလားဒေ့ရှ်၊ လာအိုနှင့် တီမောလက်စ်တေအသင်းတို့ တစ်အုပ်စုတည်း ကျရောက်လျက်ရှိနေကြောင်း သိရသည်။

အာရှယူ-၂၀ အမျိုးသမီးပြိုင်ပွဲ ခြေစစ်ပွဲအဆင့်ကို တစ်အုပ်စုလျှင် အိမ်ရှင်တစ်နိုင်ငံ လက်ခံကျင်းပသွားမည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင် ယူ-၂၀ အမျိုးသမီးအသင်းပါဝင်သည့် အုပ်စု(D)ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။

အာရှယူ-၂၀ အမျိုးသမီးပြိုင်ပွဲ ခြေစစ်ပွဲအဆင့် အုပ်စုပွဲစဉ်များကို လာမည့် သြဂုတ် ၂ ရက်မှ ၁၀ ရက်ထိကျင်းပမည်ဖြစ်ပြီး နောက်ဆုံးအဆင့်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် ထိုင်းနိုင်ငံက လက်ခံကျင်းပမည်ဖြစ်ကြောင်း သိရသည်။

STA

# ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲဦးထွက်ရာသီတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် ငါးဦးမြောက်နည်းပြအဖြစ် ဆလော့ မှတ်တမ်းဝင်

လန်ဒန် ဧပြီ ၂၈

လီဗာပူးအသင်း နည်းပြ ဆလော့သည့် ယခုနှစ်ဘောလုံးရာသီတွင် လီဗာပူးအသင်းနှင့်အတူ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက် ပွဲဦးထွက်ဘောလုံးရာသီတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် ငါးဦးမြောက်နည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

နည်းပြဆလော့သည် ယခုနှစ်ဘောလုံးရာသီတွင် လီဗာပူးအသင်းကို စတင်တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ပထမဆုံး ဘောလုံးရာသီတွင် အသင်းကို ရလဒ်ကောင်းများ ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရာသီမပြီးဆုံးမီ ချန်ပီယံဆုဆွတ်ခူးပေးနိုင်ခဲ့ပြီး မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃၄)အဖြစ်ကစားခဲ့သည့် စပါးအသင်းနှင့်ပွဲစဉ်တွင် အိမ်ကွင်းတွင်ငါးဂိုး တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီးနောက် ၃၄ ပွဲကစားပြီးချိန်တွင် ၂၅ ပွဲနိုင် ခုနစ်ပွဲသရေ နှစ်ပွဲရှုံး ရမှတ် ၈၂ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၂)နေရာမှ အာဆင်နယ်အသင်းကို ရမှတ် ၁၅ မှတ်ထိဖြတ်တောက်နိုင်ခဲ့သည့်အတွက် ပြိုင်ပွဲပြီးဆုံးရန် လေးပွဲအလိုတွင် ချန်ပီယံဆုကို အကြိမ် ၂၀ မြောက် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက်တွင် ပွဲဦးထွက်ဘောလုံးရာသီတွင်ပင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် နည်းပြများအဖြစ် ချဲလ်ဆီးအသင်း နည်းပြဟောင်းများဖြစ်သည့် အန်ဆလော့တီ၊ မော်ရင်ဟို၊ ကွန်တီနှင့် မန်စီးတီးအသင်းနည်းပြဟောင်း ပယ်လီဂရီနီတို့က မှတ်တမ်းဝင်ထားပြီး ယခုအခါ နည်းပြဆလော့က ငါးဦးမြောက် နည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။



Ref : B/R Football

Trs : STA

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)တွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဧရာဝတီအသင်းတို့ နိုင်ပွဲရရှိ

ရန်ကုန် ဧပြီ ၂၈

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင်ကျင်းပခဲ့ရာ ရန်ကုန်ယူနိုက်တက် အသင်းနှင့် ဧရာဝတီအသင်းတို့ နိုင်ပွဲကိုယ်စီ ရရှိခဲ့ကြောင်း သိရသည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)အဖြစ် ညနေ ၄နာရီက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃ မိနစ်နှင့် ၅၇ မိနစ်တို့တွင် ယွန်းဝတီလှိုင်၊ ပွဲချိန် ၉၄ မိနစ်တွင် ရွှန်းလိုင်နိုင်တို့က သွင်းယူပေးနိုင်ခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၇၂ မိနစ်တွင် ခိုင်သဇင်က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၄ နာရီက လေ့ကျင့်ရေးကွင်း-၁ တွင် ဧရာဝတီအသင်းနှင့် YREO အသင်းတို့ကစားခဲ့ရာ ဧရာဝတီအသင်းက ခြောက်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဧရာဝတီအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၁ မိနစ် ၄၅ မိနစ်၊ ၅၈ မိနစ်နှင့် ၆၇ မိနစ်တို့တွင် စန်းသော်သော်၊ ပွဲချိန် ၃၇ မိနစ်တွင် ဖြူဖြူကျော်နှင့် ပွဲချိန် ၈၇ မိနစ်တွင် နန့်ရှင်းသန့်ဖြူစင်ဖုန်းတို့က သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

STA



# မက်ဒရစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ ဇီရက်ဖ် တက်ရောက်



မက်ဒရစ် ဧပြီ ၂၈

စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် ကျင်းပနေသည့် မက်ဒရစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ဂျာမနီတင်းနစ်ကစားသမားဇီရက်ဖ်နှင့် စပိန်တင်းနစ်ကစားသမားဒါဗီဒိုဗစ်တို့ယှဉ်ပြိုင်ကစားခဲ့ရာ ဇီရက်ဖ်က (၂-၆၊ ၇-၆၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

စပိန်မြေ စပိန်ပရိသတ်များရှေ့တွင် အကောင်းဆုံးကစားပြနိုင်ခဲ့သည့် ဒါဗီဒိုဗစ်အနေဖြင့် အနိုင်ရလဒ်နှင့် ထိုက်တန်သည့်စွမ်းဆောင်ရည်မျိုး ရှိခဲ့သော်လည်း ဇီရက်ဖ်၏နောက်မှ ဖိအားပေးမှုကြောင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ဇီရက်ဖ်က "ပထမပွဲငယ်မှာတော့ ကျွန်တော်ကောင်းကောင်း မကစားနိုင်ခဲ့ဘူး။ ဒုတိယပွဲငယ်မှာ ကျွန်တော်လိုချင်တဲ့ပုံစံအတိုင်း ကစားနိုင်ခဲ့ပြီးတော့ နိုင်ပွဲပြန်ရခဲ့လို့အဆုံးအဖြတ်ပွဲစဉ်ကိုဆက်လက်ကစားခွင့်ရခဲ့တယ်။ အဆုံးအဖြတ်ပွဲစဉ်မှာ အကောင်းဆုံးကစားနိုင်ခဲ့ပါတယ်။ အနိုင်ရခဲ့တယ်ဆိုပေမဲ့ အရမ်းကိုခက်ခက်ခဲခဲကစားခဲ့ရတယ်"ဟု ပြောကြားခဲ့သည်။

ဇီရက်ဖ်သည် တတိယအဆင့်တွင် အာဂျင်တီးနားတင်းနစ်ကစားသမား စီရန်ဒိုလိုနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL

# နွေရာသီတွင် ကျန်းမာရေးအထူးဂရုစိုက်စေလို

**မောင်သောင်းဝင်း(တမန်ဟောင်း)**

သင်္ကြန်ပြီးချိန်မှစ၍ နေ့အပူချိန်သည် တရိပ်ရိပ်မြင့်တက်လာလျက်ရှိသည်။ ညဘက်တွင်လည်း ပူအိုက်လွန်းသဖြင့် နှစ်ခြိုက်စွာအိပ်စက်အနားယူနိုင်ခြင်းမရှိဘဲ ပင်ပန်းနွမ်းနယ်နေကြသည်။ အညာဒေသတွင် အပူချိန်သည် ၄၀ ဒီဂရီဆဲလ်စီယပ်ကျော်လာပြီဖြစ်သည်။ လူတိုင်း၏နှုတ်ဖျားတွင် "ပူလိုက်တာ"ဆိုသောစကားကိုပဲ နေ့စဉ်ကြားနေရသည်။ လူကြီး၊ လူငယ်အားလုံး အပူဒဏ်ကို အလူးအလဲခံနေကြရသည်။ အရိပ်ထဲ၌ တာဝန်ထမ်းဆောင်နေရသူများသည် နွေရာသီအပူဒဏ်ခံစားနေရပြီဆိုလျှင် ကျေးလက်နေပြည်သူများနှင့် ကာယလုပ်သားကြီးများသည် ပိုမိုပင်ပန်းကြမည်ဖြစ်သည်။ စားဝတ်နေရေးအတွက် နေ့စဉ်ရုန်းကန်နေကြရမည်သာဖြစ်သည်။

**ပြုမူနေထိုင်လာကြ**

ပြင်းထန်လှသောအပူဒဏ်ကို အန်တုနိုင်ရန်အတွက် ရေစိမ်ချိုးခြင်း၊ ရေခဲရေသောက်ခြင်း၊ အဲကွန်း၊ ပန်ကာလေခံခြင်း၊ အင်္ကျီချွတ်ထားခြင်းစသည့်ကျန်းမာရေးနှင့်ညီညွတ်မှုမရှိသော ပြုမူနေထိုင်မှုများကို လူတိုင်းနီးပါးပြုမူလာကြသည်။ အထူးသဖြင့် ညဘက်တွင် အပူရှိန်ကြောင့်နှစ်ခြိုက်စွာအိပ်မရသဖြင့် သင်ဖြူးဖျာများကို ရေဆွတ်ခြင်း၊ အိပ်ရာခင်းများကို ရေဆွတ်ခြင်းများပြုလုပ်လာကြသည်။ နေ့ခင်းဘက်တွင်းလည်း အချို့သောလုပ်သားများသည် ပုဆိုး၊ တဘက်များကို ရေဆွတ်ခြုံကာအလုပ်လုပ်နေကြသည်ကို တွေ့ရသည်။ ကျန်းမာရေးအတွက် လွန်စွာအန္တရာယ်ရှိသော လုပ်ရပ်များဖြစ်ပေသည်။ ထိုသို့ပြုမူနေထိုင်ခြင်းသည် အခိုက်အတန့်အပူသက်သာသော်လည်း ရေရှည်တွင် ကျန်းမာရေးအတွက် ဆိုးကျိုးများစွာဖြစ်ပေါ်စေနိုင်သည်။

အပူရှိန်ပြင်းထန်လှသော နံနက် ၈ နာရီခန့်ကတည်းက အပေါ်ဝတ်အင်္ကျီများချွတ်ချင်စိတ်ဖြစ်မိသည်။ အမှန်တကယ်မှာ ထိုသို့မပြုလုပ်သင့်ပေ။ အင်္ကျီချွတ်ထားသူတစ်ဦးသည် အဲကွန်းနှင့် ပန်ကာလေ တိုက်ရိုက်ခံပါက ကိုယ်လက်များနာကျင်ကိုက်ခဲလာသည်။ နေ့စဉ် ထိုသို့ပြုမူနေထိုင်သွားမည်ဆိုလျှင် ကိုယ်လက်နာကျင်ကိုက်ခဲဖျားနာလာမည်ဖြစ်သည်။ မည်မျှပင်ပူပြင်းနေစေကာမူ အပေါ်အင်္ကျီကို မချွတ်ဘဲ တစ်နေကုန်ဝတ်ထားမည်ဆိုလျှင် နေထိုင်ရအဆင်ပြေပြီး ကျန်းမာရေးနှင့် ညီညွတ်မည်ဖြစ်သည်။

**ရောဂါလက္ခဏာများ**

နွေရာသီတွင် အပူရှိန်ပြင်းထန်မှုကြောင့် ပင်ပန်းနွမ်းနယ်ခြင်းလက္ခဏာများဖြစ်သည့် ပျို့ခြင်းသို့မဟုတ် ဂနာမငြိမ်ဖြစ်ခြင်း၊ ကြွက်တက်ခြင်းနှင့်ကြွက်သားများအားပျော့ခြင်း၊ ခေါင်းကိုက်ခြင်း၊ ရေဆာခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ ခေါင်းနောက်ခြင်း၊ မူးမိုက်ခြင်း၊ နုံးချည့်ခြင်း၊ ချွေးအလွန်အကျွံထွက်ခြင်းတို့ဖြစ်တတ်သည့်အပြင် အပူဒဏ်ကြောင့် အရေပြားပူ၍ ခြောက်သွေ့ခြင်း သို့မဟုတ် ချွေးအလွန်အကျွံထွက်ခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊ သတိလစ်ခြင်းနှင့် တက်ခြင်းတို့ဖြစ်တတ်သည်။

**အပူဒဏ်ကာကွယ်ရေးအကြံပြုချက်များ**

နွေရာသီတွင် အပူဒဏ်ကာကွယ်ရေးအတွက် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံ ရှိသူများအနေဖြင့် နေ့ခင်းအချိန်တွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေသင့်သည်။ ပူပြင်းသည့်နေရောင်အောက်တွင် ပင်ပန်းစွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ ရှောင်ကြဉ်သင့်သည်။

ထို့ပြင် ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်သွားပြီး အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်သင့်

> ❖နွေရာသီတွင် အပူရှိန်ပြင်းထန်လှသဖြင့် အရက်၊ ဘီယာ သောက်သုံးခြင်းကို လုံးဝရှောင်ကြဉ်သင့်သည်။ အယ်လ်ကိုဟောနှင့် ပြင်းထန်အပူချိန်တို့ပေါင်းစပ်လိုက်လျှင် ဦးနှောက်သွေးကြောပြတ်သည့်အဆင့်သို့ပင် ရောက်သွားနိုင်သည်။ ဖြစ်နိုင်ပါက ဆေးလိပ်သောက်ခြင်းကိုလည်း ရှောင်ရှားသင့်သည်။ ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးအပြင် မီးဘေးအန္တရာယ်ပါ စိုးရိမ်ရသဖြင့် နွေရာသီတွင် ဆေးလိပ်သောက်သည့်အလေ့အထကို ရှောင်ရှားပြုမူသွားသင့်သည်။ ❖

သည်။ မိမိ၏အသားအရေကို နေရောင်ခြည်နှင့်တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပခုံးတို့ကိုပါလုံခြုံသော၊ အရောင်ဖျော့သော၊ အလင်းပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့သောပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်သင့်သည်။

နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ခြင်း၊ ပူပြင်းသည့် နေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ခြင်း၊ ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရာထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ကြဉ်သင့်သည်။

နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းတို့ကို ရှောင်ကြဉ်သင့်သည်။ ကိုယ်လက်လှုပ်ရှားမှုနှင့်အားကစားပြုလုပ်ခြင်းကို ညနေ ၅ နာရီနောက်ပိုင်းတွင်သာ ပြုလုပ်သင့်သည်။ ထို့ပြင် အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုပြင်းထန်စွာခံစားရနိုင်သဖြင့် ရှောင်ကြဉ်သင့်သည်။ ခန္ဓာကိုယ်တွင် ရေနှင့် ဓာတ်ဆားများဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးသင့်သည်။ မိတ်နှင့်ယားဖုများထွက်လာလျှင် ရေအေးဝတ်ကပ်ခြင်းနှင့် သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်သွားသင့်သည်။

**ဆောင်ရန်၊ ရှောင်ရန်**

ပူပြင်းလှသောနေ့ဘက်များတွင် တတ်နိုင်ပါက ရေခဲရေသောက်သည့်အလေ့အထကို ရှောင်သင့်သည်။ ရေခဲရေသည် အဝင်အေးသော်လည်း ဝမ်းတွင်းရောက်ပါက အပူကိုသာ ဖြစ်စေသည်။ ရေခဲရေသည် သောက်လေသောက်လေငတ်မပြေဖြစ်ကာ ထပ်ခါထပ်ခါသောက်ချင်နေသည်။ ဖြစ်နိုင်ပါက ရေနွေးကြမ်းသောက်သင့်သည်။ ရေနွေးကြမ်းသည် မကြာခဏရေဆာနေသည့်ဆန္ဒကို ပြေပျောက်စေသည်။ နေ့ခင်းဘက်တွင် ထန်းလျက်ခဲအနည်းငယ်စားပြီး ရေနွေးကြမ်းပူပူလေးသောက်လိုက်မည်ဆိုလျှင် ရေဆာလောင်နေမှုကို ပြေပျောက်စေသည့်အပြင် ပြင်းထန်လှသောအပူဒဏ်ကိုပါ မေ့လျော့စေနိုင်သည်။

နွေရာသီတွင် နေ့ခင်းဘက်၌ အပူဒဏ်ခံနိုင်ပြီး ကျန်းမာစွာနေထိုင်စေရန်အတွက် နံနက်စောစော အိမ်ဘေးပတ်လည်ကိုလည်း ရေဖျန်းထားသင့်သည်။ ထိုသို့ရေဖျန်းထားလျှင် နေ့ခင်းဘက် အပူရှိန်ကို အထိုက်အလျောက်သက်သာစေသည်။ ညဘက်တွင် နှစ်ခြိုက်စွာအိပ်စက်နိုင်ရေးအတွက် အိပ်ရာမဝင်မီ ရေချိုးခြင်း၊ ကိုယ်လက်သန့်စင်ခြင်းများပြုလုပ်ပြီး အခန်းများလေဝင်လေထွက်ကောင်းစေရန် တံခါးအားလုံးကို ဖွင့်ထားရန်လိုအပ်သည်။ အထူးသဖြင့် ခြင်ထောင်ထောင်အိပ်ရန် မမေ့သင့်ပေ။ ရေရှားပါးသောဒေသများတွင် ရေပတ်တိုက်ပြီးမှ အိပ်ရာဝင်သင့်ပေသည်။ သနပ်ခါးထူထူလိမ်းထားခြင်းသည်လည်း အပူဒဏ်ခံနိုင်ပြီး အအေးဓာတ်ရစေသည်။

နွေရာသီတွင် ပြင်းထန်အပူချိန်ကြောင့် Heat-stroke ဖြစ်တတ်သည်။ ထိုသို့ဖြစ်ပွားလျှင် ရှေးဦးသူနာပြုစုနည်းအတိုင်း အပူသက်သာစေရန်ဆောင်ရွက်ပေးပြီး နီးစပ်ရာ ဆေးခန်း၊ဆေးရုံသို့ သွားရန်လိုအပ်သည်။ အထူးသဖြင့် သက်ကြီးရွယ်အိုများတွင် Heatstroke ဖြစ်တတ်သဖြင့် ဂရုစိုက်သင့်သည်။ ကလေးများတွင်လည်း ချွေးမှတစ်ဆင့် မိတ်ဖုကဲ့သို့သောအနီအပိမ့်များထွက်လာပြီး အဖျားတက်သည်ထိ ဖြစ်ပွားနိုင်သည်။ ထို့ကြောင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးဂရုစိုက်ပြီး ကလေးငယ်များကို မြန်မာသနပ်ခါးများလိမ်းပေးမည်ဆိုလျှင် အထိုက်အလျောက် ကာကွယ်နိုင်မည်ဖြစ်သည်။

နွေရာသီတွင် အပူရှိန်ပြင်းထန်လှသဖြင့် အရက်၊ ဘီယာသောက်သုံးခြင်းကို လုံးဝရှောင်ကြဉ်သင့်သည်။ အယ်လ်ကိုဟောနှင့် ပြင်းထန်အပူချိန်တို့ပေါင်းစပ်လိုက်လျှင် ဦးနှောက်သွေးကြောပြတ်သည့်အဆင့်သို့ပင် ရောက်သွားနိုင်သည်။ ဖြစ်နိုင်ပါက ဆေးလိပ်သောက်ခြင်းကိုလည်း ရှောင်ရှားသင့်သည်။ ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးအပြင် မီးဘေးအန္တရာယ်ပါစိုးရိမ်ရသဖြင့် နွေရာသီတွင် ဆေးလိပ်သောက်သည့်အလေ့အထကို ရှောင်ရှားပြုမူသွားသင့်သည်။

နွေရာသီတွင် နေအပူရှိန်အောက်၌ လုပ်ကိုင်ကြရသူများသည် ပူလောင်မှုနှင့် ဆာလောင်မှုဒဏ်ကို အခိုက်အတန့်ပြေပျောက်စေရန် ရေခဲရေသောက်ခြင်း၊ ရေခဲထုပ်၊ ရေခဲချောင်းများစားခြင်းနှင့် ရေခဲသုပ်တို့ကို စားလေ့ရှိကြသည်။ ထိုသို့ပြုမူခြင်းသည် ကျန်းမာရေးကို များစွာထိခိုက်စေသည်။ နွေရာသီတွင် သောက်ရေအတွက် ညဘက်ကတည်းက သဲအိုးထဲတွင် ရေထည့်ထားသင့်သည်။ ထိုသို့ထည့်ထားလျှင် အိုးထဲရှိရေသည် အေးပြီး ကျန်းမာရေးနှင့်လည်း ကိုက်ညီမှုရှိသည်။

နွေရာသီအပူဒဏ်ကို အန်တုနိုင်ရန် သဘာဝကပေးထားသော သစ်ရိပ်၊ ဝါးရိပ်များသာလျှင် အကောင်းဆုံးဖြစ်သည်။ နွေရာသီတွင် ထနောင်းပင်များသည် အရွက်များနှင့် စိမ်းစိုနေသောကြောင့် ထနောင်းပင်အောက်ဝင်လိုက်သည်နှင့် အေးမြစေသည်။ ထို့ကြောင့် မိမိအိမ်ပတ်ဝန်းကျင်တွင် အရိပ်ရသစ်ပင်များ ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးထားမည်ဆိုလျှင် နွေရာသီအပူဒဏ်ကို အထိုက်အလျောက် ကာကွယ်နိုင်မည်ဖြစ်သည်။ တောခလေ့ထန်းလက်နှင့် သက်ငယ်တဲများသည် အပူဒဏ်ခံနိုင်သောနေရာများပင်ဖြစ်သည်။ ဖြစ်နိုင်ပါက သက်ကြီးရွယ်အိုများနှင့် ကလေးများအတွက် ယာယီအပူရှောင်တဲများ ဆောက်လုပ်ပေးထားသင့်ပေသည်။

ဆိုရလျှင် ပြင်းထန်လှသောအပူဒဏ်အောက်တွင် ကျန်းမာစွာဖြတ်သန်းနိုင်ရေးအတွက် နေထိုင်မှုပုံစံများ မှန်ကန်ရန်လိုသည်။ လူသားတို့သည် အနာဂတ်ကာလတွင် အစွန်းရောက်ရာသီဥတုကို ဆက်တိုက်ကြုံတွေ့လာနိုင်သည်။ ထို့ကြောင့် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရန် လိုအပ်သည်။ အထူးသဖြင့် ယခုလိုပူပြင်းလှသော နွေရာသီတွင် အပူဒဏ်ကိုခံနိုင်ရန်အတွက် သဘာဝနည်းကိုသာ အသုံးပြုသင့်သည်။ သဘာဝအတိုင်း နေထိုင်သွားမည်ဆိုလျှင် အပူဒဏ်ကို လွယ်ကူစွာကျော်ဖြတ်နိုင်မည်ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ ခေတ်မီအီလက်ထရွန်နစ်ပစ္စည်းများ၊ သဘာဝလွန်အသင့်စား အစာများကိုသာ အသုံးပြုမှီဝဲသွားမည်ဆိုလျှင် ရေရှည်တွင် ကျန်းမာရေးကို များစွာထိခိုက်စေနိုင်ကြောင်း ရေးသားလိုက်ပါသည်။

---


**ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း**

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# ရုံတင်ပြသနေသည့် ညမထွက်ရ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်ထားကြသည့် သရုပ်ဆောင်များနှင့်ပရိသတ်များ တွေ့ဆုံပွဲပြုလုပ်



**ရန်ကုန် ဧပြီ ၂၈**

ရုံတင်ပြသနေသည့် ညမထွက်ရ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်ထားကြသည့် သရုပ်ဆောင်များနှင့်ပရိသတ်များ တွေ့ဆုံပွဲကို ဧပြီ ၂၇ ရက်က ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ စံရိပ်ငြိမ် ဂမုန်းပွင့်၊ လှိုင်သာယာမြို့နယ်ရှိ စိန်ဂေဟာနှင့် ဝဇီရာရုပ်ရှင်ရုံများတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ညမထွက်ရ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်ထားကြသည့် သရုပ်ဆောင် ထွန်းထွန်း၊ နေမင်း၊ ဘုန်းမင်းနေလ၊ ဘုန်းသျှံ၊ မြယာ၊ ယွန်းမြတ်သူတို့က ပရိသတ်များနှင့်တွေ့ဆုံခဲ့ပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကူးခဲ့ကြောင်း သိရသည်။

"ဒီနေ့ ညမထွက်ရ Promotion အစီအစဉ်ကို ဇေရက်ရာဇာ မိသားစုက ပါဝင်အားဖြည့်ကူညီပေးထားပါတယ်။ လှည်းတန်း စံရိပ်ငြိမ် ဂမုန်းပွင့်ရုံ၊ လှိုင်သာယာ ဝဇီရာရုံ၊လှိုင်သာယာ စိန်ဂေဟာရုံတွေမှာ ကြည့်ရှုကြတဲ့ ပရိသတ်တွေကို မေတ္တာလက်ဆောင် တုံ့ပြန်တဲ့အနေနဲ့ အနောက်တိုင်းဝတ်စုံတွေကို ပြန်လည်မဲဖောက်ပေးသွားမှာ ဖြစ်ပါတယ်။ ကိုယ်တိုင်ကြည့်ရှုခဲ့တဲ့ ရုပ်ရှင်လက်မှတ်ရဲ့ နောက်ကျောမှာ ဖုန်းနံပါတ်နဲ့ နာမည်ကိုရေးပြီး အသင့်ထားရှိထားတဲ့ ကံစမ်းမဲအိတ်ထဲကို ထည့်ပေးရုံနဲ့ ဒီအစီအစဉ်မှာ ပါဝင်ပြီးသား ဖြစ်သွားပါပြီ။ ရုံတွေမှာ သရုပ်ဆောင်တွေက ကိုယ်တိုင်မဲလာနှိုက်ပေးမှာ ဖြစ်ပါတယ်။ ကျန်တဲ့ ရုပ်ရှင်ရုံတွေမှာ ကြည့်ရှုကြတဲ့ ပရိသတ်တွေအနေနဲ့လဲ ရုပ်ရှင်လက်မှတ်ကို ဓာတ်ပုံရိုက်ပြီး ဇေရက်ရာဇာ Facebook page ကို ပေးပို့ ပါဝင်နိုင်ကြပါတယ်" ဟု ဒါရိုက်တာ ညီမင်းလွင်က ပြောပြသည်။

ASH

# Pendulum ထိတ်လန့်သည်းဖို့ဇာတ်ကား၌ မင်းသား နော်မန်ရီးဒပ် ပါဝင်မည်

**နယူးယောက် ဧပြီ ၂၈**

Pendulum အမည်ရှိ ထိတ်လန့်သည်းဖို့ဇာတ်ကား၌ မင်းသား နော်မန်ရီးဒပ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဧပြီ ၂၇ ရက် သတင်းများအရ သိရသည်။

Pendulum ဇာတ်ကားတွင် မင်းသား ဂျိုးနော်မန်ရီးဒပ်သည် မင်းသား ဂျိုးဇက်ဂေါ်ဒွန်လီဗစ်၊ မင်းသမီး ပိုးဘီးဒိုင်နီဗာတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Pendulum ဇာတ်ကား အတွက်ထုတ်လုပ်သူအဖြစ် ကမ္ဘာကျော် ဒါရိုက်တာ ဒါရန်းအရွန်နော့စကီးက တာဝန်ယူထားကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ မာ့ပေးမန်းက ရေးသားပေးထားပြီး ၎င်းကပင် ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Pendulum ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို နယူးမက္ကဆီကိုပြည်နယ်၌ စတင်နေပြီဖြစ်ကြောင်း သိရသည်။

Pendulum ဇာတ်ကားရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# တေးသံရှင် ဝိုင်းစုခိုင်သိန်း၏ One lady Show တေးဂီတဖျော်ဖြေပွဲကို Transporter Restaurant တွင် ဖျော်ဖြေတင်ဆက်မည်

**ရန်ကုန် ဧပြီ ၂၈**

တေးသံရှင် ဝိုင်းစုခိုင်သိန်း၏ One lady Show တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို ဧပြီ ၃၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ Transporter Restaurant တွင် ဖျော်ဖြေ တင်ဆက်သွားမည်ဖြစ်ကြောင်း တေးသံရှင် ဝိုင်းစုခိုင်သိန်းက ပြောပြ သိရသည်။

တေးသံရှင် ဝိုင်းစုခိုင်သိန်း၏ One lady Show တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို Transporter Restaurant တွင် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပြီး တေးသံရှင် ဝိုင်းစုခိုင်သိန်း၏ သီဆိုဖျော်ဖြေမှုများကို Transporter Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။




"ဧပြီ ၃၀ ရက်မှာလုပ်မဲ့ ဝိုင်းစုရဲ့ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲမှာ ဝိုင်းစုနဲ့အတူ Transporter Band ရဲ့ ပင်တိုင် တေးသံရှင်တွေ၊ ဒီဂျေတွေကလဲ ပံ့ပိုးသီဆိုပေးကြမှာဖြစ်သလို Transporter Band နဲ့ တွဲဖက်ပြီး Dancer တွေရဲ့ အမိုက်စား Performance တွေကိုလဲ မြင်ရဦးမှာမို့ ဧပြီ ၃၀ ရက်ညမှာ Transporter ကို အရောက်လှမ်းခဲ့ကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု တေးသံရှင် ဝိုင်းစုခိုင်သိန်းက ပြောပြသည်။

တေးသံရှင် ဝိုင်းစုခိုင်သိန်း၏ One lady Show တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို ဧပြီ ၃၀ ရက် ည ၇ နာရီတွင် စတင်မည်ဖြစ်ကြောင်း သိရသည်။ ASH

# Reminders of Him ဇာတ်ကား၌ မင်းသား နီကိုလပ်ဒူဗာနေး ပါဝင်မည်

**နယူးယောက် ဧပြီ ၂၈**

ယူနီဗာဆယ်ကုမ္ပဏီ၏ Reminders of Him အမည်ရှိ ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသား နီကိုလပ်ဒူဗာနေး ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဧပြီ ၂၇ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားတွင် နီကိုလပ်ဒူဗာနေးသည် မင်းသမီး မိုင်ကာမွန်ရိုး၊ မင်းသား တီရစ်ဝစ်သာတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Reminders of Him ဇာတ်ကားသည် အမေရိကန် စာရေးဆရာမ ကောလင်း၏ အမည်တူ ဝတ္ထုကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။


အဆိုပါဇာတ်ကားသည် ထောင်မှ ပြန်လွတ်မြောက်လာသည့် အမျိုးသမီးတစ်ဦး ပတ်ဝန်းကျင်လူ့အဖွဲ့အစည်းနှင့် ရင်ဆိုင်ရုန်းကန်ခဲ့ရပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည်ဖြစ်သည်။

Reminders of Him ဇာတ်ကားကို အမျိုးသမီးဒါရိုက်တာ ဗေးနက်ဆာကာဝဲက ရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကို စာရေးဆရာမ ကောလင်းဟိုးဗားနှင့် ဇာတ်ညွှန်းရေးဆရာမ လော်ရန်လီဗင်းတို့က ရေးသားပေးထားသည်။

လက်ရှိအချိန်တွင် Reminders of Him ဇာတ်ကားရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ယူနီဗာဆယ် ရုပ်ရှင်ကုမ္ပဏီ က ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# Shwe Stream Application မှ လင်ကြမ်း မယားကြမ်း ဇာတ်လမ်းတွဲကို ထုတ်လွှင့်တင်ဆက်ပေးသွားမည်

**ရန်ကုန် ဧပြီ ၂၈**

Shwe Stream Application မှ လင်ကြမ်း မယားကြမ်း ဇာတ်လမ်းတွဲကို မေလ ပထမပတ်အတွင်း ထုတ်လွှင့် တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ခွန်းသာချိုက ပြောပြ သိရသည်။

အဆိုပါလင်ကြမ်းမယားကြမ်း ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ခွန်းသာချိုက ရေးသားထားကာ ခွန်းသာချိုရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ခွန်းသာချိုကပင် တာဝန်ယူ ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားလေးက လင်ကြမ်း မယားကြမ်းဆိုတော့ လင်မယား နှစ်ယောက်ရဲ့ ကြမ်းတမ်းတဲ့အရာတွေ ဘယ်လောက်ထိ ကြမ်းပြီးတော့ ဘယ်လောက် အကုသိုလ်တွေဖြစ်တယ်။ သံသရာမှာကော၊ လက်ရှိဘဝမှာပါ ဘယ်လောက်ထိ ကြောက်စရာကောင်းတယ်ဆိုတာတွေပါတယ်။ ဝဋ်ဗေဒ ဘယ်လောက်ထိ ကြောက်စရာ ကောင်းတာကို သံသရာကော၊ လက်ရှိဘဝကိုပါ ပညာပေးလေးအနေနဲ့ ရိုက်ကူးထားတာ ဖြစ်ပါတယ်။ fortune TV ရုပ်သံလိုင်းမှာလဲ ၂၀၂၄ ခုနှစ် အောက်တိုဘာလက ထုတ်လွှင့်ပေးပြီးပြီ ဖြစ်ပါတယ်။ မကြည့်ရသေးတဲ့ သူတွေအတွက် အလွယ်တကူ ကြည့်ရှုနိုင်အောင် Shwe Stream Application ကနေ ထပ်မံထုတ်လွှင့်ပေးတာ ဖြစ်ပါတယ်"ဟု ဒါရိုက်တာ သရုပ်ဆောင် ခွန်းသာချိုက ပြောပြသည်။

အဆိုပါလင်ကြမ်းမယားကြမ်း မြန်မာရုပ်သံ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် သရုပ်ဆောင် ခွန်းသာချို၊ ခိုင်နှင်းအောင်ခိုင်၊ အာကာမြင့်အောင်၊ အိမ့်ချော့ပွင့်၊ ခင်မို့မို့အေးနှင့် အခြားသရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# The State Administration Council of the Republic of Union of Myanmar offers day meal to Buddhist monks in memory of the people including monks and laypersons, who died in the Mandalay earthquake a month ago


Merit sharing ceremony in progress.

**Nay Pyi Taw April 28**

The State Administration Council of the Republic of Union of Myanmar offered a day meal to Buddhist monks in memory of the people including monks and laypersons, who died in the Mandalay earthquake a month ago this morning in Nay Pyi Taw, Union Territory.

Present on the occasion to offer day meal to the eminent monks led by Patron Sayadaw Abhidhaja Maha Rattha Guru Bhaddanta Janinda of Paukmyaing Monsatery, Leway, Nay Pyi Taw and State Ovadacarira Sayadaw Abhidhaja Maha Rattha Bhaddanta Acinna of Maha Thihanada Monastery, Tatkon were Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla, SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe, the SAC Secretary and wife, the Joint SAC Secretary and wife, SAC members, union level dignitaries, union ministers and wives, senior military officers from Office of Commander-in-Chief and wives, deputy ministers and officials.

First, a video clip on damages caused by the earthquake, joint rescue and relief operations conducted by local rescue teams and international rescue teams with ardent efforts, and ongoing rehabilitation activities carried out systematically in order of priority was screened.

Afterwards, the memorial service began with the recitation of Namotassa three times and the congregation accepted the Five Precepts from the Sayadaw of Maha Thihanada Monastery.

The congregation led by the Senior General and wife showed deep reverence to the religious sermons recited by the monks.


Senior General Min Aung Hlaing and wife, Daw Kyu Kyu Hla, offer day meal to Sayadaws.


Senior General Min Aung Hlaing and wife, Daw Kyu Kyu Hla, present offertories to a Sayadaw.

*See Page 13*

# Cultivation of summer sesame completed on more than 28,000 acres of croplands in Shwebo District

**Shwebo April 28**

According to the statistics of Shwebo District Agriculture Department, local farmers have completed cultivation of 28,143 acres of summer sesame in Shwebo District of Sagaing Region.

Local authorities earmarked cultivation of 71,717 acres of summer sesame in the district but farmers planted 28,143 acres of summer sesame this year.

For this year's summer crop season, Shwebo District has planned to cultivate over 70,000 acres of summer sesame. As of now, over 28,000 acres have already been cultivated. Efforts are underway to ensure the target acreage is fully achieved. Additionally, support is being provided to expand the cultivation area, improve crop yields, and encourage farming practices using GAP (Good Agricultural Practices) methods, according to Assistant Director Daw Zar Zar Min from the Shwebo District Department of Agriculture.

In terms of summer sesame cultivation progress by township within Shwebo District, Shwebo Township grew 145 acres of summer sesame, KhinU Township 250 acres, and Wetlet Township 27,748 acres, totalling 28,143 acres.

For the 2024-2025 summer cropping season, local authorities of Shwebo Township earmarked cultivation of 18,121 acres of sesame, KhinU Township 3,318 acres, and Wetlet Township 50,278 acres, totalling 71,717 acres.

This year, relevant Township Agriculture Departments are educating farmers on methods to expand sesame cultivation, adopt effective farming systems, use GAP techniques, plant high-quality and pure seeds, and grow high-yield sesame varieties.

Crops grown using GAP methods are of higher quality than those grown using conventional methods. They command better prices, and are eligible not only for domestic markets but also for export. As a result, farmers adopting GAP practices are expected to benefit economically and improve their socio-economic status. 206


A summer sesame plantation.



*From Page 12*

The Senior General and wife presented offertories to the Sayadaw of Paukmyaing Monastery.

The Vice-Senior General and wife presented offertories to the Sayadaw of Maha Thihanada Monastery. The SAC Secretary and wife, the Joint SAC Secretary and wife, and SAC members and wives also presented offertories to the monks.

Sayadaw of Mingala Zayyon Monastery, Pali Tekkatho Agga Maha Pandita Agga Maha Saddhamma Jotikadhaja Bhaddanata Vimala Buddhi delivered a sermon. The congregation led by the Senior General and wife shared merits gained to the people including monks and laypersons, who died in the earthquake.

The congregation recited Buddha Sasanam ciramtithatu three times to mark the end of the religious event.

Afterwards, the Senior General and wife, the Vice-Senior General and wife and attendees offered day meal to Sayadaws.

100

**Vice-Senior General Soe Win and wife, Daw Than Than Nwe, offer day meal to Sayadaws.**



General Nyo Saw and wife present offertories to a Sayadaw.



Lt-Gen Yar Pyae and wife present offertories to a Sayadaw.

# Spain, Portugal hit by major power outage

**Madrid April 28**

A massive blackout swept across Spain and Portugal on Monday, leaving large parts of both countries without electricity and causing widespread disruption.

Spain's electricity grid operator, Red Electrica, confirmed widespread power outages across the country. The company said it was working to restore electricity supplies and to analyze the causes of the blackout. "All resources are being dedicated to solving it," Red Electrica said in a post on X.

Following the outage, Spanish Prime Minister Pedro Sanchez visited Red Electrica's control center to oversee recovery efforts. His office stated that "the government is working to find out the origin and the effects of this incident and is dedicating all its resources to solving it as soon as possible."

In Madrid, the immediate effects were visible when traffic lights across the city simultaneously stopped working, leading to chaos on the roads. Metro services in Madrid and Barcelona were also brought to a standstill, leaving thousands of passengers trapped inside tunnels.

Spain's national railway company, Renfe, reported that the national electricity grid was cut off at 12:30 p.m. local time, forcing train operations across the country to come to a halt. "Trains stopped" and there were "no departures" at any stations, the company said.

Reports also emerged of people trapped inside elevators in office buildings and apartment complexes. Marie-Carmen Sanz, a hospital worker at Madrid's Ramon and Cajal Hospital, told Xinhua that several hospital workers and patients were trapped in elevators at the facility.

In Portugal, the blackout extended from north to south, affecting cities including the capital, Lisbon, where life came to an abrupt halt. Multiple trams stopped operating in the city center at midday, causing severe traffic congestion. Xinhua

# 68 killed in U.S. air raids on detention center in N. Yemen: Houthis

**Sanaa April 28**

The death toll from Monday's U.S. airstrikes on a detention center in northern Yemen has risen to 68, with 47 injured, reported the Houthi-run Al-Masirah TV.

The Houthis, who control much of northern Yemen, said all the victims are illegal African migrants held in the detention center in Saada, the capital city of the namesake Saada province, in northern Yemen.

The television said the 68 bodies were recovered from the rubble after civil defense teams put out the fire that resulted from the U.S. airstrikes. The injured were taken to hospitals.

"One of the American missiles that hit the detention center did not explode. The relevant authorities are handling the object with extreme caution," the Houthi television said.

"The migrants in this center are under the supervision of the International Organization for Migration (IOM) and the International Committee of the Red Cross, and targeting this center constitutes a full-fledged war crime," the Houthi group said in a statement on the television channel.

"The American administration bears full responsibility for the heinous crime against African immigrants," the Houthis said.

According to the IOM, Yemen remains a transit country for thousands of migrants traveling between the Horn of Africa and Saudi Arabia despite years of civil war in the country.

Tensions between the Houthi group and the U.S. military have sharply risen since Washington resumed airstrikes on Houthi positions in Yemen on March 15. The strikes were intended to deter the Houthis from targeting Israel and U.S. ships in the Red and Arabian Seas. Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဂျပန်နိုင်ငံက အသံထက်မြန်သောဟိုက်ပါဆောနစ် ခြိမ်းခြောက်မှုများကိုတန်ပြန်ရန် လျှပ်စစ်သံလိုက်လှိုင်းလက်နက်ကို တရားဝင်ထုတ်ဖော်ပြသခဲ့



ဂျပန်နိုင်ငံသည် အသံထက်မြန်သော ဟိုက်ပါဆောနစ် ခြိမ်းခြောက်မှုများကို တန်ပြန်ရန် လျှပ်စစ်သံလိုက်လှိုင်း Railgun လက်နက်ကိုတရားဝင် ထုတ်ဖော်ပြသခဲ့ကြောင်း nextgendefense.com သတင်းဌာနက ဧပြီ ၂၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါအဆင့်မြင့် Railgun လက်နက်ကို ဂျပန်ရေတပ် JS Asuka စစ်သင်္ဘောကုန်းပတ်ပေါ်တွင် တင်ဆောင်၍ ပြီးခဲ့သည့် သီတင်းပတ်အတွင်း၌ စမ်းသပ်မှုပြုလုပ်ခဲ့ကြောင်း သိရသည်။

ဂျပန်ကိုယ်ပိုင်ကာကွယ်ရေး ရေတပ် ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Omachi Katsushi က အနာဂတ်မျိုးဆက်သစ် နည်းပညာကို လက်တွေ့ကြည့်ရှုရန် အတွက် စမ်းသပ်မှုများ အပြီးသတ် လုပ်ဆောင်နိုင်ခဲ့ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ စမ်းသပ်မှုများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို လျှို့ဝှက်ထားဆဲဖြစ်သော်လည်း လျှပ်စစ်သံလိုက်လှိုင်း Railgun လက်နက်ဆိုသည်မှာပေါက်ကွဲခဲယမ်းများအစား လျှပ်စစ်သံလိုက်စွမ်းအင်ကိုအသုံးပြု၍ ဟိုက်ပါဆောနစ် ဒုံးကျည်များကိုတုံ့ပြန်ပစ်လွှတ်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်ကြောင်း လေ့လာ သိရှိရသည်။

စမ်းသပ်မှုရလဒ်များအနေဖြင့် ယုံကြည်နိုင်ဖွယ်မရှိသော တစ်စက္ကန့်လျှင် မီတာ ၂၅၀၀ အလျင်နှုန်းဖြင့် အသံထက်မြန်သောဟိုက်ပါဆောနစ် ဒုံးကျည်များကဲ့သို့ မြန်နှုန်းမြင့် ပစ်မှတ်များကိုကြားဖြတ်ပစ်ချဖျက်ဆီးနိုင်ရန် အကောင်းဆုံးရွေးချယ်မှုတစ်ရပ် ဖြစ်လာနိုင်ကြောင်း သိရသည်။ အကယ်၍ ရည်မှန်းချက်များအတိုင်းအောင်မြင်မည်ဆိုပါက ဂျပန်နိုင်ငံသည် မျိုးဆက်သစ်လေကြောင်းရန်ကာကွယ်ရေးစနစ်ဖြစ်လာမည့် လျှပ်စစ်သံလိုက်လှိုင်းသုံး Railgun လက်နက်ကို ပထမဆုံး တိုက်ပွဲဝင်ဖြန့်ကြက်အသုံးပြုနိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

သိပ္ပံပညာကို စိတ်ကူးယဉ်အဆင့်မှ စစ်မြေပြင် လက်တွေ့အသုံးပြုနိုင်ရန် အဆင့်သို့ ပြောင်းလဲခြင်းသည် လွယ်ကူလှသည်မဟုတ်ဘဲ ထိုအထဲမှ လျှပ်စစ်သံလိုက်လှိုင်း Railgun လက်နက်များတီထွင်အသုံးပြုရန်မှာ အခက်ခဲဆုံး စစ်ဘက်နည်းပညာများထဲမှ တစ်ခုအပါအဝင် ဖြစ်သည်။ ၎င်းတို့သည် ကြီးမားသော လျှပ်စစ်ပါဝါ၊ အလွန်တာရှည်ခံသောသတ္တုပစ္စည်းများနှင့် ပဲ့ထိန်းလက်နက်ခဲယမ်းများကို အားကိုးစရာမလိုဘဲ မြန်နှုန်းမြင့် ပစ်မှတ်များကိုတိကျစွာတိုက်ခိုက်နိုင်ရန်အတွက်မှာ လိုအပ်ချက်များပြားလွန်းကြောင်း သိရသည်။

အမေရိကန်နိုင်ငံသည် ၁၅ နှစ်တာကာလအတွင်း ကန်ဒေါ်လာသန်း ၅၀၀ ခန့်ကို အဆိုပါ Railgun လက်နက်တီထွင်ထုတ်လုပ်ရေးတွင် အသုံးပြုခဲ့ပြီး ၂၀၂၀ ခုနှစ်တွင် ပရိုဂရမ်ဖျက်သိမ်းလိုက်ရသည်ထိ ဖြစ်ခဲ့သည်။ သို့သော် ဂျပန်နိုင်ငံသည် နောက်မဆုတ်ခဲ့ပေ။ ဂျပန်နိုင်ငံသည် အစကနဦး၌ Railgun လက်နက် တီထွင်ထုတ်လုပ်ရေးတွင် အမေရိကန်နိုင်ငံနှင့် ပူးပေါင်း၍ နည်းလမ်းကြံဆခဲ့သော်လည်း နောက်ပိုင်းတွင် ပြင်သစ်၊ဂျာမနီနိုင်ငံတို့နှင့် ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာသဘောတူညီချက်များ လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း သိရသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် ဂျပန်နိုင်ငံသည် ပထမဆုံးသော Railgun လက်နက်ကို သင်္ဘောတွင် တင်ဆောင်၍ အောင်မြင်စွာပစ်ခတ် စမ်းသပ်နိုင်ခဲ့ပြီး ပင်လယ်ပြင်တွင် လူသိရှင်ကြား ပထမဆုံးစမ်းသပ်မှုတစ်ရပ် ပြုလုပ်ခဲ့သည်။ အဆိုပါလျှပ်စစ်သံလိုက်လှိုင်းသုံး Railgun လက်နက်သည် သမားရိုးကျလက်နက်များထက် တိကျမှုပိုမိုမြင့်မားကာရေတပ်လေကြောင်းရန်ကာကွယ်ရေး အခန်းကဏ္ဍတွင် အလှည့်အပြောင်းတိုးတက်ဖွံ့ဖြိုးမှုတစ်ရပ် ဖြစ်လာနိုင်လိမ့်မည်ဖြစ်ကြောင်း ဂျပန်နိုင်ငံစစ်ဘက်တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားထားသည်။

**Japan Flexes Hypersonic-Killing Railgun for First Time** ကို ဘာသာပြန်ဆိုထားပါသည်။

## တောင်ကိုရီးယားက အီရတ်သို့ စစ်လက်နက်ပစ္စည်းများတင်ပို့ရောင်းချပေးရန် စိတ်ဝင်စားလျက်ရှိ

တောင်ကိုရီးယားနိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသတွင် ကာကွယ်ရေးပစ္စည်း တင်ပို့ရောင်းချမှုတိုးမြှင့်ရန် ကြိုးပမ်းနေပြီး ရဟတ်ယာဉ်များ၊ တိုက်လေယာဉ်များနှင့် လေကြောင်းရန်ကာကွယ်ရေးစနစ်များအပါအဝင် အီရတ်နိုင်ငံသို့ စစ်လက်နက်၊စက်ပစ္စည်းကိရိယာများပိုမိုကျယ်ပြန့်စွာရောင်းချပေးနိုင်ရန် စိတ်ဝင်စားလျက်ရှိကြောင်းThe Defense Post သတင်းဌာနက ဧပြီ ၂၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်ရှိ IQ-DEX 2025 ကာကွယ်ရေးကုန်စည်ပြပွဲအတွင်း အီရတ်နိုင်ငံ ကာကွယ်ရေးအရာရှိများနှင့် တောင်ကိုရီးယားနိုင်ငံ ကာကွယ်ရေးပစ္စည်းဝယ်ယူရေးစီမံခန့်ခွဲမှုညွှန်ကြားရေးမှူးရုံး(DAPA)တို့မှ တာဝန်ရှိပုဂ္ဂိုလ်များသည် တောင်ကိုရီးယားနိုင်ငံထုတ် စစ်လက်နက်ပစ္စည်းများ ဝယ်ယူရေးနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

တောင်ကိုရီးယားနိုင်ငံသည် အီရတ်နိုင်ငံသို့ KUH-1 Surion ရဟတ်ယာဉ် နှစ်စီးကို အမေရိကန်ဒေါ်လာ ၉၂ ဒသမ ၇ သန်းဖြင့် ရောင်းချပေးနိုင်ရန် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်းက လက်မှတ်ရေးထိုးနိုင်ခဲ့ပြီးဖြစ်သည်။

ထိုအချက်ပေါ်အခြေခံ၍ DAPA ၏ ရဟတ်ယာဉ်ပရိုဂရမ်ဌာနခွဲ အကြီးအကဲ KoHyung-seok က KUH-1 Surion ရဟတ်ယာဉ်များကို ထပ်မံရောင်းချပေးနိုင်ရန် တိုက်တွန်းဆွေးနွေးခဲ့သည်။

DAPA ၏ အဆိုအရအီရတ်နိုင်ငံသည် တောင်ကိုရီးယားထုတ် FA-50 အပေါ့စားတိုက်ခိုက်ရေးလေယာဉ်များနှင့် ယာဉ်တင်လေကြောင်းရန် ကာကွယ်ရေးစနစ်များကိုပါ ဝယ်ယူအသုံးပြုသွားနိုင်ရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

အီရတ်နိုင်ငံအနေဖြင့် ပုံမှန်ဝယ်ယူနေကျ အမေရိကန်နှင့် ရုရှားနိုင်ငံထုတ် အမျိုးအစားမတူ ကွဲပြားသော စစ်လက်နက်ပစ္စည်းများ ဝယ်ယူဖြည့်တင်းသွားရန် ရည်ရွယ်ထားသည်ဟု ကောက်ချက်ချနိုင်သည်။

အရှေ့အလယ်ပိုင်းဒေသတွင် တောင်ကိုရီးယားနိုင်ငံ၏ ကာကွယ်ရေးပစ္စည်းတင်ပို့ရောင်းချနိုင်မှုတိုးချဲ့လုပ်ဆောင်နိုင်ရေးအတွက် ဆောင်ရွက်လာခြင်းသည်ပိုမိုကျယ်ပြန့်သော K-Defense မဟာဗျူဟာ၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး နိုင်ငံကိုကမ္ဘာ့ထိပ်တန်း စစ်လက်နက်ပစ္စည်းတင်ပို့ရောင်းချသည့် နိုင်ငံအဖြစ်ရပ်တည်ရန် အမျိုးသားအဆင့်ကြိုးပမ်းမှုတစ်ခုလည်းဖြစ်သည်။

အဆိုပါ ချဉ်းကပ်မှုနည်းလမ်းသည် တောင်ကိုရီးယားနိုင်ငံထုတ် အဆင့်မြင့်ပြည်တွင်းဖြစ် နည်းပညာ၊ ထိရောက်သော ကုန်ထုတ်လုပ်မှုနှင့် စနစ်များ၏ ယုံကြည်စိတ်ချရမှု မှတ်တမ်းများစသည့် အားသာချက်များအပေါ် ကြီးမားစွာမူတည်နေသည်။ အာရှ နှင့် ဥရောပတိုက်မှ နိုင်ငံအချို့သည် တောင်ကိုရီးယား၏ အဓိကကျသော ဈေးကွက်များအဖြစ် ကာလကြာရှည်စွာ ပစ်မှတ်ထားခဲ့သော်လည်း အရှေ့အလယ်ပိုင်းဒေသသည် မဟာဗျူဟာမြောက် နယ်ပယ်တစ်ခုအဖြစ် လျင်မြန်စွာချဉ်းကပ်ဆောင်ရွက်လာနေသည်ကိုတွေ့မြင်နေရသည်။

မကြာသေးမီကလုပ်ဆောင်ချက်များအရတောင်ကိုရီးယားနိုင်ငံသည် ၎င်း၏ KF-21 Boramae တိုက်လေယာဉ်များ ပူးတွဲထုတ်လုပ်ရန်အတွက် အဓိကကျသော ပူးပေါင်းဆောင်ရွက်မှု စာချုပ်တစ်ရပ်ကို အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီးနိုင်ငံ)နှင့် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ထိုအတောအတွင်း ဆော်ဒီအာရေဗျနိုင်ငံကလည်း ၎င်း၏ တောင်ဘက်နယ်စပ်တစ်လျှောက် K239 Chunmoo အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်ကို တပ်ဖြန့်ချထားခဲ့ပြီး တောင်ကိုရီးယားထုတ် စစ်လက်နက်ပစ္စည်းဘက်သို့ ကူးပြောင်းအသုံးပြုနေခြင်းကို ဖော်ညွှန်းပြသလျက်ရှိသည်။

S.Korea Eyes Bigger Arms Deal With Iraq Including Choppers, Jets, Air Defense ကို ဘာသာပြန်ဆိုထားပါသည်။



**မင်းမျိုး**

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့် မတ်လအတွင်း ငှက်ပျောအစုံအဖီးရေ အများအပြားတင်ပို့ရောင်းချ နိုင်ခဲ့



**ညောင်တုန်း မေ ၂၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မတ်လအတွင်း ငှက်ပျောအစုံအဖီးရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ငှက်ပျောသီးရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်သန်းဌေးက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ဒေသထွက် ငှက်ပျောအဖီးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ယခုနှစ် ဖေဖော်ဝါရီလအတွင်း ငှက်ပျောသီးအဖီးရေ ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လ ၁ ရက်မှ ၃၁ ရက်ထိ ငှက်ပျောသီး အဖီးရေ ၈၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ မတ်လအတွင်း ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချခဲ့သည့် ငှက်ပျောသီးများသည် ဖီးကြမ်း၊ ရခိုင်၊ သီးမွှေး၊ ရွှေငှက်ပျော စသည့် ငှက်ပျော အမျိုးအစားများ အများဆုံး တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရန်ကုန်ဘက်ကို ငှက်ပျောအစုံတင်ပို့အား ကောင်းခဲ့ပါတယ်။ လက်ရှိ ငှက်ပျောတင်ပို့အားကောင်းလာတော့ ငှက်ပျောစိုက်သူတွေအတွက် အဆင်ပြေတာ တွေ့ရပါတယ်။ ဒါပေမယ့် လက်ရှိပွဲရုံတွေဆီ ငှက်ပျော အဝင်နည်းနေပါတယ်။ ဒေသမှာ ငှက်ပျောစိုက်သူလျော့နည်းလာလို့ဖြစ်ပါတယ်။ ငှက်ပျောစိုက်တဲ့ တောင်သူတွေက မိုးစပါးပြီးနွေစပါးတွေ ဆောင်းသီးထပ်တွေ စိုက်ပျိုးလာလို့ဖြစ်ပါတယ်။ ငှက်ပျောက လက်ရှိလဲ အဝယ်လိုက်နေပါတယ်"ဟု ညောင်တုန်းမြို့နယ်မှ ငှက်ပျောရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်သန်းဌေးက ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်မှ တောင်သူများသည် ငှက်ပျောပင်ကို လယ်ကွင်းထဲတွင် လည်းကောင်း၊ ခြံကွက်များဖြင့် လည်းကောင်း စိုက်ပျိုးကြပြီး ဖီးကြမ်းငှက်ပျောနှင့် ရခိုင်ငှက်ပျော နှစ်မျိုးကို အဓိကထား စိုက်ပျိုးကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**




# ကောလင်းခရိုင်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းကေ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ကောလင်း မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၁၄၃၃ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပြောင်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ အစေ့ထုတ်ပြောင်း ၁၉ ကေ တစ်ကေလျှင် ၃၆ ဒသမ ၁၆ တင်းနှင့် ဖူးစားပြောင်း ၁၄၁၄ ကေ တစ်ကေလျှင် ပြောင်းအဖူးရေ ၂၁၀၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"ကောလင်းခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပြောင်း ၁၄၃၃ ကေထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပြောင်းခင်းတွေ အခုလက်ရှိအချိန်မှာတော့ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်အောင်၊ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးဆောင်ရွက်ခဲ့ပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းကပြောပြသည်။

ကောလင်းခရိုင်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခဲ့ကြောင်း သိရသည်။

ပြောင်းသီးနှံများကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ပြောင်းသီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မင်းလှမြို့နယ် စစ္စနို့ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**မင်းလှ မေ ၂၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန်ရည်ရွယ်၍ စစ္စနို့ကျေးရွာ၌ ဒသမအကြိမ်မြောက် မြစိမ်းရောင် ကျေးရွာစီမံကိန်းမှ ချေးငွေများ ထုတ်ချေးခြင်းကို မေ ၂၇ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးက စစ္စနို့ကျေးရွာမှတာဝန်ရှိသူများ၊ မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင် ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်း လက်စွဲစာစောင်ပါ အကြောင်းအရာများ၊ အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့်အတိုးနှုန်း သတ်မှတ်ချက်များ၊ ချေးငွေ ထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၆၅ ဒသမ ၃၀ သန်းကို စစ္စနို့ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စစ္စနို့ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄၃ ဦးကို ငွေကျပ် ၄၀ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၂ ဦးကို ငွေကျပ် ၂၃ ဒသမ ၄၀ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ခုနှစ်ဦးကို ငွေကျပ် တစ် ဒသမ ၉၀ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၃၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်မတည်ရန်ပုံငွေကျပ် ၆၅ ဒသမ ၃၀ သန်းကို သက်သာသောအတိုးနှုန်းဖြင့် ထုတ်ချေးပေးခဲ့ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးထံမှ သိရသည်။

**ကိုညို**

# မြဝတီမြို့နယ် နဒီရန်လင်းမြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မြဝတီ မေ ၂၈**


ကရင်ပြည်နယ် မြဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ နဒီရန်လင်းမြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို မေ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ နဒီရန်လင်းမြိုင် ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကျော်သူရက စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် နဒီရန်လင်းမြိုင်ကျေးရွာ၌စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၇ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၆ ဦးကို ငွေကျပ် ၃၂ ဒသမ ခြောက်သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၁၁ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၅ ဦးကို မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၁ ဒသမ ၅ သန်းအား အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်သူရထံမှ သိရသည်။

**ကိုသက်**










နိုင်ငံတော်သြဝါဒါစရိယ တပ်ကုန်းမြို့ မဟာသီဟနာဒကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ တက်ရောက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

ရှေ့ဖုံးမှအဆက်

တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများ၊ ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ပြည်တွင်းမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ နိုင်ငံတကာမှရောက်ရှိလာသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များအတူတကွ ပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဦးစားပေးအဆင့်အလိုက် ဆက်လက်ဆောင်ရွက်နေမှုအခြေအနေများကိုတင်ဆက်ထားသည့် မှတ်တမ်းရုပ်သံဗီဒီယိုကို ကြည့်ရှုကြသည်။

ထို့နောက် မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ပျံလွန်၊ ကွယ်လွန်ခဲ့ကြရသည့် ရဟန်းရှင်လူ ပြည်သူများအား ရည်စူး၍တစ်လပြည့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို "နမောတဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး မဟာသီဟနာဒကျောင်းတိုက်ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဆရာတော်၊ သံဃာတော်များ



နိုင်ငံတော်သြဝါဒါစရိယ တပ်ကုန်းမြို့ မဟာသီဟနာဒ ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ တွဲဖက် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီးတို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဇနီးတို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တက်ရောက်လာကြသူများက မန္တလေးလျှောင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ပြည်တွင်းမှကူညီကယ်ဆယ်ရေးအဖွဲ့များ၊ နိုင်ငံတကာမှရောက်ရှိလာသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များအတူတကွပူးပေါင်း၍ အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဦးစားပေးအဆင့်အလိုက် ဆက်လက်ဆောင်ရွက်နေမှုအခြေအနေများကိုတင်ဆက်ထားသည့် မှတ်တမ်းရုပ်သံဗီဒီယိုအား ကြည့်ရှုကြစဉ်။



ဆရာတော်ကြီးများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြိုင်ကြိုင်လှတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ကြီးများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် ဇနီးတို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ရွတ်ပွားချီးမြှင့်တော်မူကြသည့် မေတ္တသုတ် ပရိတ်တရားတော်များကို နာယူကြည်ညို ကြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ပေါက်မြိုင်ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးတို့က မဟာသီဟနာဒဆရာတော်ကြီးထံ လည်းကောင်း၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများက ဆရာတော်၊ သံဃာတော်များထံ လည်းကောင်း လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ပါဠိတက္ကသိုလ် မင်္ဂလာဧယျုံကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ တရားတော်များနာကြား၍ မန္တလေးလျှောင်ကြီး လှုပ်ခတ်မှုကြောင့် ပျံလွန်၊ ကွယ်လွန်ခဲ့ကြရသည့် ရဟန်းရှင်လူပြည်သူများအားရည်စူးပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက်အခမ်းအနားကို"ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု"သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့သည်။

၎င်းနောက် အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီးတို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီးတို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။



# လူရည်ချွန်တို့ပျော်တဲ့ပွဲ.....အစိုးရရဲ့စေတနာကိုမြင်ရမယ့်ပွဲ.....

## ထက်မြတ်

"လူရည်ချွန်ဖြစ်ဖို့ ကျွန်တော်ကြိုးစားမည်... ဆရာဝန်ဖြစ်ဖို့ ကျွန်တော်ကြိုးစားမည်... မြန်မာ့သားကောင်းဇာနည် စစ်သားကြီးကို ကျွန်တော်မျှော်မှန်းသည်...

တစ်နေ့က နေ့လယ်စာစားပြီး အိမ်ရှေ့ကွပ်ပျစ်လေးမှာထိုင် ထန်းလျက်ခဲလေးစား ရေနွေးကြမ်းလေးသောက် ဖုန်းထဲကနေ "လူရည်ချွန်" ဆိုတဲ့ သီချင်းလေးနားထောင်နေတုန်း ရုတ်တရက်ဆိုသလို ကားတစ်စီး ထိုးဆိုက်လာပါတယ်။ ကားထဲက ဆင်းလာသူက ကျွန်တော့်ရဲ့ တစ်မြို့တည်းနေ မိတ်ဆွေရင်းကြီး ကိုငြိမ်းချမ်းပေါ့။ သူ့ကြည့်ရတာ အလောတကြီးနဲ့ တစ်ခုခုကို အလိုမကျပုံပဲ။ ဒါနဲ့ ကျွန်တော်ကပဲ ခရီးဦးကြိုနှုတ်ဆက်လိုက်ပါတယ်။

**ထက်မြတ်။** လာဗျာ ကိုငြိမ်းချမ်း။ ခင်ဗျားကြည့်ရတာ မောနေပုံပဲ။ ရေနွေးကြမ်းလေးသောက်၊ ထန်းလျက်လေးစားဦးဗျာ။

**ငြိမ်းချမ်း။** ဟုတ်တယ် ကိုထက်မြတ်ရေ၊ ကျွန်တော့်မှာလည်း အိမ်ကအပျက်အစီးတွေကို ရှင်းရင်းနဲ့ မောလာတာကတစ်ဖက်၊ အိမ်ကသားတော်မောင်က တက္ကသိုလ်ဝင်တန်းပြန်ဖြေရမယ်ဆိုတဲ့ သတင်းက တစ်ဖက်နဲ့ လူကောစိတ်ကော မောနေတာပဲဗျို့။

ကိုငြိမ်းချမ်းတို့ မိသားစုဆိုတာ ဟိုတလောက ငလျင်လှုပ်တော့ ကံကောင်းထောက်မစွာနဲ့ အပြင်ရောက်နေလို့ လူတွေက ဘာမှမဖြစ်ပေမယ့် အိမ်ကတော့ ဖြိုပြီး ပြန်ဆောက်ရမယ့်အခြေအနေနဲ့ ရင်ဆိုင်နေရသူပါ။

**ထက်။** ဆိုစမ်းပါဦးဗျ။ ဘာတွေစိတ်မောနေရတာလဲ။

**ငြိမ်း။** ဒီလိုဗျ။ တက္ကသိုလ်ဝင်စာမေးပွဲတွေ ပြန်ဖြေရမယ်ဆိုတဲ့ကိစ္စလေ။ ခင်ဗျားလည်း ကြားမှာပေါ့။ အိမ်ကသားကလည်း စာမေးပွဲပြန်ဖြေရမယ့်အထဲမှာပါတယ်လေ။ အခု ပြန်ဖြေခိုင်းရင် ကောင်းမလား။ မဖြေခိုင်းရင်ကောင်းမလား။ စဉ်းစားရကျပ်နေတာဗျ။ ကျွန်တော့်သဘောကတော့ အစိုးရအနေနဲ့ မီးလောင်တဲ့ထဲပါသွားတဲ့ အဖြေလွှာပိုင်ရှင်တွေအားလုံးကို အအောင်ပေးလိုက်လည်း ရတာပဲမဟုတ်ဘူးလား။ ကျွန်တော်တော့ အခုလိုမျိုးပြန်ဖြေခိုင်းတဲ့ကိစ္စကြီးကို သိပ်သဘောမကျပါဘူးဗျာ။ ခင်ဗျားက ဒီအပိုင်းတွေနဲ့ပတ်သက်ရင် နည်းနည်းလည်း နှံ့နှံ့စပ်စပ်ရှိတော့ အကြံလည်းတောင်းရအောင် လာခဲ့တာပဲဗျို့။

**ထက်။** ဟုတ်ပြီဗျာ။ ခင်ဗျားက အကြံလာတောင်းတော့လည်း အကြံကောင်းပေးရတာပေါ့။ ကျွန်တော်ပေးမယ့်အကြံကတော့ ခင်ဗျားသားကို တက္ကသိုလ်ဝင်စာမေးပွဲ ပြန်ဖြေခိုင်းလိုက်ပါဗျာ။

**ငြိမ်း။** ဘာကြောင့်လဲဆိုတာ လင်းပါဦးဗျ။ အခုလိုမျိုးအကြံပေးရတဲ့အတွက် ခင်ဗျားမှာ အကြောင်းပြချက်ကောင်းတစ်ခု ရှိမယ်လို့ယုံတယ်ဗျာ။

**ထက်။** အကြောင်းပြချက်ကောင်းက တစ်ခုတည်းမဟုတ်ဘူးဗျ။ အများကြီးရှိတယ်။ အရင်ဆုံး တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာတွေ မီးထဲပါသွားရတဲ့အကြောင်းကို ပြောပြမယ်။ ငလျင်လှုပ်တော့ မန္တလေးတက္ကသိုလ် ပင်မဆောင်မှာ စာစစ်လုပ်ငန်းဆောင်ရွက်နေတဲ့ ဆရာ၊ ဆရာမတွေ အများကြီးပဲရှိတယ်ဗျ။ သူတို့လည်း ငလျင်လှုပ်ပြီဆိုတာနဲ့ အဆောင်အောက်ကိုပြေးထွက်ပြီး အသက်ဘေးလွတ်ရာကို ရှောင်တိမ်းကြရတယ်ပေါ့ဗျာ။ အဲ့ဒီအချိန်မှာ ငလျင်ဒဏ်ကြောင့် တက္ကသိုလ်ပင်မဆောင်က ပြိုကျသွားတဲ့အပြင် နောက်ဆက်တွဲအနေနဲ့ မီးလောင်မှုလည်းဖြစ်ခဲ့တယ်ဗျ။ အဲဒီမီးလောင်မှုမှာ အဖြေလွှာတွေအားလုံး မီးလောင်ပျက်စီးသွားရတာပဲဗျာ။ တစ်နိုင်ငံလုံးရဲ့အဖြေလွှာတွေတော့ မဟုတ်ပါဘူး။ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနဲ့ နေပြည်တော်ကောင်စီနယ်မြေတို့က ကျောင်းသားတွေရဲ့ အဖြေလွှာတွေပဲပါသွားတာပါ။ ကျန်ရှိတဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တို့က ကျောင်းသားတွေရဲ့ အဖြေလွှာတွေကတော့ အခုဆိုရင် အမှတ်တောင်ခြစ်ပြီးလောက်ပြီနဲ့တူတယ်ဗျ။ အဲဒီအဖြေလွှာတွေထဲမှာ ဂုဏ်ထူးထွက်တဲ့သူရှိမယ်။ ရိုးရိုးအောင်တဲ့သူရှိမယ်။ ခင်ဗျားပြောသလို မီးလောင်သွားတဲ့ အဖြေလွှာတွေရဲ့ ပိုင်ရှင်တွေအားလုံးကို အအောင်ပေးလိုက်မယ်ဆိုရင် သူတို့ရဲ့ရမှတ်ကို ဘယ်လိုတွက်မလဲဗျ။ တချို့ကပြောကြတာရှိတယ်။ အခုအအောင်ပေးလိုက်ပြီး သူတို့နှစ်သက်ရာ တက္ကသိုလ်ကိုတက်တော့မှ တက္ကသိုလ်တွေကနေ ဝင်ခွင့်စာမေးပွဲစစ်ဆေးလိုက်ရင် မရဘူးလားဆိုပြီး ပြောကြတာလေ။ ခင်ဗျားလည်း ကြားမိမယ်ထင်ပါတယ်။ ဒီအတွက် ကျွန်တော့်အနေနဲ့ နည်းနည်းလောက် ထပ်ရှင်းပြဦးမယ်ဗျ။ အခုတော့ ရေနွေးလေးသောက်လိုက်ဦးမယ်။

**ငြိမ်း။** သောက်ပါဗျာ။ သောက်ပါ။ ခင်ဗျားပြောမှ သိရမယ့်သူဆိုတော့လည်း စောင့်ရမှာပေါ့။

**ထက်။** ကျွန်တော် အခုပြောမယ့်အကြောင်းက မြန်မာနိုင်ငံရဲ့ တက္ကသိုလ်ဝင်စာမေးပွဲစနစ်က ဘယ်လိုအရာတွေနဲ့ ချိတ်ဆက်ထားတယ်ဆိုတဲ့ အကြောင်းပဲဗျ။ ခင်ဗျား GCE O-Level ဆိုတာ ကြားဖူးတယ်မလား။ အခုတော့ IGCSE လို့ ခေါ်တာပေါ့။ နိုင်ငံတကာမှာ အသုံးပြုနေတဲ့ တက္ကသိုလ်ဝင်စာမေးပွဲစနစ်လေ။ ဒီမှာ တက္ကသိုလ်ဝင်စာမေးပွဲအောင်ပြီးလို့ တခြားနိုင်ငံတွေမှာ တက္ကသိုလ်ဆက်တက်ချင်တယ်။ နိုင်ငံခြားကို ပညာတော်သင်အနေနဲ့ သွားချင်တယ်ဆိုရင် IGCSE ကို မဖြစ်မနေဖြေရတာပေါ့။ အခု ကျွန်တော်တို့နိုင်ငံက ပညာရေးကို အဆင့်မြှင့်တင်လာတဲ့အတွက် ဒီက တက္ကသိုလ်ဝင်စာမေးပွဲနဲ့ IGCSE ကို ချိတ်ဆက်ထားတယ်ဆိုတာ သိတဲ့သူ တော်တော်နည်းတယ်ဗျ။ ဆိုလိုတာက ဒီမှာ တက္ကသိုလ်ဝင်စာမေးပွဲအောင်ပြီဆိုတာနဲ့ IGCSE ကို အောင်တာနဲ့အတူတူပဲလို့ ပြောလို့ရတာပေါ့။ အထူးသဖြင့် အင်္ဂလိပ်စာ၊ သင်္ချာ စတဲ့ဘာသာရပ်အခြေပြု စာမေးပွဲပါ။ ဒီမှာ အင်္ဂလိပ်စာအောင်ရင် IGCSE မှာလည်း အင်္ဂလိပ်စာအောင်မယ်။ ဒီမှာ သင်္ချာအောင်ရင် IGCSE မှာလည်း သင်္ချာအောင်မယ်။ အဲဒီသဘောမျိုးပေါ့။ ဒါပေမဲ့ IGCSE က အောင်ရုံသက်သက်မဟုတ်ဘူးဗျ။ သူ့မှာ အမှတ်စာရင်းဆိုတာရှိတယ်။ သတ်မှတ်ထားတဲ့ အမှတ်စာရင်းကိုရမှသာ အောင်တယ်လို့ဆိုနိုင်တာကိုးဗျ။ အစောပိုင်းက ခင်ဗျားပြောသလို အားလုံးကို အအောင်ပေးလိုက်ရင် မီးလောင်သွားတဲ့ အဖြေလွှာပိုင်ရှင်တွေအတွက် သိပ်ကိုနစ်နာလှတယ်ဗျ။ ဘာဖြစ်လို့လဲဆိုရင် သူတို့မှာ အမှတ်စာရင်း မရှိဘူးလေ။ ဒီတော့ အစိုးရက အအောင်ပေးလို့သာ အောင်သွားရတယ်။ နိုင်ငံတကာမှာတော့ တန်းမဝင်နိုင်တော့ဘူးလေ။ အဓိကက နိုင်ငံခြားပညာတော်သင် မှန်းထားတဲ့သူတွေအနေနဲ့ ဆုံးရှုံးနစ်နာမှုက အကြီးကြီးဖြစ်သွားမှာပါ။ ပြီးတော့ လူရည်ချွန်မှန်းထားတဲ့ ကလေးတွေ။ အခုမီးလောင်သွားတဲ့ အဖြေလွှာတွေထဲမှာ ဘာသာစုံအမှတ်ပြည့်ရနိုင်တဲ့သူတွေ မပါဘူးလို့ ခင်ဗျားတပ်အပ်ပြောနိုင်ပါ့မလား။ နိုင်ငံခြားပညာတော်သင်သွားချင်တဲ့ ကလေးတွေ၊ သွားခွင့်ရမယ့် ကလေးတွေ၊ လူရည်ချွန်ဖြစ်နိုင်တဲ့ ကလေးတွေ မပါဘူးလို့ကော ခင်ဗျားပြောနိုင်မလား။ ဒါကြောင့် တိုင်းဒေသကြီး၊ ပြည်နယ် လေးခုက မီးလောင်သွားတဲ့အဖြေလွှာတွေအတွက်ကျောင်းသားတွေအနေနဲ့ တက္ကသိုလ်ဝင်စာမေးပွဲကို ပြန်ဖြေသင့်တယ်ဆိုတဲ့ ပထမဆုံးအကြောင်းပြချက်ကတော့ ဒါပါပဲဗျာ။

**ငြိမ်း။** ခင်ဗျားပြောတော့လည်း ဟုတ်သားပဲဗျ။ ကျွန်တော်တို့ရဲ့ တက္ကသိုလ်ဝင်စာမေးပွဲက GCE O-Level၊ ခင်ဗျားပြောတဲ့ IGCSE နဲ့ချိတ်ဆက်ထားတယ်ဆိုတာ တကယ်ကို မသိခဲ့တာဗျ။ အခုတော့ ခင်ဗျားကျေးဇူးကြောင့် သိလိုက်ရပါပြီ။ ဒါနဲ့ နောက်ထပ်အကြောင်းရင်းတွေကော ရှိသေးလားဗျ။ ရှိရင် ပြောပါဦး။

**ထက်။** ရှိသေးတယ်ဗျ။ ဒါကျတော့ ဂုဏ်သိက္ခာနဲ့ဆိုင်သွားပြီ။ ဥပမာဗျာ။ အခုအစိုးရက မီးလောင်သွားတဲ့ အဖြေလွှာတွေရဲ့ ပိုင်ရှင်တွေကို အားလုံးအအောင်ပေးလိုက်ပြီဆိုပါစို့။ ကျောင်းပြီးလို့ အလုပ်ခွင်တွေ ဝင်ကြတဲ့အခါ အချင်းချင်းမေးကြမြန်းကြတာရှိတယ်လေ။ တက္ကသိုလ်ဝင်စာမေးပွဲကို ဘယ်နှခုနှစ်က အောင်တာလဲပေါ့။ ၂၀၂၅ ခုနှစ်မှာ အောင်တာပါပေါ့။ ဟာဒါဆို တက္ကသိုလ်ဝင်စာမေးပွဲကို အလိုအလျောက်အောင်လာတဲ့သူတွေပေါ့ဆိုတဲ့ အကြည့်နဲ့ အရင်ဆုံးအကြည့်ခံရမှာ မဟုတ်ဘူးလားဗျ။ ခင်ဗျားကို မန္တလေးကလား၊ ရန်ကုန်ကလား ဘယ်သူမှ မေးမှာမဟုတ်ဘူးဗျ။ ၂၀၂၅ ခုနှစ်မှာ အောင်တယ်ဆိုတာနဲ့တင် အဲဒီသူရဲ့အရည်အချင်းကို လူတွေက တန်းပြီး အကဲဖြတ်လိုက်ကြမယ်ဆိုတာ ခင်ဗျားလည်း ရိပ်စားမိမှာပါ။

**ငြိမ်း။** ခင်ဗျားပြောတော့လည်း ဟုတ်တာပဲဗျ။ ကျွန်တော်တောင် အဲဒီလိုမျိုး မတွေးမိဘူး။ အဲဒီလိုမျိုးသာဆိုရင် တကယ်ကို အရည်အချင်းရှိပေမယ့် ကိုယ့်ရဲ့အရည်အချင်းက ဘယ်လောက်အထိ ရှိပါတယ်ဆိုတာကို ဖော်ပြခွင့်မရတဲ့သူရယ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်ဖို့ အရည်အချင်းမပြည့်မီတဲ့သူရယ်ကို တစ်တန်းတည်းသဘောထားပြီး ဆက်ဆံကြမယ့်အခြေအနေ ဖြစ်သွားမှာပေါ့။ ဒါလေးက ဘာမှမဟုတ်ဘူးဆိုပေမယ့် တကယ်တမ်းရှင်းပြလို့မရတဲ့ အတိုင်းအတာနဲ့ သူတင်ကိုယ်တင် ပြောကြတဲ့အခြေအနေမှာတော့ အရေးပါတယ်လို့ ဆိုရမှာဗျ။

**ထက်။** ဟုတ်တာပေါ့ဗျာ။ အခုလိုမျိုး တက္ကသိုလ်ဝင်စာမေးပွဲကို တချို့လူတွေပြောကြသလို အားလုံးကို အအောင်ပေးလိုက်မယ်ဆိုပါစို့။ တစ်နှစ်ပတ်လုံး ဒီစာမေးပွဲအတွက် ကျားကုတ်ကျားခဲကြိုးစားပြီး အများကြီးမျှော်လင့်ခဲ့တဲ့ ကလေးတွေက အောင်တယ်ဆိုရုံလေးနဲ့ ကျေနပ်ရမယ်ဆိုရင် ခင်ဗျားကောကြိုက်ပါ့မလား။ ကျွန်တော်ကတော့ မကြိုက်ဘူးဗျ။ ဒါကြောင့်လည်း နောင်တစ်ချိန်ရင်ဆိုင်ရမယ့် ကိုယ့်ဂုဏ်သိက္ခာအတွက် အခုကတည်းက နည်းနည်းလောက် ပိုပြီးအပင်ပန်းခံကာ တက္ကသိုလ်ဝင်စာမေးပွဲကို ပြန်ဖြေသင့်တယ်မဟုတ်ဘူးလားဗျာ။ ဒါကတော့ ဒုတိယမြောက် အကြောင်းပြချက်ပေါ့။

**ငြိမ်း။** အခုက ဒုတိယအကြောင်းပြချက်ဆိုရင် နောက်ထပ်အကြောင်းပြချက်တွေ ရှိသေးလို့လားဗျ။

**ထက်။** ရှိပါသေးတော့ဗျာ။ ခင်ဗျားလည်း တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေခဲ့တယ်။ ကျွန်တော်လည်း တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေခဲ့တယ်။ ကျွန်တော်ဆိုလည်း ဂုဏ်ထူးသုံးဘာသာ မှန်းတာ တစ်ဘာသာပဲရခဲ့တယ်။ ခင်ဗျားလည်း ဂုဏ်ထူးမှန်းထားပေမယ့် ရိုးရိုးပဲအောင်ခဲ့တယ်။ ဟုတ်တယ်မလား။ ကျွန်တော်တို့ရဲ့အမှတ်စာရင်းတွေကလည်း ကျွန်တော်တို့ရဲ့ အိပ်မက်ကိုရိုက်ချိုးပြီး အခုလက်ရှိရပ်တည်နေရတဲ့ လမ်းကြောင်းပေါ် တင်ပေးလိုက်ကြတာ မဟုတ်ဘူးလားဗျာ။ ကျွန်တော်ဆိုရင် ဝါသနာပါတာက အင်ဂျင်နီယာပေမယ့် တကယ်တမ်းလုပ်နေရတော့ သာမန်ဝန်ထမ်းလေးပဲ ဖြစ်ခဲ့ရတာလေ။ တကယ်လို့များ ကျွန်တော်တို့ အသက်တွေ ပြန်ငယ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲကို ပြန်ဖြေခွင့်ရမယ်ဆိုရင် ခင်ဗျားကော ပြန်မဖြေချင်ဘူးလား။

**ငြိမ်း။** ဘယ့်နှယ့် ပြောပါလိမ့်ဗျာ။ ပြန်ဖြေချင်တာပေါ့။ တကယ်လို့များ ပြန်ဖြေခွင့်ရမယ်ဆိုရင် ကျွန်တော်အားနည်းခဲ့တဲ့ ဘာသာရပ်တွေကို သေချာပိုင်နိုင်အောင်လုပ်မယ်။ ပြီးရင် အမှတ်ကောင်းကောင်းရပြီး ရေကြောင်းပညာတက္ကသိုလ်ကို ဆက်တက်မယ်ဗျာ။

**ထက်။** ကျွန်တော်ပြောချင်တာလည်း အဲဒါပဲဗျ။ အခုမီးလောင်သွားတဲ့အဖြေလွှာတွေရဲ့ပိုင်ရှင် ကလေးတွေဟာလည်း ပြီးခဲ့တဲ့စာမေးပွဲကြီးမှာ စိတ်တိုင်းကျမဖြေနိုင်ခဲ့တာရှိမှာပဲဗျ။ တချို့ဆိုရင် အင်္ဂလိပ်စာဖြေတဲ့နေ့မှာတင် တော်ပါပြီ ဂုဏ်ထူးမမှန်းတော့ပါဘူး။ နှစ်ချင်းပေါက်အောင်ရင်ပဲ ရပါပြီဆိုပြီး သူတို့ရဲ့အိပ်မက်တွေကို လက်လျှော့လိုက်ကြတဲ့ ကလေးတွေရှိမှာပဲလေ။ ဒီလိုမျိုး မတတ်သာလို့ အိပ်မက်ကိုလက်လျှော့လိုက်ရတဲ့ ကလေးတွေအတွက် အဆိုးထဲကအကောင်းအနေနဲ့ အခုတစ်ကြိမ်က ကံကြမ္မာရဲ့ မျက်နှာသာပေးမှုကိုရတယ်လို့ ယူဆလိုက်မယ်ဆိုရင် စာကိုပိုပြီးတော့ကြိုးစားချင်စိတ်ဖြစ်လာပြီး တက္ကသိုလ်ဝင်စာမေးပွဲကို ပထမတစ်ကြိမ်ကထက်ပိုပြီး ပိုင်ပိုင်နိုင်နိုင်ဖြေဆိုနိုင်မှာ မဟုတ်ဘူးလားဗျာ။ ဒါကြောင့် အခုတစ်ကြိမ်စာမေးပွဲကို ပြန်ဖြေသင့်တယ်ဆိုတဲ့ တတိယမြောက်အကြောင်းပြချက်ကတော့ ပိုကောင်းဖို့ဖြစ်လာတယ်လို့သာ တွေးကြည့်ပြီး ကံကြမ္မာက နောက်တစ်ကြိမ်ကြိုးစားခွင့်ပေးလိုက်တယ်ဆိုတဲ့ အချက်ပဲဗျ။

**ငြိမ်း။** ခင်ဗျားပြောတော့လည်း တော်တော်လေးတော့ သဘောကျဖို့ကောင်းသဗျ။ ဒါနဲ့ နေပါဦးဗျ။ ဒီလိုမျိုးသဘာဝဘေးတွေကြောင့် တက္ကသိုလ်ဝင်စာမေးပွဲကို ထပ်မဖြေရတော့ဘဲ အအောင်ပေးလိုက်တဲ့ဖြစ်စဉ်တွေ နိုင်ငံတကာမှာရှိလားဗျ။ ရှိရင် ကျွန်တော်တို့ ဗဟုသုတရအောင် ပြောပြပါဦး။

**ထက်။** ၁၉၉၅ ခုနှစ် ဇန်နဝါရီ ၁၇ ရက်ပေါ့ဗျာ။ ဂျပန်နိုင်ငံ ကိုဘေးမြို့မှာ ပြင်းအား ၆ ဒသမ ၉ ရစ်ချ်တာစကေးရှိတဲ့ ငလျင်ကြီးလှုပ်တယ်ဗျ။ အဲဒီငလျင်မှာ သေဆုံးသွားသူအရေအတွက်က ၆၄၀၀ ကျော်ရှိတယ်။ အဲဒီငလျင်လှုပ်တဲ့အချိန်က ကျောင်းသားတွေအနေနဲ့ တက္ကသိုလ်ဝင်စာမေးပွဲဖြေဖို့ ပြင်ဆင်နေတဲ့အချိန်ဗျ။ မနက်ဖြန်၊ သန်ဘက်ခါဆိုရင်ပဲ စာမေးပွဲကဖြေတော့မှာ။ အဲဒီအချိန်မှာ ငလျင်က ထလှုပ်တာပေါ့။ ငလျင်လှုပ်တော့ စာမေးပွဲဖြေရမယ့်ကလေးတွေအားလုံးကို စာမေးပွဲမဖြေဘဲ အအောင်ပေးလိုက်တယ်လို့ မထင်နဲ့ဗျ။ ငလျင်ဒဏ်သင့်ဒေသမှာရှိတဲ့ ကလေးတွေအားလုံး ရက်ပြောင်းပြီးတော့ စာမေးပွဲဖြေရတယ်ဗျ။ ဆိုလိုတာက နိုင်ငံတကာမှာလည်း သဘာဝဘေးဒဏ်ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲကို မဖြေခိုင်းဘဲ အအောင်ပေးလိုက်တာမျိုး မရှိဘူးပေါ့ဗျာ။

**ငြိမ်း။** ခင်ဗျားပြောလို့ အဖြေလွှာတွေ မီးလောင်တဲ့အထဲပါသွားတဲ့ ကလေးငယ်တွေအနေနဲ့ တက္ကသိုလ်ဝင်စာမေးပွဲကို ပြန်ဖြေသင့်တယ်ဆိုတဲ့အကြောင်းတော့ သိရပါပြီ။ ဒါပေမဲ့ ကလေးတွေဘက်မှာလည်း အခက်အခဲရှိတယ်ဗျ။ အမြင်သာဆုံး အခက်အခဲကို ပြောရရင် ကျွန်တော့်သားဆိုရင် စာမေးပွဲပြန်ဖြေပါမယ်ဆိုရင်တောင် စာအုပ်တွေမရှိတော့ဘူး။ ပြီးတော့ သိတဲ့အတိုင်းပဲ ကလေးအများစုက စာမေးပွဲပြီးပြီဆိုတာနဲ့ စာတွေကို ခေါင်းထဲက ထုတ်လိုက်ကြတော့တာ။ အခု စာမေးပွဲပြန်ဖြေမယ်ဆိုတော့ စာပြန်သင်ရမယ့်နေရာလည်း မရှိ၊ စာပြန်သင်ပေးမယ့်သူလည်း မရှိနဲ့၊ ခင်ဗျားပြောတဲ့

**စာမျက်နှာ ၁၉ သို့**

# နိုင်ငံတကာမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ ပြည်တွင်းရှာဖွေကယ်ဆယ်ရေးအဖွဲ့အစည်းများနှင့် ပရဟိတအဖွဲ့အစည်းအားလုံးကို ကျေးဇူးတင်ရှိကြောင်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုကြောင်း သတင်းထုတ်ပြန်ချက်

**နေပြည်တော် ဧပြီ ၂၈**

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ဒေသများသို့ နိုင်ငံတော်အစိုးရအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် နိုင်ငံတကာကလည်း လူသားချင်းစာနာထောက်ထားမှုအကူအညီများနှင့် ဆေးဝါးများကို နေ့ရက်အလိုက် မြန်မာနိုင်ငံသို့ ပေးပို့လျက်ရှိသဖြင့် နိုင်ငံတော်နှင့် ပြည်သူများက ကျေးဇူးတင်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံအတွင်းရှိ ငလျင်ဘေးဒဏ်သင့်ဒေသများသို့ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် ရုရှား၊ တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ ယူအေအီး၊ လာအို၊ ဘယ်လာရုစ်၊ အင်ဒိုနီးရှား၊ ဘူတန်၊ ဖိလစ်ပိုင်၊ ဂျပန်၊ နီပေါ၊ ပါကစ္စတန်၊ တူကီယဲ၊ အမေရိကန်၊ သီရိလင်္ကာ၊ ဩစတြေးလျ၊ အဇာဘိုင်ဂျန်၊ ဘရူနိုင်း၊ တောင်ကိုရီးယား၊ ဂျာမနီနှင့် ကမ္ဘောဒီးယား စသည့် နိုင်ငံပေါင်း ၂၆ နိုင်ငံတို့က လူသားချင်းစာနာထောက်ထားမှုအကူအညီပစ္စည်းများ ထောက်ပံ့ပေးခြင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရုရှား၊ တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ ယူအေအီး၊ ဘယ်လာရုစ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် တူကီယဲ စသည့် နိုင်ငံ ၁၃ နိုင်ငံတို့က ဆေးအကာအကွယ်အဖွဲ့များ ပူးတွဲပါဝင်သည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့ ၁၆ ဖွဲ့ လူဦးရေ ၁၀၇၀ နှင့် ရှာဖွေကယ်ဆယ်ရေး ခွေး ၃၈ ကောင်တို့ဖြင့် ပြည်တွင်းရှိ အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ မြေပြင်ကွင်းဆင်း၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အဆောက်အအုံများအတွင်းသို့ ရောက်ရှိပိတ်မိနေကြသည့် ပြည်သူများကို နိုင်ငံအလိုက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြပြီး ကယ်ဆယ်ရှာဖွေတွေ့ရှိခဲ့သည့် လူနာများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း ကယ်ဆယ်သည့်နေရာတွင်ပင် အမြန်ဆုံးဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထိုသို့ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်တွင်းရှာဖွေကယ်ဆယ်ရေးအဖွဲ့အစည်းများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လျင်မြန်စွာဆောင်ရွက်မှုကြောင့် အသက်ရှင်ကျန်ရစ်သူ ၆၅၃ ဦးနှင့် Dead body ၇၇၈ ဦးတို့ကို ရှာဖွေတွေ့ရှိခဲ့သည်။

ထို့ပြင် နိုင်ငံတကာဆေးအဖွဲ့များအနေဖြင့် တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ရုရှား၊ အမေရိကန်၊ သီရိလင်္ကာ၊ တောင်ကိုရီးယား၊ ဂျာမနီ၊ အိန္ဒိယ၊ လာအို၊ နီပေါ၊ စင်ကာပူ၊ ဂျပန်နှင့် မလေးရှား စသည့် နိုင်ငံပေါင်း ၁၇ နိုင်ငံမှ ဆေးအဖွဲ့ ၂၈ ဖွဲ့၊ အဖွဲ့ဝင်စုစုပေါင်း ၁၁၅၂ ဦးတို့က ပြင်ပလူနာ ၂၉၂၀၆ ဦး၊ အတွင်းလူနာ ၉၅၇ ဦးနှင့် ခွဲစိတ်လူနာ ၁၀၈၄ ဦးတို့ကို အောင်မြင်စွာ ကုသပေးနိုင်ခဲ့သည်။

ထိုသို့ နိုင်ငံတကာအဖွဲ့အစည်းများ၏ စွမ်းစွမ်းတမံဆောင်ရွက်ချက်များ၊ ပြည်တွင်းရှာဖွေကယ်ဆယ်ရေးအဖွဲ့အစည်းများနှင့် ပရဟိတအဖွဲ့အစည်းအားလုံး၏ အများအကျိုးအတွက် နေ့မအား ညမနား သက်စွန့်ကြိုးပမ်း ပါဝင်ကူညီဆောင်ရွက်ချက်များကို နိုင်ငံတော်နှင့် မြန်မာပြည်သူ ပြည်သားများက လေးနက်စွာအသိအမှတ်ပြု၍ လှိုက်လှဲစွာ ကျေးဇူးတင်ရှိကြောင်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ**

# ငလျင်ဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရန် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၂၈**

ငလျင်ဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို အမြန်ဆုံးဖယ်ရှားနိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တစ်စိတ်တစ်ဒေသ အသုံးပြုနိုင်ရန်အတွက် နိုင်ငံတော်က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေများကို ထောက်ပံ့ပေးလျက်ရှိသည်။

ထိုသို့ထောက်ပံ့ပေးခဲ့ရာ ငလျင်ဒဏ်သင့်ဒေသများဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေအတွက် ငွေကျပ် ၁၀ ဘီလီယံ၊ စစ်ကိုင်းတိုင်းဒေသကြီးအတွက် ငွေကျပ် ဘီလီယံ ၅၀၊ မန္တလေးတိုင်းဒေသကြီးအတွက် ငွေကျပ် ဘီလီယံ ၆၀ နှင့် ရှမ်းပြည်နယ်အတွက် ငွေကျပ် ငါးဘီလီယံ တို့ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာနက နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ထုတ်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ ရန်ပုံငွေထောက်ပံ့မှုများကို နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တာဝန်ရှိသူများက ငလျင်ဒဏ်သင့်ဒေသများ၌ ပျက်စီးသွားခဲ့သည့် ဘုရား၊ စေတီ၊ ပုထိုး၊ ကျောင်းကန်ဇရပ်များ၊ ရှေးဟောင်းသမိုင်းဝင်အဆောက်အအုံများ၊ ဘာသာရေးအဆောက်အအုံများနှင့် အခြားပြိုကျပျက်စီးခဲ့သော အဆောက်အအုံများမှ ပျက်စီးမှုများကို ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ၊ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အပြင် ပြည်သူလူထုအတွက် လိုအပ်သော ထောက်ပံ့မှုများ ဆောင်ရွက်ပေးခြင်းတို့ကို လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရေး ကနဦးအသုံးပြုနိုင်ရန်အတွက် ထုတ်ပေးထားရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**စာမျက်နှာ ၁၈ မှအဆက်**

ကံကြမ္မာရဲ့မျက်နှာသာပေးမှုကို ဘယ်လိုလုပ်ရနိုင်မှာလဲဗျ။

**ထက်။** ဒီအတွက်လည်း မပူပါနဲ့ဗျာ။ ကံကြမ္မာက မျက်နှာသာမပေးဘူးလို့ထင်ရပေမယ့် နိုင်ငံတော်အစိုးရကတော့ မျက်နှာသာပေးပါတယ်ဗျ။ အခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်တဲ့ အစိုးရအဖွဲ့ဆိုရင် ပညာရေးကို အဓိကဦးစားပေးတဲ့ အစိုးရအဖွဲ့လို့ မြင်မိတယ်ဗျ။ ဒါကြောင့်လည်း တက္ကသိုလ်ဝင်စာမေးပွဲ ပြန်ဖြေဖို့လိုအပ်တဲ့ ကလေးတွေအတွက် လိုအပ်ချက်တွေကို ဘက်စုံထောင့်စုံကနေ ဖြည့်ဆည်းပေးဖို့ အသင့်ရှိပါတယ်ဗျာ။ အရင်ဆုံး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရဲ့ လမ်းညွှန်မှုနဲ့အတူ တာဝန်ရှိသူတွေဦးစီးပြီး လေ့ကျင့်သင်ကြားရေးစခန်းတွေကို ဖွင့်ပေးသွားမှာဗျ။ အခု ဧပြီလကုန်ပိုင်းမှာ အဲဒီစခန်းတွေကို ဖွင့်လှစ်ပြီး မေ ၂ ရက်ကစလို့ ကလေးတွေကို စာတွေပြန်သင်ပေးသွားမယ်။ စာမေးပွဲပြန်ဖြေရမယ့်ရက်က ဇွန် ၁၆ ရက်ဆိုတော့ ကြားထဲမှာ စာကြည့်ချိန်နဲ့ ကြိုတင်ပြင်ဆင်ချိန် တစ်လခွဲလောက်ရတယ်ဗျ။ တစ်လခွဲဆိုတာက မကြာသေးခင်ကမှ ဖြေပြီးသွားတဲ့စာမေးပွဲကို နောက်ထပ်တစ်ကြိမ်ပြန်ဖြေဖို့အတွက် ပြန်လှန်လေ့ကျင့်ချိန် လုံလောက်တဲ့ အချိန်အတိုင်းအတာတစ်ခုပေ့ါဗျာ။ ဒီလိုမျိုး စခန်းသွင်းလေ့ကျင့်မှုမှာပါဝင်တဲ့ ကလေးတွေအားလုံးအတွက် နိုင်ငံတော်အစိုးရက စရိတ်ငြိမ်းစီစဉ်ပေးထားတယ်ဗျ။ နံနက်စာ၊ နေ့လယ်စာ၊ ညစာ ဘာမှပူပင်စရာမရှိအောင် စီစဉ်ပေးထားတယ်။ ပြီးတော့ ကျောင်းသုံးစာအုပ်တွေ၊ ဗလာစာအုပ်တွေ၊ စာရေးကိရိယာတွေကိုလည်း အခမဲ့ထောက်ပံ့ပေးသွားဦးမယ်။ တကယ်လို့ အဲဒီကလေးက လေ့ကျင့်သင်ကြားရေးစခန်းမှာ မနေချင်ဘူး၊ အိမ်မှာပဲနေပြီး စခန်းမှာ စာလာသင်ချင်တယ်ဆိုရင်လည်း အကြိုအပို့အတွက် ကားတွေကိုလည်း အခမဲ့စီစဉ်ပေးသွားဦးမှာဗျာ။ ပြီးရင် လေ့ကျင့်သင်ကြားရေးစခန်းတွေကနေ စာမေးပွဲဖြေရမယ့် နေရာတွေကိုလည်း ကားနဲ့ပဲ အကြို အပို့လုပ်ပေးဦးမှာပါ။ ဒါတွေအားလုံးက ဘယ်လိုကျောင်းသားမျိုးမှ မရနိုင်တဲ့ အထူးအခွင့်အရေးကြီးပေ့ါဗျာ။

**ငြိမ်း။** အစီအစဉ်က ကောင်းလှချည်လားဗျ။ ကလေးတွေအတွက်တော့ ဝမ်းသာစရာပါပဲ။ ဒါနဲ့ သူတို့ကို ဘယ်သူတွေက စာလာသင်ပေးမှာလဲဗျ။ စာလာသင်ပေးတဲ့သူတွေအတွက်ကော ဘယ်လိုတွေ စီစဉ်ထားလဲ။

**ထက်။** ကလေးတွေကို စာလာသင်ပေးမှာက တက္ကသိုလ်တွေက သက်ဆိုင်ရာဘာသာရပ်သင် မေးခွန်းထုတ်တဲ့ ဆရာ၊ ဆရာမကြီးတွေကိုယ်တိုင် လာသင်ပေးမှာဗျ။ ပြီးရင် ဆင့်ပွားသင်ပေးမယ့် ဆရာ၊ ဆရာမတွေလည်း ရှိဦးမှာပါ။ ဒါတင်ပဲလားဆိုတော့၊ မဟုတ်ဘူးဗျ။ ကလေးတွေကို စာကူကျက်ပေးမယ့် အကူဆရာ၊ ဆရာမတွေလည်း ပါဦးမှာဗျ။ ကျွန်တော်တို့အခေါ် ဂိုက်ဆရာ၊ ဆရာမတွေပေ့ါ။ ဘာသာရပ်သင် ဆရာ၊ ဆရာမကြီးတွေ၊ ဆင့်ပွားသင်မယ့် ဆရာ၊ ဆရာမတွေ၊ ဂိုက်ဆရာ၊ ဆရာမတွေကလည်း အဲဒီ လေ့ကျင့်သင်ကြားရေးစခန်းမှာပဲ ကလေးတွေနဲ့အတူနေမှာဗျ။ သူတို့အတွက် စားစရိတ်တို့ နေ့တွက်စရိတ်တို့ကိုလည်း အစိုးရကပဲ အားလုံးကျခံပေးသွားဦးမှာပါ။ ကဲ ဘာလိုသေးလဲဗျာ။

**ငြိမ်း။** ဘာမှကို မလိုတော့လောက်အောင်ကို ပြီးပြည့်စုံလွန်းလှတဲ့ အစိုးရရဲ့ အမြော်အမြင်နဲ့ အကွက်စေ့စေ့စီစဉ်တတ်မှုကြီးကိုတော့ မချီးကျူးဘဲ မနေနိုင်ဘူးဗျာ။ ဒီလိုမျိုးသာဆိုရင် ကျွန်တော်တောင်မှ စာမေးပွဲပြန်ဖြေချင်လာပြီဗျာ။

**ထက်။** ဒါပေ့ါဗျာ။ အခု ကလေးတွေအားလုံးကို အစိုးရအမိန့်နဲ့ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ပေးလိုက်လည်းရတာပဲ။ ဒါပေမဲ့ အချိန်ကုန်ခံ၊ ငွေကုန်ကြေးကျခံပြီးတော့ ကလေးတွေအတွက်ကို သီးသီးသန့်သန့်စဉ်းစားပေးထားတာဗျ။ ဒီနေရာမှာ အစိုးရရဲ့ သဘောထားကိုလည်း မြင်ရသေးတယ်ဗျ။ ဘာလဲဆိုတော့ တစ်ဖက်မှာက ကလေးတွေရဲ့အနာဂတ်အတွက် စည်းမျဉ်းစည်းကမ်းကို ဦးစားပေးပြီး အခြားတစ်ဖက်မှာကျတော့ ငယ်ရာကနေ ကြီးလာကြတဲ့ သူတွေပီပီ ကလေးတွေရဲ့ အခက်အခဲကိုရှုမြင်ပြီး စာနာထောက်ထားမှုအပြည့်နဲ့ ဆောင်ရွက်ပေးမှုကိုပါ။ ခင်ဗျားကော အစိုးရရဲ့ လုပ်ဆောင်ချက်အပေါ် ဘယ်လိုမြင်လဲဗျ။

**ငြိမ်း။** ကျွန်တော့်အမြင်က ဘယ်လိုရှိလဲဆိုတော့ ကျောင်းသားမိဘတစ်ဦးအနေနဲ့ ကြည့်မယ်ဆိုရင် တော်တော်လေးကို ဝမ်းသာမိတယ်ဗျ။ တစ်ဖက်မှာ ငလျင်ဒဏ်သင့်တာနဲ့ တစ်ဖက်မှာကျတော့ ကျွန်တော့်သားလေး တက္ကသိုလ်ဝင်စာမေးပွဲကို ပြန်ဖြေရမလို၊ မဖြေရမလို၊ ဖြေရင်လည်း အရည်အချင်းရှိရှိနဲ့ မအောင်မှာရယ်တွေးပြီး ဝမ်းနည်းနေတဲ့စိတ်တွေက အခုခင်ဗျားနဲ့တွေ့မှပဲ ယူပစ်သလိုပျောက်သွားတော့တာပဲဗျ။ ခင်ဗျားနဲ့တွေ့တာ သိကြားနဲ့ တွေ့ရသလိုပါပဲဗျာ။

**ထက်။** နိုး နိုး နိုး။ ဒါတော့မဟုတ်ဘူးဗျ။ ကျွန်တော်နဲ့တွေ့ရတာထက် အခုလိုမျိုး ပြည်သူတွေအတွက် စေတနာအရင်းခံတဲ့ အစိုးရကောင်းမျိုးနဲ့ တွေ့ရတာကမှ သိကြားနဲ့တွေ့သလိုဖြစ်တာပါဗျာ။

**ငြိမ်း။** ဟုတ်ပါရဲ့ဗျာ။ ကျွန်တော်ကတော့လေ အခု ပြန်ဖြေရမယ့် တက္ကသိုလ်ဝင်စာမေးပွဲကို စာမေးပွဲလို့ မမြင်မိတော့ဘူးဗျ။

**ထက်။** စာမေးပွဲကို စာမေးပွဲလိုမမြင်လို့ ခင်ဗျားက ဘယ်လိုမြင်တာတုန်းဗျ။ ပြောပြပါဦး။

**ငြိမ်း။** တကယ်တော့ ဒီပွဲဟာ "လူရည်ချွန်တို့ပျော်တဲ့ပွဲ... အစိုးရရဲ့ စေတနာကို မြင်ရမယ့်ပွဲ..." လို့သာ ခေါင်းစဉ်တပ်လိုက်ချင်တော့တယ်ဗျို့။

**ထက်။** ဟုတ်ပါရဲ့ဗျာ။ ခင်ဗျားနဲ့ ကျွန်တော် စိတ်ချင်းတစ်ထပ်တည်းကျပါပေတယ်ဗျာ။

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီ၌ တစ်လပြည့်ရည်စူးကုသိုလ် အမျှအတန်းပေးဝေပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ တက်ရောက်စဉ်။



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် သဘာဝဘေးဒဏ်ကြောင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်ပြီးဖြစ်သော ဆွေတော်မျိုးတော်အပေါင်းတို့အား မတကာဘတ္တကုသိုလ်ပြု အမျှပေးဝေပွဲသို့ တက်ရောက်စဉ်။

**နေပြည်တော် ဧပြီ ၂၈**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီ၌ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ အမှူးပြုသော သံဃာတော်များက ငလျင်ဒဏ်ကြောင့် ဘဝနတ်ထံပျံလွန်တော်မူခဲ့ကြသော ရဟန်း၊ သာမဏေ၊ သီလရှင်များနှင့် ကွယ်လွန်သွားကြသော လူပုဂ္ဂိုလ်များအတွက် တစ်လပြည့်ရည်စူးကုသိုလ် အမျှအတန်းပေးဝေပွဲကို ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တက်ရောက်လာကြသူများက မော်လမြိုင်မြို့ မြစေတီရဲကျောင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဝိနယပါဠိပါရဂူ အဘိဓဇအဂ္ဂမဟာမင်္ဂလဓမ္မဇောတိက ဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် မော်လမြိုင်မြို့ မဟာမြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ပ-သုံးလုံးသာသနာပြုဟိတရေ မဟာမင်္ဂလဓမ္မဇောတိကဓဇ ဆရာတော် ဘဒ္ဒန္တဝိမလာဘိဝံသက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ၎င်းနောက် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီး ကိုယ်စား ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို) အတွင်းရေးမှူး(၁) သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးအဖွဲ့ ခေါင်းဆောင် မင်္ဂလဓမ္မဇောတိကဓဇ ဦးမြတ်မင်းက ဝမ်းမြောက်ကြောင်းစကား လျှောက်တင်ပြပြီး နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရထံမှ သံဝေဂတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်ပြီး ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ရတနသုတ်၊ မေတ္တသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီ၊ ဥမင်သုံးဆယ်စေတီ၊ ဥမင်ကိုးဆယ်စေတီ၊ သောတပန်ရပ်ကွက်ရှိ လေးကျွန်းမာရ်အောင်မြတ်စွာဘုရား၊ နန်းဦးမြို့သစ်ရှိ မဟာလှစေတီနှင့် မရှိခဏစေတီတို့တွင် အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုများကို သွားရောက်ကြည့်ရှုကြသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ငလျင်ဘေးကြောင့် စစ်ကိုင်းမြို့နယ်အတွင်းရှိ သေဆုံးသူများ၏ မိသားစုများအား ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ နှစ် ၇၀၀ ပြည့်အားကစားခန်းမတွင် ကျင်းပရာ အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ၊ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ခရိုင်၊ မြို့နယ်များမှ တာဝန်ရှိသူများနှင့် ငလျင်ဘေးကြောင့် သေဆုံးသွားသော မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက ငလျင်ဘေးကြောင့် သေဆုံးသူများအတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ်ခန့် ငြိမ်သက်ပေးကြသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံက ငလျင်ဘေးကြောင့် သေဆုံးသူများ၏ မိသားစုဝင်များကို အားပေးစကားပြောကြားပြီး တာဝန်ရှိသူတစ်ဦးက ငလျင်ဘေးကြောင့် သေဆုံးသူများ၏ မိသားစုဝင်များကို ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥက္ကဋ္ဌထံသို့ ထောက်ပံ့ငွေကျပ်သိန်း ၅၄၆၀ (၅၄၆ ဦး x ၁၀) လွှဲပြောင်းပေးအပ်ခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် ငလျင်ဘေးကြောင့် သေဆုံးသွားသော မိသားစုဝင်များအား တစ်ဦးချင်း ထောက်ပံ့ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် ပါရမီရပ်ကွက်ရှိ မဟာစည်းခုံကြီးစေတီအတွင်း ငလျင်ဒဏ်သင့်ပြည်သူများအတွက် စောင့်ရှောက်ရေးစခန်းတွင် ထောက်ပံ့ပစ္စည်းများ ပေးဝေနေမှုကို ကြည့်ရှုအားပေးကြသည်။ ၎င်းနောက် ပန်းပဲတန်းရပ်ကွက်နှင့် မင်းလမ်းရပ်ကွက်ရှိ လူနေအဆောက်အအုံများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုအားပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်တို့သည် တာဝန်ရှိသူများ လိုက်ပါလျက် မန္တလေးချမ်းအေးသာစံမြို့နယ်ရှိဗထူးမိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည့် ငလျင်ဘေးအန္တရာယ်ကြောင့် တိုင်းဒေသကြီးအတွင်း သေဆုံးသူများ၏ မိသားစုဝင်များအား ထောက်ပံ့ငွေ ပေးအပ်ခြင်းနှင့် လတ်တလော စားသောက်ရေး အဆင်ပြေစေရန် တစ်လစာ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိ ထောက်ပံ့ငွေပေးအပ်ပွဲသို့ တက်ရောက်၍ အခမ်းအနားမစတင်မီ အသက်ဆုံးရှုံးခဲ့မှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်၍ ဦးညွတ်ဂါရဝပြုခဲ့ကြသည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသော သေဆုံးသူများ၏ မိသားစုဝင်များအား စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ အသီးသီးပေးအပ်ခဲ့ကြသည်။



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် ငလျင်ဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားစဉ်။

အဆိုပါ အခမ်းအနားတွင် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ၁၀ သိန်းကျပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ငါးသိန်းကျပ်နှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သုံးသိန်းကျပ်နှုန်းဖြင့် စုစုပေါင်းသေဆုံးသူတစ်ဦးလျှင် ထောက်ပံ့ငွေ ၁၈ သိန်းကျပ်နှုန်းဖြင့် သေဆုံးသူ ၂၁၅၂ ဦးအတွက် ငွေကျပ် ၃၈၇၃၆၀၀၀၀၀ နှင့် နိုင်ငံတော်က မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးသင့်သူ ၁၃၇၀၈၁ ဦးတို့အတွက် လတ်တလောစားသောက်ရေး အဆင်ပြေစေရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိ တစ်လစာအတွက် ထောက်ပံ့ငွေကျပ် ၇၂၅၉၉၇၉၀၀၀ အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် စိတ္တသုခကျောင်း၌ စိတ္တသုခကျောင်းဆရာတော်ဘဒ္ဒန္တဣန္ဒက အား အမှူးထား၍ ခုနစ်ရက်သားသမီးတို့၏ ကုသိုလ်ကောင်းမှုအစုစုတို့ဖြင့် သံဃာတော်များအား ပင့်ဖိတ်၍ ကျင်းပသော ငလျင်ဘေးဒဏ်ကြောင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်ပြီးဖြစ်သော ဆွေတော်မျိုးတော်အပေါင်းတို့အား ဖြစ်လေရာဘုံဌာနတို့၌ ကောင်းကျိုးချမ်းသာကျက်သရေမင်္ဂလာအဖြာဖြာတို့ ရရှိခံစားနိုင်ရန် စိတ်ရည်သန်၍ မတကာဘတ္တကုသိုလ်ပြုအမျှပေးဝေပွဲသို့ တက်ရောက်၍ အလှူရှင်များနှင့်အတူကြွရောက်လာသော ဆရာတော်ကြီးများထံမှ ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး ငါးပါးသီလခံယူဆောက်တည်ကြကာ

စာမျက်နှာ ၂၁ သို့

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

---

**စာမျက်နှာ ၂၀ မှအဆက်**

ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းကြသည်။ ၎င်းနောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ၍ ခုနစ်ရက်သားသမီးအပေါင်းတို့အား အမျှအတန်းပေးဝေခြင်းနှင့် အနုမောဒနာတရားနာယူကြည်ညိုကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပစစ်ဆေးရာတွင် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရန်အတွက် သင်ခန်းစာများ ပြန်လည်သင်ကြားလေ့ကျင့်နေသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ဆရာမများကို တွေ့ဆုံအားပေးစကားပြောကြား၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

၎င်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့်အဖွဲ့သည် မန္တလေးမြို့ နန်းမြို့ရိုးသို့ ရောက်ရှိပြီး ကျုံးပတ်လည်တွင် အပျက်အစီးများ ဖယ်ရှားရှင်းလင်း ပြီးစီးမှုများကိုလည်းကောင်း၊ ကျုံး၏ အရှေ့ဘက်ရှိ ရတနာပုံဥယျာဉ် ပြန်လည်ပြုပြင်ထိန်းသိမ်းနေမှု အခြေအနေများကိုလည်းကောင်း၊ ကျုံး၏တောင်ဘက်ရှိ ကျွန်းလုံးယူတံခါး ပြိုကျပျက်စီးမှုများကို ဖယ်ရှားရှင်းလင်းနေပြီး ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပျက်စီးဆုံးရှုံးမှုမရှိအောင် ထိန်းသိမ်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းခွင်တွင်အန္တရာယ်မရှိစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်၊ ရှေးဟောင်းလက်ရာများ ပါရှိသည့်အတွက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါ မူလပုံစံအတိုင်း ရှေးမူလက်ရာမပျက်တည်ဆောက်ရမည်ဖြစ်ပြီး ပြန်လည်သုံးစွဲ၍ရသည့် ရှေးဟောင်းလက်ရာပစ္စည်းများအား ထည့်သွင်းသုံးစွဲရမည်ဖြစ်သည့်အတွက် ပျက်စီးသွားသော အဆောက်အအုံများမှ ဆယ်တင်နိုင်သည့် ပစ္စည်းများကို ဆယ်တင်၍ စနစ်တကျစာရင်းပြုစုထိန်းသိမ်းထားရှိရန်၊ အပျက်အစီးများကို စနစ်တကျစွန့်ပစ်သွားရန် မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ်(၂၀) အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ အပျက်အစီးများဖယ်ရှားရှင်းလင်းနေမှု၊ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပရာတွင် ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသား၊ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် ပြင်ဆင်ဆောင်ရွက်နေမှုများအား ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် အမရပူရမြို့နယ်ရှိ တောင်မင်းကြီးမြတ်စွာဘုရား၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ မာနိတာရာမပရိယတ္တိစာသင်တိုက် နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များပူးပေါင်း၍ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ဘုရားစေတီပုထိုးများတွင် ရှေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများအားလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး၊ ကျောင်းထိုင်ဆရာတော်ကြီးများအား အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သန့်ရှင်းရေးဆောင်ရွက်နေသည့် အဖွဲ့များကို စားသောက်ဖွယ်ရာများပေးအပ်ကာ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအား မှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်သည် ကျောက်ဆည်မြို့ စက်မှုဝန်ကြီးဌာန ကျောက်ဆည်စက်ရုံများ နယ်မြေရှိ REVA ကုမ္ပဏီက ငှားရမ်းဆောင်ရွက်သည့် ဖိနပ်စက်ရုံ၊ Keys Shine ကုမ္ပဏီက ငှားရမ်းဆောင်ရွက်သည့် အထည်ချုပ်စက်ရုံနှင့် စဉ့်ကိုင်မြို့နယ် ဈေးတန်းကျေးရွာမှ တမာပိုးသတ်ဆေးစက်ရုံများသို့ သွားရောက်၍ ငလျင်လှုပ်ခတ်မှုကြောင့် လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်ခြင်း၊ အဆောက်အအုံများ ပျက်စီးခြင်းတို့ ဖြစ်ပေါ်ခဲ့၍ လုပ်ငန်းများ ရပ်တန့်ခဲ့ရာမှ ယခုအခါပြုပြင်ပြီး လုပ်ငန်းများ ပြန်လည်လည်ပတ်နေမှုများအား သွားရောက်စစ်ဆေးခဲ့ပြီး ပြည်ပဝင်ငွေတိုးမြှင့်ရရှိရေး၊ ဝန်ထမ်းများ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးတို့အတွက် ထုတ်ကုန်တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန်နှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် စဉ့်ကိုင်မြို့နယ် ရှမ်းကန်ကျေးရွာအုပ်စု ရှမ်းကန်(မ)ကျေးရွာရှိ M-Steelသံရည်ကျိုစက်ရုံသို့ သွားရောက်၍ ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စက်ရုံများပြုပြင်ပြီး ပြန်လည်လည်ပတ်၍ XRB 400 သံချောင်းများ ထုတ်လုပ်နေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး ငလျင်ဒဏ်သင့်ဒေသများအား ဦးစားပေးရောင်းချပေးနိုင်ရန်နှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

၎င်းနောက် စဉ့်ကိုင်မြို့နယ် တောင်ရင်းကျေးရွာအုပ်စု တောင်ရင်းကျေးရွာရှိ POWERGEN KYAUKSE သဘာဝဓာတ်ငွေ့အင်ဂျင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွားရောက်၍ ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့သည့် စက်ပစ္စည်းများ ပြန်လည်ပြုပြင်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ အင်ဂျင်အမှတ်(၁)နှင့် အမှတ်(၂) မူလနေရာသို့ ပြန်လည်ရွှေ့ပြောင်းပြီးစီးမှု အခြေအနေများ၊ အင်ဂျင်အမှတ်(၃)နှင့်(၄) မူလနေရာသို့ ပြောင်းရွှေ့နေသည့် အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး စက်များအားလုံးပြုပြင်ပြီးပါက တစ်ရက်လျှင် ယူနစ်သန်းပေါင်း ၃ ဒသမ ၅ သန်း နိုင်ငံတော်သို့ ပေးသွင်းနိုင်မည်ဖြစ်သဖြင့် မေလအလယ်တွင် စတင်လည်ပတ်နိုင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်သွားရန်နှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၌ ၂၀၂၅ခုနှစ် တိုင်းမှူးတံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲများ ကျင်းပ



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကိုထိုက် မိုးပျံပူဖောင်းများအား ပစ္စတိုဖြင့် ပစ်ဖောက်ကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် မေ ၂၈**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးတံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဗထူးတပ်နယ် နယ်မြေခံသင်တန်းကျောင်းရှိ စက်ပစ်ကွင်း၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး မိုးပျံပူဖောင်းများကို ပစ္စတိုဖြင့်ပစ်ဖောက်ကာ ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်ပစ်ခတ်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ သေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင် အမျိုးသားရှစ်သင်းနှင့် အမျိုးသမီးရှစ်သင်းတို့ဖြင့် မေ ၆ ရက်ထိ ယှဉ်ပြိုင်ပစ်ခတ်သွားမည် ဖြစ်ကြောင်း သိရသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးတံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပြင်ဦးလွင် တပ်နယ် နယ်မြေခံသင်တန်းကျောင်းရှိ စက်ပစ်ကွင်း၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများတက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး မိုးပျံပူဖောင်းများအား ပစ္စတိုဖြင့်ပစ်ဖောက်ကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်ပစ်ခတ်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ သေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အမျိုးသား ၁၀ သင်းနှင့် အမျိုးသမီး ၁၀ သင်းတို့ဖြင့် မေ ၃၀ ရက်ထိ ယှဉ်ပြိုင်ပစ်ခတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

# ဗထူးတပ်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

**နေပြည်တော် မေ ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဗထူးတပ်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊စစ်သည်၊ မိသားစုများကို ယနေ့ နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေး စကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် ကွပ်ကဲမှုအောက် တပ်နယ်များ၌ ကျောင်းသား၊ ကျောင်းသူများအတွက် နွေရာသီသင်တန်းများဖွင့်လှစ်

**နေပြည်တော် မေ ၂၈**

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နွေရာသီ ကျောင်းပိတ်ရက်ကာလများတွင် အားလပ်ချိန်များကို အကျိုးရှိစွာ အသုံးချတတ်စေရန် ဘာသာ၊သာသနာကို တန်ဖိုးထားတတ်စေရန်၊ မြတ်ဗုဒ္ဓ၏အဆုံးအမနှင့် ကျင့်စဉ်များကို ပိုမိုနက်ရှိုင်းစွာ နားလည်စေရန်နှင့် အကျင့်စာရိတ္တ ကောင်းမွန်ပြီး ပညာထူးချွန်သူများဖြစ်လာစေရန်၊ လက်တွေ့အသုံးချဘာသာရပ်များနှင့်အတူ ဗဟုသုတရစေပြီး အတတ်ပညာများ တိုးပွားစေရန်ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များ၌ အင်္ဂလိပ်သဒ္ဒါ၊ စကားပြောသင်တန်း၊ အခြေခံကွန်ပျူတာ သင်တန်း၊ မြန်မာ့သိုင်းသင်တန်းများ စသည်ဖြင့် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။




မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ကျောင်းသားတစ်ဦးကို သင်ထောက်ကူပစ္စည်းများ ပေးအပ်စဉ်။

ထိုသို့ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ဗလမင်းထင်ခန်းမ၌လည်းကောင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်ရှိ ရောဝတီခန်းမ၌လည်းကောင်း အသီးသီး ဖွင့်လှစ်ရာ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ကျောင်းသား၊ ကျောင်းသူများနှင့် သင်တန်းနည်းပြများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးများက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးများက နွေရာသီသင်တန်းများတွင် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် သင်ထောက်ကူပစ္စည်းများ ပေးအပ်ပြီး ဆရာ၊ ဆရာမများ၊ နည်းပြများနှင့် သင်တန်းသား ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အလားတူ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်တပ်နယ်များ၌လည်း အဆိုပါ နွေရာသီသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

# ၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲကျင်းပ

**နေပြည်တော် မေ ၂၈**

၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်းသေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ငူလေတပ်စခန်းဌာနချုပ်ရှိ စက်ပစ်ကွင်း၌ ပြုလုပ်ရာ တောင်ငူလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်စွမ်းလှိုင်မင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စားဌာနချုပ်မှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဌာနချုပ်မှူးကမိုးပျံပူဖောင်းကို သေနတ်ဖြင့်ပစ်ဖောက်၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲ ပထမနေ့ပွဲစဉ်များဖြစ်သည့် အမျိုးသား ပစ္စတိုပွဲစဉ် (အမြန်နှင့် လျှပ်တစ်ပြက်)၊ အမျိုးသမီးကာဘိုင်ပွဲစဉ် (အနေအထားသုံးမျိုး)၊ အမျိုးသမီးပစ္စတိုပွဲစဉ် (အမြန်နှင့်လျှပ်တစ်ပြက်) ပွဲစဉ်များကို ကြည့်ရှုအားပေးသည်။

အဆိုပါ သေနတ်ပစ်ပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကွပ်ကဲမှုအောက်ရှိ လေတပ်စခန်းဌာနချုပ်များနှင့် လေတပ်စခန်းအသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်းပါဝင်ယှဉ်ပြိုင်ပြီး ပြိုင်ပွဲတွင် ပစ္စတိုပစ်ခတ်စဉ် (အမျိုးသား၊ အမျိုးသမီး)၊ ကာဘိုင်ပစ်ခတ်စဉ် (အမျိုးသား၊ အမျိုးသမီး)၊ ရိုင်ဖယ်ပစ်ခတ်စဉ် (အမျိုးသား)၊ စက်သေနတ်ပစ်ခတ်စဉ် (အမျိုးသား) စသည့်ပစ်ခတ်စဉ်များကို မေ ၂၈ ရက် မှ မေ ၂ ရက်ထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)



ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား တောင်ငူလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးက ၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

# ၇၉ နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် ဧပြီ ၂၈**

၇၉ နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့ နံနက်ပိုင်းတွင် ကျိုင်းတုံမြို့နယ်ရှိ တပ်မတော်ဆေးရုံ၌ ပြုလုပ်ရာ ခရိုင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းကြသည်။



ရှေးဦးစွာ မီးသတ်တပ်ဖွဲ့ဝင် ၂၇ ဦးတို့က သတ်မှတ်နေရာအသီးသီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။ ထိုသို့သွေးလှူဒါန်းနေမှုများကို တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သွေးအလှူရှင်များအား အာဟာရဖြည့် စားသောက်ဖွယ်ရာများ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (ဗဟို)

တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် သွေးလှူရှင်များကို အာဟာရဖြည့် စားသောက်ဖွယ်ရာများ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်စဉ်။

# ကော့မှူးမြို့နယ် နတ်စင်ကုန်းစံပြကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၈**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် စဉ့်ကူကြီးကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိသံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ အင်းတိုင်တပ်နယ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ရွာဦးကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် အင်းတိုင်တပ်နယ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်သုံးပါး၊ သာသနာ့နွယ်ဝင် သီလရှင်တစ်ပါးနှင့် ဒေသခံပြည်သူ ၄၉ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို အင်းတိုင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဗဟို)

# "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"အကြမ်းဖက်သမားတွေရဲ့ လက်အောက်မှာ အသက်နဲ့ရင်းပြီး ဘုရားဖူးနေရသော ပြည်သူများ"** ခေါင်းစဉ်ဖြင့် ၃၀-၄-၂၀၂၅ ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"လသားကလေးငယ်ပါမချန် အကြောင်းမဲ့သတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ ဒေသအလိုက် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဧပြီ ၂၈**

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများတွေ့ဆုံမှုကြောင့်လည်းကောင်း၊ အပူပျံ့တက်တိမ်များ ဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ညနေမှ မေ ၄ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

# ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalစာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ၂၀၂၅ ခုနှစ် ဧပြီ ၂၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၆၆၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၅၅ ဦးကို ပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား သုံးဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်

နေပြည်တော် ဧပြီ ၂၈

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို ပြတ်ပြတ်သားသားစုံစမ်းဖော်ထုတ်လျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-မင်းလက်ပံ၊ မယ်ထော်သလေးနှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၅၅ ဦးကို ယနေ့တွင် မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ပြည်ပနိုင်ငံသားသုံးဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။




အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၅၅ ဦးကို ပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

ဦးစွာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများကို ပြည်နှင်လွှဲပြောင်းပေးရေး လုပ်ငန်းစဉ်များတွင် လိုအပ်သည့် ကိုယ်ရေးအချက်အလက်အထောက်အထားများနှင့် စာရင်းဇယားများ ပြည့်စုံမှန်ကန်ကိုက်ညီမှုရှိရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ ကရင်ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ၊မလေးရှားနိုင်ငံဆိုင်ရာယူဂန်ဒါသံမှူတနိုင်ငံသံရုံးမှ Ambassador H.E Ms. Betty O. Bigombe နှင့် တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံဆိုင်ရာဇင်ဘာဘွေသံမှူတနိုင်ငံသံရုံးမှ Minister Counsellor Ms. Tsitsi Kangai – Kasirowori နှင့် တာဝန်ရှိသူများ၊ထိုင်းနိုင်ငံဆိုင်ရာဗီယက်နမ်သံရုံးမှ First Secretary Ms.Nguyen Thi Kim Chung နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာပါကစ္စတန်သံရုံးမှ First Secretary Mr. Fahd Saleem နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

အလားတူ မြဝတီမြို့ မယ်ထော်သလေး KK Park နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် အင်ဒိုနီးရှားနိုင်ငံသား သုံးဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဧပြီ ၂၈ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ၉၀၄၃ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ၇၅၆၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ပြည်ပနိုင်ငံသား ၁၄၇၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်က ယနေ့အထိ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသား ၉၀၄၃ ဦးသည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊မလေးရှား၊ပါကစ္စတန်၊အိန္ဒိယ၊ ယူဂန်ဒါ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီးယား၊ ဂါနာ၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်၊ သီရိလင်္ကာ၊တောင်အာဖရိက၊တူနီးရှား၊အယ်လ်ဂျီးရီးယား၊ ကွန်ဂို၊ ကင်မရွန်း၊ ဥဇဘက်ကစ္စတန်၊ နိုင်ဂျီးရီးယား၊ ကာဂျစ်စတန်၊ နမီးဘီးယား၊မာဒါဂါစကား၊ရိုမေးနီးယား၊ လိုက်ဘေးရီးယား၊ရုရှား၊ဖိလစ်ပိုင်၊ဇင်ဘာဘွေ၊မာလာဝီ၊ဆီယာရာလီယွန်၊ဘူရွန်ဒီနှင့် တရုတ်(တိုင်ပေ)တို့မှ နိုင်ငံသားများဖြစ်ကြပြီး ထပ်မံ၍ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ ကျောက်တံခါးနှင့်သူငွေးကုန်းဘူတာကြား အစုန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ရထားလမ်းပျက်စီးခဲ့မှုမှတ်တမ်းဓာတ်ပုံ။



ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ ကျောက်တံခါးနှင့် သူငွေးကုန်းဘူတာကြား အစုန်ရထားလမ်းပေါ်၌ မပေါက်ကွဲသေးသည့် လက်လုပ်မိုင်းတစ်လုံးအား ထပ်မံတွေ့ရှိရမှု မှတ်တမ်းဓာတ်ပုံ။



ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ ကျောက်တံခါးနှင့် သူငွေးကုန်းဘူတာကြား အစုန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ရထားလမ်းပျက်စီးမှုအား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု မှတ်တမ်းဓာတ်ပုံ။

☆ ကျောဖုံးမှအဆက်

မိုင်းပေါက်ကွဲမှုဖြစ်စဉ် ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်တို့က အချိန်နှင့်တစ်ပြေးညီ နယ်မြေရှင်းလင်းစစ်ဆေးဆောင်ရွက်ခဲ့ရာ မိုင်းခွဲခံရမှုကြောင့် အစုန်လမ်း၏ အရှေ့ဘက်သံလမ်း နှစ်ပေခန့် ပြတ်ထွက်ခြင်း၊ အနောက်ဘက်သံလမ်း ၁၅ ပေခန့် ကွေးကောက်၍ လမ်းခင်းကျောက်နှင့် ကွန်ကရစ်ဇလီဖားတုံးအချို့ ပျက်စီးခြင်းတို့အပြင် အခင်းဖြစ်ပွားရာနေရာအနီး မပေါက်ကွဲသေးသည့် လက်လုပ်မိုင်းတစ်လုံးကို ထပ်မံတွေ့ရှိရသည်။

မြန်မာ့မီးရထားဝန်ထမ်းများအနေဖြင့် လမ်းပိုင်းကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး စစ်ဆေးဆောင်ရွက်ခဲ့ပြီးနောက် ကျောက်တံခါးနှင့်သူငွေးကုန်းဘူတာကြား အစုန်လမ်း၏ သံလမ်းအား လဲလှယ်ခြင်း၊ လမ်းပြုပြင်ခြင်းများကို ဆောင်ရွက်ခဲ့ပြီး မွန်းလွဲ ၂ နာရီ ၃၈ မိနစ်တွင် အဆိုပါလမ်းပိုင်းအား ပြန်လည်ဖွင့်လှစ်၍ ရထားများပုံမှန်အတိုင်း ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါမိုင်းပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ယနေ့နံနက်က ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသော အမှတ်(၁၁) အဆန်အမြန်ရထားနှင့် အမှတ်(၇) အဆန် DEMU အမြန်ရထားတို့ကို ညောင်လေးပင်ဘူတာ၌ အသီးသီး ရောက်ရှိရပ်တန့်ထားခဲ့ရပြီး လမ်းပိုင်းစစ်ဆေးပြုပြင်ပြီးစီး၍ နံနက် ၈ နာရီ ၅၇ မိနစ်တွင်မှသာ ပြန်လည်ထွက်ခွာပေးနိုင်ခဲ့သဖြင့် လူစီးရထားများ တစ်နာရီခန့်စီ ကြန့်ကြာမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အကြမ်းဖက် သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း ၈၁ ကြိမ်၊ ရထားတံတား၊သံလမ်းများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း ၁၇၅ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း ၁၆ ကြိမ် ကျူးလွန်ခဲ့ကြသည်။


အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်ပိုင်ရထားစက်ခေါင်းနှင့် တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီးခရီးသွားပြည်သူများအနေဖြင့် ရထားဖြင့် ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာသွားလာနိုင်မှုမရှိစေရေးအတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ အကြိမ်ကြိမ်ကျူးလွန်ဖျက်ဆီးနေကြခြင်း ဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့်ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့် အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးနှင့် ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက် အလေးထား စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။ (၅၀၁)



အကြမ်းဖက် သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးမှုကြောင့် ရထားလမ်း ပျက်စီးမှုအား ပြန်လည်ပြုပြင် ဆောင်ရွက်ပြီး RGC ဖြင့် စမ်းသပ်ဖြတ်သန်းနေမှု မှတ်တမ်းဓာတ်ပုံ။

# ဘဝရှင်သန်ဆင်ခြင်ဉာဏ်

ဇော်လေး




ဤဆောင်းပါးကို ရေးရခြင်းအကြောင်းရင်းတရားသည် မိမိတို့နိုင်ငံသား တစ်ဦးချင်း တစ်ဦးချင်းစီ၏ အရည်အချင်းအဆင့်အတန်း၊ အတွေးအခေါ်၊ အမြော်အမြင်၊ လုပ်ဆောင်ချက်၊ စွမ်းဆောင်မှု၊ ထိရောက်မှု စသည်တို့အတွက် မိမိတို့နိုင်ငံတော်၏ လက်ရှိဖြစ်ပေါ်နေသော အကောင်းအဆိုး၊ အကျိုးအပြစ်၊ အတက်အကျ၊ ဆင်းရဲဒုက္ခကြုံရခြင်း၊ ပြည်စုံချမ်းသာကြွယ်ဝလာခြင်းတို့ ဆက်စပ်နေပါကြောင်း တင်ပြလိုရင်းဖြစ်ပါသည်။ ဤသို့ချင့်ချိန်ရန်ဆိုလျှင် ကျယ်ဝန်းပါသေးသည်။ ဖော်ပြလိုသည်ကား စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ သံတမန်ရေး စသည်တို့နှင့်လည်း မသက်ဆိုင်လှပါ။

လူအများစိတ်ဝင်စားမှုနည်းပါးပြီး လျစ်လျူရှုပစ်ပယ်ထားလေ့ရှိသော **"ရာသီဥတုပြောင်းလဲခြင်း"** အကြောင်းအရာကို လေ့လာစုဆောင်းကာ စိတ်ဝင်စားလောက်အောင် ကြိုးစား၍ တင်ပြမည်ဖြစ်ပါသည်။ စာရေးသူကဘာပညာရှင်လဲဟု မေးချင်မေးနိုင်ပါ၏။ ဘာပညာမှ အထူးပြုကျွမ်းကျင်သူမဟုတ်ဘဲ သတင်းအကြောင်းအရာကို စူးစမ်းလေ့လာသော သာမန်သတင်းသမား တစ်ဦးမျှသာဖြစ်ပါ၏။ စင်စစ်မူ စာရေးသူသည် စာဖတ်ဝါသနာထုံသော စာဖတ်သမားသက်သက်မျှသာ ဖြစ်ပါသည်။ သို့ရာတွင် အားနည်းချက်များရှိသကဲ့သို့ အားသန်ချက်လည်းရှိပါ၏။ စာတစ်ပုဒ်၊ စာတစ်အုပ်ကို နှစ်သက်မိပြီဆိုလျှင် ထိုစာရေးဆရာ ရေးခဲ့သမျှဝတ္ထုရှည်၊ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ စာညွှန့်၊ အမှာစာ၊ ရသစာတမ်းငယ်ပါမကျန်ရအောင် အပင်ပန်းခံရှာဖွေ၍ ဖတ်ရှုလေ့ရှိပါ၏။ စာကြည့်တိုက်များ၊ စာအုပ်အငှားဆိုင်များ၊ လမ်းဘေးစာအုပ်အဟောင်းဆိုင်များထိ ရေမြေအဆုံးလှန်လှောကာ မရမနေရှာဖွေခဲ့ပါ၏။ တွေ့ရဖတ်ရသည်နှင့် လူဖြစ်ရကျိုးနပ်ပြီဟု မှတ်ယူလောက်အောင် မိမိဘာသာပီတိဖြာနေတတ်ပါ၏။ စာဖတ်ဝါသနာရှိသည်။ စာဖတ်ခြင်း၌ မွေ့လျော်ပျော်ပိုက်ခဲ့၏။

ထို့ကြောင့် ရွှေဥဒေါင်း၊ ပီမိုးနင်း၊ မောင်ထင်၊ မဟာဆွေ၊ ရွှေဝံ၊ ရန်ကုန်ဘဆွေ၊ တက္ကသိုလ်ဘုန်းနိုင်၊ သော်တာဆွေ၊ ငွေဥဒေါင်း၊ လူထုဦးလှ၊ ဒေါ်အမာ၊ ဇန်းမော်တင်အောင်၊ မောင်သာရ၊ ငြိမ်းကျော်၊ ခင်နှင်းယု၊ ခင်ဆွေဦး၊ ခင်စိန်လှိုင်၊ ကြည်အေး၊ ယုဝတီကြည်ဝေ၊ ဆွေလှိုင်ဦး၊ မင်းသိခ်၊ နန္ဒာသိန်းဇံ၊ မြသန်းတင့်၊ အောင်သင်း၊ မင်းလူ စသည် စသည် အချိန်ရသမျှ ပိုက်စိပ်တိုက်၍ လိုက်ရှာဖတ်လေ့ရှိခဲ့ပါ၏။

ဤသို့ဖြင့် ဆရာကျော်ဦး၏ စာအုပ်များကိုလည်း တစ်အုပ်၊ နှစ်အုပ်ဖတ်မိရာမှ သူရေးခဲ့သမျှ လုံးချင်းစာအုပ်များသာမက ၂၀၂၄ ခုနှစ် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်ပါ သူ၏ "၂၈ ကြိမ်မြောက် ကုလသမဂ္ဂရာသီဥတုပြောင်းလဲခြင်းညီလာခံ"အကြောင်း ဆောင်းပါးမျိုးထိ မိမိလက်လှမ်းမီသမျှ စိတ်ဝင်တစားလေ့လာဖတ်ရှုခဲ့ပါ၏။ ဤနည်းအားဖြင့် စာအုပ်စာပေသည် စာရေးသူအတွက် ကျေးဇူးကြီးလှသော ချစ်မိတ်ဆွေဖြစ်နေခဲ့ပါသည်။ ထင်ရှားသော စာရေးဆရာကြီးငယ်များသည် မိမိအဖို့ရာမှာ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အာစရိယများပင်ဖြစ်နေပါသည်။ ဘဝသည် အချိန်ဖြင့်တည်ဆောက်ဖွဲ့စည်းထားရာတွင် စာဖတ်ခြင်းကား ပညာရှာရာ၌ အချိန်သက်သာ၊ ငွေသက်သာစွာဖြင့် တန်ဖိုးမဖြတ်နိုင်သော အကျိုးကျေးဇူးကို ရရှိစေနိုင်ကြောင်း စာရေးသူက အလေးအနက်တင်ပြလိုပါ၏။

မိမိတွေ့ရှိ သိမြင်သမျှ ဆရာကျော်ဦး(အမည်ရင်းကလည်း ဦးကျော်ဦးပင်ဖြစ်လေသည်)နှင့် စာဖတ်သူကို မိတ်ဆက်ပေးပါရစေ။ ယခင်ကလည်း သူ့စာတွေကို ဖတ်ဖူးနေပါသည်။ သိပါသည်ဟု ဆိုသူများလည်း ရှိကြပေမည်။ သူသည် စာပေဆုအကြိမ်ကြိမ်ရခဲ့ပြီးသော သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဆရာကြီးတစ်ဦးပင် ဖြစ်ပါသည်။ အသက်လည်း ၇၀ ကျော်ပြီး ၈၀ သို့နီးကပ်နေပါပြီ။ စက်မှုတက္ကသိုလ်ကျောင်းသားဘဝကပင် စာတိုပေစရေးခဲ့သဖြင့် သူ၏စာရေးသက်တမ်းကပင် နှစ်ပေါင်း ၆၀ ဝန်းကျင်ရှိနေပေပြီ။ သို့သော် ထင်ပေါ်ကျော်ကြားအောင် ဝင့်ဝါလိုသောသဘောမရှိဘဲ အေးအေးဆေးဆေး မိမိအလုပ်ကိုသာ စူးစူးစိုက်စိုက် လုပ်ဆောင်တတ်သူဖြစ်၍ သူရေးသောစာအုပ်အရေအတွက်သည် အများကြီးမရှိလှသော်လည်း ရေးခဲ့သမျှကား စာဖတ်သူအတွက် ကောင်းကျိုးကြီးမားစွာရစေမည့် အဖိုးတန်စာအုပ်စာပေသန့်သန့်လက်ရာမျိုးတွေချည်းသာ အရည်အသွေးမြင့်ပါ၏။ ထို့ကြောင့်ပင် စာပေဆုများလည်း အကြိမ်ကြိမ်ရရှိခဲ့ကြောင်း စာဖတ်သူအချို့တော့ သတိပြုမိလောက်ပါ၏။

"စာရေးသူ ဆရာကျော်ဦးကိုယ်ရေးအကျဉ်း"ကို သူ၏ စာအုပ်တစ်အုပ်မှ ကောက်နုတ်တင်ပြပါမည်။ အမည်ရင်းဦးကျော်ဦး၊ ကလောင်အမည် ကျော်ဦး၊ ၁၉၄၈ ခုနှစ် ဇူလိုင် ၁၉ မှာ ထားဝယ်မြို့တွင် မွေးဖွားခဲ့သည်။ (ပထမကြိမ်မြောက် အာဇာနည်နေ့၌ မွေးသူ ပေတည်း) အဘဦးကြူစိုင်၊ အမိဒေါ်သန်းကျင်။

ထားဝယ်မြို့ အေဘီအမ်ကျောင်း(ယခုထားဝယ် အထက-၃)မှ အခြေခံပညာအထက်တန်းနှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ပါသည်။

ရန်ကုန်စက်မှုတက္ကသိုလ်မှ မြို့ပြအင်ဂျင်နီယာဘွဲ့ရခဲ့သည်။ နယ်သာလန်နိုင်ငံမှ ရေနှင့်သန့်ရှင်းမှုအင်ဂျင်နီယာဘွဲ့လွန်(မြို့ပြအင်ဂျင်နီယာဒီပလိုမာ) ရရှိခဲ့သည်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတွင် နိုင်ငံတော်ဝန်ထမ်းအဖြစ် အနှစ် ၂၀ မျှ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၂ ခုနှစ်မှစ၍ မဂ္ဂဇင်းများတွင် ဝတ္ထုများ၊ ဆောင်းပါးများရေးသားခဲ့သူဖြစ်လေသည်။

၁၉၉၀ ပြည့်နှစ်မှာ ဆရာကျော်ဦးက ပါရမီစာပေတိုက်ကိုလည်း စတင်တည်ထောင်၍ ထုတ်ဝေခဲ့သည်။ မောင်ထင်၊ သုခ၊ မစန္ဒာ၊ ဦးရွှေအောင်၊ ချစ်နိုင်(စိတ်ပညာ)၊ ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်) အစရှိသော စာရေးဆရာများ၏ လုံးချင်းဝတ္ထုများ၊ လုံးချင်းစာအုပ်များကိုလည်း ထုတ်ဝေခဲ့သည်၊ ထုတ်ဝေနေသည်။ သူ၏ပါရမီစာပေမှ သူကိုယ်တိုင်ပြုစုသော စာအုပ်များကိုလည်း ထုတ်ဝေပါသည်။ သူကရှင်းရှင်းရေးတတ်သည်။ စာဖတ်သူနားလည်အောင်၊ နားဝင်အောင်ရေးတတ်သည်။ သူ၏အချို့စာအုပ်များသည် လေး၊ ငါး၊ ခြောက်ကြိမ်ရိုက်နေရပါ၏။

ဆရာကျော်ဦးကို ရင်းရင်းနှီးနှီးဖတ်ဖူးသူများလည်း ရှိကြပေလိမ့်မည်။ ယခုမှပဲ ကြားဖူး၊ ဖတ်ရဖူးတော့တာပဲဟူသော စာဖတ်သူမျိုးလည်း ရှိကောင်းရှိပါမည်။

ဇာတ်သဘင်လောက၊ ရုပ်ရှင်လောက၊ ဂီတ၊ ပန်းချီစသော အနုပညာလောကတွင် ဆုရသူတွေများသော်လည်း စာပေလောကတွင်ကား ဆုရသူရှားပေသည်။ အလင်္ကာကျော်စွာ၊ ဝဏ္ဏကျော်ထင်ဘွဲ့ချီးမြှင့်ခံရသူတွေ မနည်းလှသော်လည်း စာပေနယ်ကတော့ နည်းပေသည်။

ရုပ်ရှင်လောကတွင် အကယ်ဒမီရွှေစင်ရုပ်ဆု (ရွှေငါးကျပ်သားပါသည်ဆိုလား) ရုပ်ရှင်ထူးချွန်ဆု လေး၊ ငါး၊ ခြောက်ကြိမ်ရဖူးသော မင်းသား၊ မင်းသမီးများသည် လူထုကြားတွင် ထင်ရှားကြပါ၏။ စာပေနယ်တွင် အမျိုးသားစာပေဆု လေး၊ ငါးကြိမ်ရဖူးသူကား ဆရာပါရဂူ သုံးကြိမ်၊ မြင်းမူမောင်နိုင်မိုး ခုနစ်ကြိမ်၊ ဆရာကျော်ဦး ခြောက်ကြိမ်၊ ဆရာမောင်ခင်မင်(ဓနုဖြူ) ခြောက်ကြိမ်၊ မြသန်းတင့် ငါးကြိမ်၊ ပျဉ်းမနားမောင်နီသင်း သုံးကြိမ် စသည်ဖြင့် လက်ချိုးရေ၍ရပါ၏။ အနုပညာလောကမှာပင် စာပေသည် နောက်တန်းကျ၍ လူသိနည်းသော အမှောင်ရိပ်ထဲမှာ ရောက်နေသလိုထင်ရပေသည်။ စာဖတ်သူများအားလုံး သိပြီးဖြစ်ကြသည့်အတိုင်း သဘင်၊ ပြဇာတ်၊ ရုပ်ရှင် စသည်တို့သည် ဝတ္ထုဟူသော စာပေရေသောက်မြစ်က မြစ်ဖျားခံပေသည်။ တေးသီချင်းများသည် ကဗျာလင်္ကာဟူသော စာပေပင်မရေစီးက မြစ်ဖျားခံခဲ့ခြင်းပေတည်း။

ဆရာကျော်ဦးရေးသားပြုစုခဲ့သော စာအုပ်အမည်စာရင်းကိုရှာဖွေစုဆောင်းလျက် အောက်တွင်ဖော်ပြအစီရင်ခံအပ်ပါသည်။ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးစာကြည့်တိုက်များ၊ မြို့နယ်တိုင်းတွင် ဖွင့်လှစ်ထားကြပါသည်။ ရှိနိုင်ကောင်းပါသည်။ စာပေဗိမာန်စာကြည့်တိုက်၊ ရန်ကုန်(ကုန်သည်လမ်း)၊ မန္တလေး စသည်တို့တွင်ရှိကြပါသည်။ ပြည်နယ်များ၏ ယဉ်ကျေးမှုစာကြည့်တိုက်များလည်း ပြည်နယ်အသီးသီး၏ မြို့တော်များရှိနေကြပါသည်။ နိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်စုပေါင်း ၂၀၀ ကျော်တွင်လည်း တက္ကသိုလ်ဗဟိုစာကြည့်တိုက်၊ ဘာသာရပ်ဌာနအလိုက် အထူးပြုစာကြည့်တိုက်များ အသီးသီးရှိနေကြပြီးဖြစ်ပါသည်။

စာကြည့်တိုက်ကို စိတ်ဝင်တစား ပျိုးထောင်အားပေးသော ဝန်ကြီးချုပ်များ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ ပါမောက္ခချုပ်များ၊ စာအုပ်စာပေကို အမှီပြု၍သာ ပညာဉာဏ်ကို ဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ကြရကြောင်း ကောင်းစွာနားလည် သိမြင်သောပါမောက္ခများ၊ အထက်တန်း၊ အလယ်တန်းပြကျောင်းဆရာများက ကိုယ်တိုင်လည်း ဗဟုသုတပြည့်ဝအောင် စာပေလေ့လာဖတ်ရှု၍ ဖြည့်တင်းနေရင်း တပည့်စာသင်သားကျောင်းသူ၊ ကျောင်းသားတို့ကို "တပည့်တို့ဒီစာအုပ်လေးဖတ်ကြည့်ကြကွဲ့။ ပြီးရင်ဖတ်ရှုတွေ့ရှိချက်(Book Review)ရေးပြီး ဆရာ့ဆီ(ဆရာမဆီကို)တင်ပေးကြပါလားကွယ်"ဟု စာဖတ်ခြင်း၊ စာကိုကြေညက်အောင် ဖတ်ရှုလေ့လာမှတ်သားသုံးသပ်ခြင်း၊ စိစစ်ဝေဖန်ခြင်း၊ ရေးချခြင်းတို့ကို မပျင်းမရိလုပ်ဆောင်သင့်ကြသည်မဟုတ်လား။ စာရေးသူတို့စာရေးမပျင်းခြင်း၊ စာဖတ်ခြင်း၌ ပျော်မွေ့ခြင်းသည် အထက်တန်းကျောင်းသားဘဝက ဆရာ၊ ဆရာမများ၊ တက္ကသိုလ်မှ ကထိက၊ လက်ထောက်ကထိကများက ကျူတိုရီယယ် အိမ်စာတွေ များများရေးအောင် လက်သွေးပေးခဲ့ကြသဖြင့် စာရေးသူ၊ သတင်းစာဆရာဖြစ်လာစေခြင်းဟု သတိပြုမိပါ၏။

ဆရာကျော်ဦး(ပါရမီစာပေ)ပြုစုခဲ့သော စာအုပ်စာရင်းကို ဖော်ပြအပ်ပါသည်-

**၁။ အနန္တစကြာဝဠာ၏အနားစွန်းပေါ်သို့**
**၂။ နေသူရိန်၏ အရှိန်အဝါအောက်မှာ**
**၃။ ဥတုရာသီပြောင်းခဲ့ပြီ**
**၄။ ရေကြည်တစ်ပေါက်**
**၅။ စွမ်းအင်နှင့်ဝန်းကျင်**
**၆။ မိုးရေလှောင်ကန်**
**၇။ အပိုလို- ငွေလမင်းပေါ်ခြေချခြင်း**
**၈။ စာရေးဆရာ ဒါရိုက်တာဦးသုခ**
**၉။ ပြောင်းလဲနေသော ရာသီဥတု**
**၁၀။ ရာသီဥတုဘေးမှ ဝေးစွရှောင်ရန်**

ရုရှားသမ္မတဗလာဒီမာပူတင်က "ရုရှားစာရေးဆရာဖြိုဒေါ်ဒေါ့စတော့ယက်ဗ်စကီရေးတဲ့ စာအုပ်တွေကို ဖတ်ဖူးတဲ့သူများနဲ့ မဖတ်ဘူးတဲ့လူများဆိုပြီး လူအတန်းအစားနှစ်မျိုးသာ ကွဲပြားတာရှိပါတယ်"လို့ ပြောဖူးပါသတဲ့။ စာဖတ်သူဟာ ဖြိုဒေါ်ဒေါ့စတော့ယက်ဗ်စကီရေးတဲ့ ကရာမာဇော့ညီအစ်ကိုများဆိုတဲ့ စာအုပ်ကို ရုရှားလို၊ အင်္ဂလိပ်လို၊ ပြင်သစ်လိုမဖတ်ဘူးခဲ့ရင်တောင် ဆရာနတ်နွယ်ဘာသာပြန်ထားတဲ့ "ကရာမာဇော့ညီအစ်ကိုများ"ဆိုတဲ့ မြန်မာပြန်နော်ဗယ်ဝတ္ထုရှည်ကြီးကို ဖတ်ကြည့်လိုက်တဲ့အခါမှ "ဩော် သမ္မတပူတင်က ဒါ့ကြောင့် ဒီလိုစာမျိုးကိုဖတ်သူနဲ့ မဖတ်ဘူးသူ အဆင့်အတန်းအလွှာကွဲပြားသွားကြောင်း ပြောခဲ့ပေတာကိုး"လို့ သဘောပေါက်ရလိမ့်မယ်။

စာရေးသူကလည်း ဆရာကျော်ဦးလို ပုဂ္ဂိုလ်မျိုးရေးထားတဲ့ အထက်ပါစာအုပ်များအနက် တစ်အုပ်တစ်လေဖြစ်စေ၊ ရှာဖွေဖတ်မိလိုက်တဲ့အခါ "ဩော် လူတစ်ယောက်အနေနဲ့ ရာသီဥတုရဲ့ မိမိပတ်ဝန်းကျင်ရဲ့ သဘောသဘာဝကို ဒီအဖိုးတန်တဲ့ ဗဟုသုတတွေ သိမြင်နားလည်စေချင်၊ အကျိုးရှိစေချင်တာကိုး"ဟု သဘောပေါက်ကြပါလိမ့်မည်။

# ဖိလစ်ပိုင်နိုင်ငံတွင် ဘူလူဆန်မီးတောင်ပေါက်ကွဲမှုကြောင့် မီးတောင်အန္တရာယ်သတိပေးချက်ထုတ်ပြန်



**မနီလာ မေ ၂၈**

ဖိလစ်ပိုင်နိုင်ငံတွင် ယနေ့ နံနက်အစောပိုင်းက ဘူလူဆန်မီးတောင် ပေါက်ကွဲမှုကြောင့် မီးတောင်အန္တရာယ်သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

မီးတောင်ပေါက်ကွဲမှုကြောင့် မီးတောင်အနီး လေးကီလိုမီတာ ပတ်လည်အတွင်း ဖြတ်သန်းသွားလာခြင်းမပြုရန်နှင့် ၎င်းဧရိယာအတွင်း နေထိုင်သူများကိုလည်း ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားထားကြောင်း၊ မီးတောင်ပေါက်ကွဲမှုအန္တရာယ်ကို အဆင့် (၁) အဖြစ် သတ်မှတ်ထားကြောင်း၊ အဆင့် (၁) သည် အန္တရာယ်အဆင့်သတ်မှတ်ချက်၌ အနိမ့်ဆုံး သတ်မှတ်ချက် ဖြစ်သော်လည်း မီးတောင်ပေါက်ကွဲမှုကြောင့် မီးခိုးနှင့် ပြာများပျံ့နှံ့နေခြင်းကြောင့် လေထုညစ်ညမ်းမှု ဖြစ်ပေါ်လာနိုင်ကြောင်း၊ မီးတောင်ပေါက်ကွဲမှု ဖြစ်ပွားရခြင်းမှာ မီးတောင်အနီး အသေးစားငလျင်လှုပ်ခတ်မှု ၅၃ ကြိမ်ထိ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် မီးတောင်ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီနေ့နံနက် အစောပိုင်းက ဘူလူဆန်မီးတောင် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပါတယ်။ မီးတောင်အနီး အသေးစားငလျင် ၅၃ ကြိမ်ထိ လှုပ်ခတ်ခဲ့ပါတယ်။ မီးတောင်ပေါက်ကွဲမှုကြောင့် မီးတောင်အနီးဝန်းကျင် လေးကီလိုမီတာအတွင်း လူနေထိုင်ဖို့မသင့်ပါဘူး။ မီးတောင်အနီး နှစ်ကီလိုမီတာအတွင်းကတော့ အန္တရာယ်ဇုန်ဖြစ်ပါတယ်။ မီးတောင်ကနေထွက်ပေါ်တဲ့ မီးခိုးနဲ့ပြာတွေကြောင့် လေထုညစ်ညမ်းမှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်"ဟု Philippine Institute of Volcanology and Seismology (Phivolcs)မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# လတ်ဗီးယားနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းမှုအဖြစ် ဂျန်ကလာရေကန်ဝန်းကျင်တွင် လူထုစုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့

**ရီဂါ မေ ၂၈**

လတ်ဗီးယားနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းမှုအဖြစ် ဂျန်ကလာရေကန်ဝန်းကျင်တွင် မေ ၂၇ရက်က လူထုစုပေါင်း သန့်ရှင်းရေး ပြုလုပ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

လတ်ဗီးယားနိုင်ငံ ရီဂါမြို့တွင်ရှိသော ဂျန်ကလာရေကန်ဝန်းကျင်တွင် လူထုစုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြကြောင်း၊ အဆိုပါသဘာဝပတ်ဝန်းကျင်ဆိုင်ရာ လှုပ်ရှားမှုတွင် စေတနာ့ဝန်ထမ်းများအပါအဝင် နိုင်ငံတစ်ဝန်းရှိ ပြည်သူများလည်း ပါဝင်ခဲ့ကြောင်း သိရသည်။

လတ်ဗီးယားနိုင်ငံတွင် ထိုသို့ သဘာဝပတ်ဝန်းကျင် လူထုလှုပ်ရှားမှုကို နှစ်စဉ် နွေဦးပေါက်ကာလဖြစ်သည့် ဧပြီလ စတုတ္ထပတ်တိုင်း ပြုလုပ်လေ့ရှိကြောင်း၊ ထိုသို့ ပြုလုပ်ရာနေရာများသည် အဓိကအားဖြင့် အများပြည်သူဆိုင်ရာ နေရာများဖြစ်ပြီး ၎င်းနေရာများ၏ ပတ်ဝန်းကျင်သန့်ရှင်းသာယာ လှပစေရန်နှင့် သဘာဝ ပတ်ဝန်းကျင်အတွက် ကောင်းမွန်သော အလေ့အကျင့်များဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ လှုပ်ရှားမှုများ ပြုလုပ်ခြင်းဖြစ်ကြောင်း မြို့နယ်စေတနာ့ဝန်ထမ်းတစ်ဦးက ပြောကြားခဲ့သည်။

လတ်ဗီးယားနိုင်ငံတွင် အဆိုပါ သဘာဝပတ်ဝန်းကျင် လူထုလှုပ်ရှားမှုကို ၂၀၀၈ ခုနှစ်တွင် စတင်ပြုလုပ်ခဲ့ကြပြီး ပြည်သူများ တက်ကြွစွာ ပါဝင်ခဲ့ကြကြောင်း၊ လူထုလှုပ်ရှားမှု ပြုလုပ်ခဲ့သည့်နေရာများမှာ သစ်တောများ၊ မြစ်ကမ်းပါးများ၊ ကမ်းခြေများ၊ ပန်းခြံများအပါအဝင် အခြားအများပြည်သူဆိုင်ရာနေရာများမှ အမှိုက်များကို ဖယ်ရှားလေ့ရှိကြောင်း၊ ၎င်းတို့၏လှုပ်ရှားမှုများတွင် သစ်ပင်စိုက်ပျိုးခြင်း၊ ပန်းခြံများစီစဉ်ခြင်း၊ ယဉ်ကျေးမှုနေရာများ ပြန်လည်ထူထောင်ခြင်း၊ နားခိုရာနေရာများတွင် ပန်းချီဆွဲခြင်း၊ နားခိုရာ၌ အဆင်ပြေစေရန် ပြုပြင်ခြင်းများ ပါဝင်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# အီရန်နိုင်ငံ မြို့တော်တီဟီရန်တွင် မိုးကြိုးမုန်တိုင်းတိုက်ခတ်မှုဖြစ်ပွားခဲ့

**တီဟီရန် မေ ၂၈**

အီရန်နိုင်ငံ မြို့တော်တီဟီရန်တွင် မေ ၂၇ ရက် ညနေပိုင်းက မိုးကြိုးမုန်တိုင်း တိုက်ခတ်မှုဖြစ်ပွားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

မိုးကြိုးမုန်တိုင်း တိုက်ခတ်မှု ဖြစ်ပွားခဲ့ခြင်းကြောင့် လူတစ်ဦး သေဆုံးခဲ့ပြီး ၂၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရသူများအနက် ရှစ်ဦးမှာ ပြင်းထန်ကာ အရေးပေါ်ကုသမှုခံယူနေရပြီး ၁၆ ဦးမှာ သာမန်ထိခိုက်ရုံမျှသာဖြစ်ပြီး ပြင်းထန်မှုမရှိကြောင်း၊ ယနေ့တွင် သက်သာလာသူ တစ်ဦးကို ဆေးရုံမှ ဆင်းပေးခဲ့ကြောင်း တီဟီရန်မြို့ အရေးပေါ်ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မိုးကြိုးမုန်တိုင်း တိုက်ခတ်မှုကြောင့် အခြေခံအဆောက်အအုံနှင့် လူနေအဆောက်အအုံတချို့ ထိခိုက်ခဲ့ပြီး လမ်းများလည်း ပျက်စီးကာ သွားလာမှုအခက်အခဲများ ဖြစ်ပေါ်ခဲ့ကြောင်း၊ လက်ရှိတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေပြီး ဒဏ်ရာရသူဦးရေလည်း တိုးလာနိုင်ကြောင်း သိရသည်။



အဆိုပါ မိုးကြိုးမုန်တိုင်းသည် လေတိုက်နှုန်း တစ်နာရီလျှင် ၁၀၈ ကီလိုမီတာထိ ရောက်ရှိခဲ့ကြောင်း အီရန် လမ်းနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

Ref : Russia Today

Trs : KZ

# မိုက်ခရိုပလတ်စတစ်များက ပျားများနှင့် အခြားသောအင်းဆက်များ၏ ဂေဟစနစ်ကို ကမောက်ကမဖြစ်စေနိုင်

**ဆန်တီယာဂို မေ ၂၈**

မိုက်ခရိုပလတ်စတစ်များသည် ပျားများနှင့်အခြားသောအင်းဆက်များ၏ ဂေဟစနစ်ကို ကမောက်ကမဖြစ်စေနိုင်ကြောင်း ချီလီနိုင်ငံ ဂေဟဗေဒ ပညာရှင်များက ဆိုထားကြောင်း ယနေ့သတင်းများအရ သိရသည်။

လေထုထဲတွင် ပျံ့လွင့်နေသော မိုက်ခရိုပလတ်စတစ်များသည် ပျားများနှင့် အခြားသောအင်းဆက်များ၏ အသက်ရှူလမ်းကြောင်းများမှတစ်ဆင့် ဦးနှောက်နှင့် အစာအိမ်လမ်းကြောင်းများသို့ ရောက်ရှိလာပြီး အူလမ်းကြောင်းများကိုပျက်စီးစေကြောင်း ၎င်းတို့၏ ဦးနှောက်ထဲသို့ ဝင်ရောက်ခြင်းက မှတ်ဉာဏ်နှင့် သင်ယူမှုတို့ကို ထိခိုက်စေနိုင်ကြောင်း ချီလီနိုင်ငံ အခြေစိုက် ရိုမန်ကတ်သလစ်တက္ကသိုလ်မှ ဂေဟဗေဒပညာရှင်များထဲမှ တစ်ဦးဖြစ်သော ဂတ်စ်တွန်ကာဗာဟိုက ပြောကြားခဲ့သည်။

လေ့လာမှုများအရ သေးငယ်သော ပလတ်စတစ်အပိုင်းအစများ ဝင်ရောက်ခြင်းခံထားရသည့် ပျားများအပါအဝင် အခြားသောအင်းဆက်များတွင် ဗက်တီးရီးယားနှင့် ဗိုင်းရပ်စ်များဒဏ်ကို ခံနိုင်ရည်မရှိကြောင်း၊ ထို့ပြင် မိုက်ခရိုပလတ်စတစ်ညစ်ညမ်းမှုနှင့် ထိတွေ့သောအခါ ၎င်းတို့တွင် မှတ်ဉာဏ်များ ရှုပ်ထွေးလာကာ အနံ့ခံအာရုံများ ပျောက်သွားကြောင်း၊ ထို့ပြင် ပျားများနှင့်အခြားသောအင်းဆက်များတွင် သေကျေစေနိုင်သည်ထိ ဖြစ်စေနိုင်ကြောင်း ဂတ်စ်တွန်က ပြောကြားခဲ့သည်။

မိုက်ခရိုပလတ်စတစ်များသည် ပျားများ၏ ပျားရည်အရည်အသွေးကိုလည်း ထိခိုက်စေပြီး ဝတ်မှုန်ကူးရာတွင်လည်း ဝတ်မှုန်ကူးခြင်းလုပ်ငန်းစဉ်ကို ကမောက်ကမဖြစ်စေကြောင်းချီလီနိုင်ငံ ရိုမန်ကတ်သလစ်တက္ကသိုလ်မှ ဂေဟဗေဒပညာရှင် ဂတ်စ်တွန် ကာဗာဟိုက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : KZ

# တောင်အာဖရိကနိုင်ငံ ကွာဇူလူနာတယ်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသဖြင့် ရေကြီးရေလျှံမှုဖြစ်ပွား

**ပရီတိုးရီးယား မေ ၂၈**

တောင်အာဖရိကနိုင်ငံ ကွာဇူလူနာတယ်ပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီးနောက် ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ကြောင်း ကွာဇူလူနာတယ်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

မိုးရွာသွန်းမှုသည် မေ ၂၅ ရက်က စတင်ခဲ့ခြင်းဖြစ်ပြီး မိုးရေချိန် မြင့်တက်လာသည့်အတွက် မြစ်ရေလျှံတက်ကာ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် စိုက်ခင်းများပျက်စီးခဲ့ပြီး လမ်းတချို့ကို ယာယီပိတ်ထားရကြောင်း ကွာဇူလူနာတယ်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ပြည်နယ်တစ်ခုလုံး အတိုင်းအတာနဲ့ ရေကြီးရေလျှံမှုဖြစ်ပေါ်နေပါတယ်။ သဘာဝဘေးအန္တရာယ် အရေးပေါ်အခြေအနေဖြစ်ပါတယ်။ နေအိမ်တချို့ပျက်စီးခဲ့ပြီးတော့ အခြေခံအဆောက်အအုံအမြောက်အမြား ပျက်စီးခဲ့ပါတယ်။ ရေဘေးအန္တရာယ်ကာကွယ်ရေး အခြေခံအဆောက်အအုံတွေတော့ရှိပါတယ်။ ဒါပေမဲ့ မိုးရေချိန်မြင့်မားတဲ့အတွက် မြစ်ရေလျှံတက်ပြီးတော့ ရေဘေးအန္တရာယ်ကာကွယ်ရေး အခြေခံအဆောက်အအုံတွေလဲ ထိရောက်မှုမရှိတော့ဘူး။ ရေဘေးအန္တရာယ်ကာကွယ်ရေး အခြေခံအဆောက်အအုံတွေ တိုးချဲ့သွားဖို့အတွက် ရင်းနှီးမြှုပ်နှံမှုတွေပြုလုပ်သွားဖို့ လိုအပ်နေပါတယ်။ ရေဘေးအန္တရာယ်ကြောင့် သေဆုံးသူတစ်ယောက် ရှိခဲ့တယ်။ မလိုလားအပ်တဲ့ ဆုံးရှုံးမှုတစ်ရပ်ဖြစ်ပါတယ်"ဟု ကွာဇူလူနာတယ်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

အသက်အန္တရာယ်ရှိသည့် အတွက်ကြောင့် ရေကြီးရေလျှံမှုကို အရေးအပေါ်အခြေအနေသတ်မှတ်ထားပြီး ကယ်ဆယ်ရေးဝန်ထမ်းများကို ရေကြီးရေလျှံမှု ဖြစ်ပွားနေသည့် ဧရိယာသို့ စေလွှတ်ထားပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# တမူးခရိုင်တွင် မြေပဲဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး တစ်ဧကလျှင် ၆၂ ဒသမ ၇ တင်း ထွက်ရှိ



**တမူး မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် မြေပဲဧကအားလုံးရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၆၂ ဒသမ ၇ တင်းထွက်ရှိကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၂၄၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"တမူးခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲ ၃၂၄၃ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့မြေပဲခင်းတွေ အခုလက်ရှိ ဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးခရိုင်တွင် မြို့နယ်အလိုက် မြေပဲနုတ်သိမ်းပြီးစီးမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ၅၅၆ ဧက၊ တမူးမြို့နယ်တွင် ၁၀၁၂ ဧက၊ ခါမ်းပါတ်မြို့တွင် ၁၆၇၅ ဧက စုစုပေါင်း ၃၂၄၃ ဧက ဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကိုပါ ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် မြေပဲကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးရန် ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

(၂၀၆)

# လှည်းကူးမြို့နယ် မယ်ဇလီကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လှည်းကူး မေ ၂၈**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးခရိုင် လှည်းကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်အသေးစားစီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန် ငွေကြေးအရင်းအနှီးရရှိပြီး မိသားစုစားဝတ်နေရေးကို အထောက်အကူပြုနိုင်ရန်အတွက် မယ်ဇလီကုန်းကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေထုတ်ချေးပေးခြင်းကို မေ ၂၇ ရက်က အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှည်းကူးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာစိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက စီမံကိန်းရန်ပုံငွေကျပ် ၃၅ သန်းကို မယ်ဇလီကုန်းကျေးရွာမြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် မယ်ဇလီကုန်းကျေးရွာ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသေးစားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သည့်အသင်းသား၊ အသင်းသူ ဦးရေ ၅၀ ကို ငွေကျပ် ၃၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း လှည်းကူးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**

# ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင် အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ရေကြည် မေ ၂၈**

ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင် အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြသည်။



ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင် အိတ်ရေ ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင် အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရေကြည်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို မတ်လထဲမှာ ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင် အိတ်ရေ အများအပြားတင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ ဒေသထွက်ပဲတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ဗိုလ်ကိတ်ပဲတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှု အားကောင်းလာပါတယ်။ ဒေသထွက်ပဲတွေ၊ စပါးတွေကို ရေကြည်ဘက်က ကုန်သည်၊ ပွဲရုံလုပ်ငန်းရှင်တွေနဲ့ ရန်ကုန်ဈေးကွက်ကိုပဲ အများစု တင်ပို့ ရောင်းချတာဖြစ်တယ်။ ရန်ကုန်ဈေးကွက်ကို ဗိုလ်ကိတ်ပဲတွေ တင်ပို့ကုန်တက်လာတော့ ကုန်သည်၊ လုပ်ငန်းရှင်တွေအပြင် လုပ်သားတွေပါ လုပ်ငန်းအဆင်ပြေနေတယ်"ဟု ရေကြည်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဗိုလ်ကိတ်ပဲများ အရောင်းအဝယ်ကောင်းလာခြင်းကြောင့် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ကားအငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# တောင်ကြီးမြို့နယ် ညိုမီးဘုရားဖြူကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း စစ်ဆေး

**တောင်ကြီး မေ ၂၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ဖြင့် ထီဖောင်းကျေးရွာအုပ်စု ညိုမီးဘုရားဖြူကျေးရွာ၌ ကျေးရွာ ဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မေ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သဇင်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကော်မတီဝင်များနှင့်အတူ ညိုမီးဘုရားဖြူကျေးရွာ၌ စာကြည့်ခန်းအပါအဝင် ကျေးရွာဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဒုတိယညွှန်ကြားရေးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ညိုမီးဘုရားဖြူကျေးရွာတွင် အလျား ပေ ၄၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေရှိပြီး ဘက်စုံသုံးခန်းမဆောင် ဆောက်လုပ်ခြင်းကိုကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင် ငွေကျပ် ၇ ဒသမ ၉၃ သန်း စုစုပေါင်း ငွေကျပ် ၂၂ ဒသမ ၉၃ သန်း အသုံးပြုကာ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၄ ခုနှစ် အောက်တိုဘာလ စတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သဇင်ထံမှ သိရသည်။

**မောင်ခိုင်**

# ဘားအံမြို့နယ် နတ်ကုန်းကျေးရွာ၌ လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဘားအံ မေ ၂၈**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နတ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် လျှပ်စစ်မီးသွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မေ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံ ဒေါ်မေဦးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ နတ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေဖြင့် လျှပ်စစ်မီးသွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းတာဝန်ခံ ဒေါ်မေဦးက ဆောင်ရွက်ပြီး လုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် မှာကြားသည်။

အဆိုပါ နတ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး စီမံကိန်း ခြောက်နှစ်တာကာလအတွင်း အတိုးရငွေ ၁၉ ဒသမ ၆၄ သန်းရရှိသည့်အနက်မှ ငွေကျပ် ၅ သန်း၊ ကျေးရွာမှ ထည့်ဝင်ငွေ ၂၄ ဒသမ ၁၉ သန်း စုစုပေါင်း ငွေကျပ် ၂၉ ဒသမ ၁၉ သန်းဖြင့် ကျေးရွာလျှပ်စစ်မီးသွယ်တန်းခြင်း ဗို့ ၄၀၀ ခတ်အားလိုင်း ပေ ၃၈၅၀ သွယ်တန်းခြင်းလုပ်ငန်းကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဩဂုတ်လ ပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ကိုသက်**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# ပစ်ခတ်တိုက်ခိုက်မှုဖြစ်စဉ်ကြောင့် ပေါ်ပေါက်လာသည့် အိန္ဒိယနှင့် ပါကစ္စတန်တို့၏ တင်းမာမှု

တောင်အာရှဒေသတွင် နျူကလီးယားလက်နက်ပိုင်ဆိုင်ထားကြပြီး ယနေ့အချိန် စစ်ပွဲကြီး လေးကြိမ်ခင်းခဲ့ပြီးဖြစ်သော အိန္ဒိယနှင့် ပါကစ္စတန်တို့သည် ယခုအခါ အမြင့်ဆုံးတင်းမာမှုအဆင့်သို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ ထိုသို့ဖြစ်ပေါ်လာရခြင်းမှာ ယခုနှစ် ဧပြီ ၂၂ ရက်က ဂျမ္မူးနှင့် ကက်ရှ်မီးယားပြည်နယ် ပါဟယ်ဂမ်အနီးရှိ ဘိုင်ဆာရန်မြက်ခင်းပြင်၌ ဟိန္ဒူခရီးသွားများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည့် တိုက်ခိုက်မှုကြောင့်ဖြစ်သည်။ Lashkar-e-Taiba အဖွဲ့က ၎င်းတို့၏လက်ချက်ဖြစ်သည်ဟု ပြောကြားထားသည့် အဆိုပါတိုက်ခိုက်မှုတွင် အနည်းဆုံး လူ ၂၀ ကျော် ဒဏ်ရာရရှိခဲ့ပြီး ၂၈ ဦးသေဆုံးခဲ့သည်။ ၎င်းဖြစ်စဉ်သည် ၂၀၁၉ ခုနှစ်တွင် ဂျမ္မူးနှင့် ကက်ရှ်မီးယားဒေသ၌ အိန္ဒိယအစိုးရ၏အထူးအဆင့်အတန်းကို ရုပ်သိမ်းပြီးနောက် ဒေသတွင်း၌ အသေအပျောက်အများဆုံးဖြစ်စဉ်များအနက်မှ တစ်ခုဖြစ်သည်။ တိုက်ခိုက်မှုဖြစ်စဉ်နှင့်ပတ်သက်၍ အိန္ဒိယနှင့် ပါကစ္စတန်တို့သည် ၎င်းတို့၏ နိုင်ငံသားများအချင်းချင်းနိုင်ငံများသို့ ပြည်ဝင်ခွင့်ဗီဇာကိုဖျက်သိမ်းလိုက်ခြင်း၊ အိန္ဒိယက အထင်ကရရေခွဲဝေရေးစာချုပ်ကို ဆိုင်းငံ့ထားခြင်းနှင့် ပါကစ္စတန်က ဆင်းမလားသဘောတူညီချက်ကိုရုပ်တန့်ခြင်းတို့ဖြင့် အပြန်အလှန်ထိုးနှက်လျက်ရှိသည်။

**အိန္ဒိယ၏ တုံ့ပြန်မှု**

အဆိုပါတိုက်ခိုက်မှုကို တုံ့ပြန်သည့်အနေဖြင့် လက်နက်ကိုင်တပ်ဖွဲ့များမှ ထိပ်တန်းအရာရှိများကို အခင်းဖြစ်ဒေသများသို့ စေလွှတ်ခဲ့ပြီး ဒေသဆိုင်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များကို ပြင်းထန်စွာသတိပေးထားသည်။ ကျူးလွန်သူများကို ခြေရာခံနှိမ်နင်းရန် ရည်ရွယ်၍ အပြင်းအထန်ရှာဖွေခြင်းနှင့် ဖျက်ဆီးခြင်းလုပ်ငန်းများလုပ်ဆောင်ရန် နယ်မြေအတွင်းသို့ နောက်ထပ်တပ်ဖွဲ့ဝင်များ စေလွှတ်ခဲ့သည်။ ဂျမ္မူးနှင့် ကက်ရှ်မီးယားရဲတပ်ဖွဲ့တို့ပူးပေါင်းပြီး ဘိုင်ဆာရန်ဒေသနှင့် ပတ်ဝန်းကျင်ဒေသများတွင် အကြမ်းဖက်မှုအတွက် တာဝန်ရှိသူများကို ဖမ်းဆီးနိုင်ရန် တပ်မတော်မှ စစ်ဆင်ရေးများကျယ်ပြန့်စွာလုပ်ဆောင်လျက်ရှိသည်။ ကာကွယ်ရေးဝန်ကြီးက အဆိုပါတိုက်ခိုက်မှုကို လူသိရှင်ကြားပြစ်တင်ရှုတ်ချခဲ့ပြီး အပြစ်မဲ့အရပ်သားများကို သူရဲဘောကြောင်စွာတိုက်ခိုက်သည့်လုပ်ရပ်အဖြစ် ဖော်ပြခဲ့သည်။

အဆိုပါတိုက်ခိုက်မှုအပြီးတွင် အိန္ဒိယကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဥပင်ဒရာဒွီဝီဒီနှင့် ရေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဒင်းနစ်ထရီပါသီတို့က ကာကွယ်ရေးဝန်ကြီး ရာနက်ဆင်းကို ရှင်းလင်းတင်ပြခဲ့သည်။ အမျိုးသားလုံခြုံရေးအကြံပေး အာဂျစ်ဒိုဗယ်လ်နှင့် လေတပ်ဦးစီးချုပ်တို့လည်းပါဝင်သည့် အဆင့်မြင့်အစည်းအဝေးတွင် ဟိန္ဒူခရီးသွားအုပ်စုတစ်စုကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုအပြီးတွင် ချက်ချင်းတုံ့ပြန်မှုနှင့် ဆက်လက်လုပ်ဆောင်မှုများနှင့်ပတ်သက်၍ အလေးပေးဆွေးနွေးခဲ့သည်။ အဆိုပါတိုက်ခိုက်မှုသည် ဒေသတွင်းလူဦးရေဆိုင်ရာအပြောင်းအလဲများကို တွန်းလှန်ရန်ရည်ရွယ်သည်ဟု ပစ်ခတ်တိုက်ခိုက်သည့် Lashkar-e-Taiba ၏ အဖွဲ့ခွဲဖြစ်သော ခုခံကာကွယ်ရေးတပ်ဖွဲ့ (The Resistance Force-TRF) အဖွဲ့က အခိုင်အမာပြောကြားခဲ့သည်။

ဆော်ဒီအာရေဗျသို့ နှစ်ရက်ကြာခရီးသွားရောက်လျက်ရှိသည့် ဝန်ကြီးချုပ်နာရင်ဒရာမိုဒီသည် ခရီးစဉ်ရက်များကိုလျှော့ချပြီး ပြန်လာခဲ့သည်။ အိန္ဒိယအနေဖြင့် ပစ်ခတ်တိုက်ခိုက်ရေးသမားနှင့် ၎င်းတို့ကိုကြိုးကိုင်သည့် ကျောထောက်နောက်ခံပြုသူတိုင်းကို ဖော်ထုတ်ခြေရာခံပြီး အပြစ်ပေးသွားမည်ဖြစ်ပြီး ၎င်းတို့ကို ရေဆုံး၊ မြေဆုံး လိုက်လံရှင်းလင်းမည်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ်နာရန်ဒရာမိုဒီက ဧပြီ ၂၄ ရက်တွင်ပြုလုပ်သည့် စုဝေးပွဲ၌ ပြောကြားခဲ့သည်။

တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အိမ်နီးချင်းနိုင်ငံနှင့် သံတမန်ဆက်ဆံရေးအဆင့် လျှော့ချရေးအစီအမံတစ်စိတ်တစ်ပိုင်းအနေဖြင့် ပါကစ္စတန်နှင့် အိန္ဒုမြစ်ရေခွဲဝေအသုံးပြုရေးစာချုပ်ကို ချက်ချင်းရပ်ဆိုင်းမည်ဖြစ်ကြောင်း ဧပြီ ၂၄ ရက်တွင် အိန္ဒိယက ပြောကြားခဲ့သည်။ အကြမ်းဖက်တိုက်ခိုက်မှုအပြီး အိန္ဒိယအစိုးရသည် ပါကစ္စတန်နှင့် သက်တမ်း ၆၄ နှစ်ရှိ ရေသဘောတူညီချက်ကို ဆိုင်းငံ့ခဲ့သည်။ ၎င်းသည် ပါကစ္စတန်၏ကြီးမားသောစိုက်ပျိုးရေးကဏ္ဍအတွက်တည်ရှိနေသည့် ခြိမ်းခြောက်မှုတစ်ခုအဖြစ်ယူဆထားသည့် ပါကစ္စတန်နှင့် ရေမျှဝေမှုစာချုပ်ဟောင်းဖြစ်သည်။ အိန္ဒိယ၏ အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များအတွက် ထိပ်တန်းဆုံးဖြတ်ချက်ချမှတ်သူဖြစ်သည့် လုံခြုံရေးဆိုင်ရာကက်ဘိနက်ကော်မတီသည် ၁၉၆၀ ပြည့်နှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့် အိန္ဒုမြစ်ရေခွဲဝေရေးသဘောတူစာချုပ် (Indu Waters Treaty)ကို ဆိုင်းငံ့ထားရန် အတည်ပြုခဲ့ကြောင်း ဧပြီ ၂၃ ရက်တွင် ဖော်ပြခဲ့သည်။ စာချုပ်အရ ပါကစ္စတန်သည် ၎င်း၏ စိုက်ပျိုးရေးနှင့်ရေအားလျှပ်စစ်စက်ရုံများသို့ ရေပေးဝေသည့် အိန္ဒုမြစ်ဝှမ်းမြစ်များမှ ရေဝေစု ၈၀ ရာခိုင်နှုန်းကို ခံစားခွင့်ရှိသည်။ ပါကစ္စတန်ရှိ လူဦးရေသန်း ၁၄၀ ကျော်သည် မြစ်များမှပေးဝေသောရေကို မှီခိုအားထားကာ အဆိုပါစနစ်သည် နိုင်ငံအတွက် အသက်သွေးကြောအဖြစ်ရပ်တည်လျက်ရှိသည်။

ထို့ပြင် ပါကစ္စတန်နိုင်ငံသားများကို ထုတ်ပေးထားသော ဗီဇာအားလုံးကို ဧပြီ ၂၇ ရက်မှစတင်၍ ရုပ်သိမ်းမည်ဖြစ်ပြီး အိန္ဒိယတွင် လက်ရှိ ပါကစ္စတန်နိုင်ငံသားအားလုံး ဗီဇာသက်တမ်းမကုန်မီ ထွက်ခွာရမည်ဟုလည်း အိန္ဒိယက ပြောကြားခဲ့သည်။ နှစ်နိုင်ငံကြား သံတမန်ဝန်ထမ်းအရေအတွက်ကို ဖြတ်တောက်ပြီး တစ်နိုင်ငံနှင့်တစ်နိုင်ငံ နယ်စပ်ဖြတ်ကျော်မှုကိုပိတ်ပစ်ရန်လည်း ထပ်မံကြေညာခဲ့သည်။

**ပါကစ္စတန်၏တုံ့ပြန်မှု**

တိုက်ခိုက်မှုသည် ပါကစ္စတန်နှင့် နယ်စပ်ဖြတ်ကျော်ချိတ်ဆက်မှုများရှိနေသည်ဟု အိန္ဒိယအစိုးရက ပြောကြားခဲ့သည်။ ပါကစ္စတန်က တိုက်ခိုက်မှုနှင့်ဆက်နွှယ်မှုမရှိကြောင်းငြင်းဆိုထားပြီး ရေစီးဆင်းမှုကို ရပ်တန့်ရန် သို့မဟုတ် လမ်းကြောင်းပြောင်းရန် အိန္ဒိယ၏ကြိုးပမ်းမှုမှန်သမျှကို အင်အားအပြည့်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သတိပေးခဲ့သည်။ ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး အီရှာဒါက အိန္ဒိယ၏ အရွေ့ခြေလှမ်းတိုင်းသည် အပြန်အလှန် လက်တုံ့ပြန်မှုကိုတွေ့ရလိမ့်မည်ဟု ပြောကြားခဲ့သည်။ ပါကစ္စတန်က အိန္ဒိယပိုင် သို့မဟုတ် အိန္ဒိယက လည်ပတ်နေသော လေကြောင်းလိုင်းအားလုံးအတွက် ၎င်း၏လေပိုင်နက်ကိုပိတ်ခဲ့ပြီး တတိယနိုင်ငံသို့သွားရန်အပါအဝင် အိန္ဒိယနှင့် ကုန်သွယ်မှုအားလုံးကို ရပ်ဆိုင်းခဲ့သည်။ အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီ၏ ဟိန္ဒူအမျိုးသားရေးဝါဒီအစိုးရမှ စစ်ရေးအရ အရေးယူရန်တောင်းဆိုပြီးနောက် အိန္ဒိယ၏ ခြိမ်းခြောက်မှုများကိုဆန့်ကျင်ရန် ကက်ရှ်မီးယားအပါအဝင် နိုင်ငံတစ်ဝန်းရှိ ရာနှင့်ချီသော ပါကစ္စတန်နိုင်ငံသားများသည် ဆန္ဒထုတ်ဖော်ပွဲများတွင် ပူးပေါင်းပါဝင်ခဲ့ကြသည်။



ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့သည့် ဘိုင်ဆာရန်မြက်ခင်းပြင်၌ အိန္ဒိယတပ်ဖွဲ့များ လုံခြုံရေးဆောင်ရွက်နေစဉ်။

အိန္ဒိယအပေါ် လက်တုံ့ပြန်သည့် တုံ့ပြန်ဆောင်ရွက်မှုများ ဆက်တိုက်ပြုလုပ်သည့်အနေဖြင့် ၁၉၇၂ ခုနှစ် ဆင်းမလားသဘောတူညီချက်ကို ပါကစ္စတန်က ဆိုင်းငံ့ထားသည်။ အိန္ဒိယ၏ ဒဏ်ခတ်အရေးယူမှုများအပေါ် တုံ့ပြန်သည့်အနေဖြင့် နှစ်နာရီကျော်ကြာပြုလုပ်သည့် နိုင်ငံ၏လုံခြုံရေးဆိုင်ရာဆုံးဖြတ်ချက်ချရေးအဖွဲ့(NSC)မှ ဆုံးဖြတ်ချက်ချပြီးနောက် ၎င်းဆုံးဖြတ်ချက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ပါကစ္စတန်၏ တုံ့ပြန်ချက်တွင် ကုန်သွယ်ရေးအတွက် ဝါဂါနယ်စပ်ကိုပိတ်ခြင်း၊ အိန္ဒိယနိုင်ငံသားများအတွက် တောင်အာရှဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SAARC)ဗီဇာများ ဆိုင်းငံ့ခြင်းအပါအဝင် အိန္ဒိယစစ်ဘက်သံတမန်များကို နှင်ထုတ်ခြင်း၊ အိန္ဒိယလေယာဉ်များ ပါကစ္စတန်ဝေဟင်ပိုင်နက်ဖြတ်ကျော်ပျံသန်းမှုကိုပိတ်ခြင်း၊ တတိယနိုင်ငံဖြတ်သွားသောကုန်သွယ်မှုအပါအဝင် အိန္ဒိယနှင့် ကုန်သွယ်မှုအားလုံးကို ရပ်ဆိုင်းခြင်းပါဝင်သည်။

၁၉၇၂ ခုနှစ် ဇူလိုင် ၂ ရက်တွင် အိန္ဒိယဝန်ကြီးချုပ် အင်ဒီရာဂန္ဒီနှင့် ပါကစ္စတန်သမ္မတဇူးလ်ဖီကာလီဘူတိုတို့ ချုပ်ဆိုခဲ့သောဆင်းမလားသဘောတူညီချက် (Simla Agreement)သည် ၁၉၇၁ ခုနှစ် အင်ဒို-ပါကစ္စတန်စစ်ပွဲအပြီးတွင် ထူထောင်ခဲ့သောငြိမ်းချမ်းရေးစာချုပ်ဖြစ်သည်။ ၎င်းသည် နှစ်နိုင်ငံကြားပဋိပက္ခများနှင့် ထိပ်တိုက်ရင်ဆိုင်မှုများကို အဆုံးသတ်ရန် ရည်ရွယ်ပြီး နှစ်ဖက်ညှိနှိုင်းမှုများမှတစ်ဆင့် အငြင်းပွားမှုများကိုဖြေရှင်းရန် အခြေခံမူများချမှတ်ခဲ့သည်။ သဘောတူညီချက်တွင် ကက်ရှ်မီးယားရှိ ထိန်းချုပ်ရေးမျဉ်းတစ်လျှောက် အပစ်အခတ်ရပ်စဲရေး(LoC)အဖြစ်သို့ ပြောင်းလဲခဲ့ပြီး တပ်များဆုတ်ခွာရေးနှင့် အကျဉ်းသားလဲလှယ်ရေးဆိုင်ရာ ကတိကဝတ်များ ပါဝင်သည်။ နှစ်ဖက်စလုံးက ထိန်းချုပ်ရေးမျဉ်းတစ်လျှောက် အပစ်အခတ်ရပ်စဲရေး(LoC)ကို တစ်ဖက်သတ်ပြောင်းလဲခြင်း သို့မဟုတ် ပြင်ပမှ ကြားဝင်ဖျန်ဖြေမှုကိုရယူခြင်းမပြုဘဲ ကက်ရှ်မီးယားကို နှစ်နိုင်ငံပြဿနာအဖြစ်သာ သတ်မှတ်စေသည်။

ပါကစ္စတန်၏ ဆင်းမလားသဘောတူညီချက်ကို ဆိုင်းငံ့လိုက်ခြင်းသည် တင်းမာမှုများသိသာထင်ရှားစွာတိုးမြင့်လာမှုကို အချက်ပြနေသည်။ သမိုင်းကြောင်းအရ ဆင်းမလားသဘောတူညီချက်သည် ၁၉၉၉ ခုနှစ်တွင် ကာဂီးလ်စစ်ပွဲကဲ့သို့သော ပဋိပက္ခများဖြစ်စဉ်တွင် ထိန်းချုပ်ရေးမျဉ်းတစ်လျှောက် အပစ်အခတ်ရပ်စဲရေး(LoC) နယ်စပ်ဖြတ်ကျော်မှုတားမြစ်သည့် သဘောတူညီချက်ကို ချိုးဖောက်ခဲ့ချိန်၌ တားဆီးထားခြင်းမရှိပါ။ လက်ရှိဆိုင်းငံ့မှုသည် အိန္ဒိယ၏ လတ်တလောသံတမန်ရေးနှင့် လုံခြုံရေးဆောင်ရွက်မှုများအပေါ် ပါကစ္စတန်၏ ငြင်းပယ်မှုကို ထင်ဟပ်နေပြီး ထိန်းချုပ်ရေးမျဉ်းတစ်လျှောက် အပစ်အခတ်ရပ်စဲရေး(LoC)ကို စစ်ရေးအရတိုးမြင့်လာနိုင်သည့်အလားအလာနှင့်အတူ နှစ်နိုင်ငံဆက်ဆံရေးယိုယွင်းလာမှုကို ကိုယ်စားပြုနေသည်။

ခြုံ၍ဆိုရလျှင် အိန္ဒိယနှင့် ပါကစ္စတန်တို့က ကက်ရှ်မီးယား၏ တစ်စိတ်တစ်ပိုင်းကို ကဏ္ဍအလိုက်စီမံခန့်ခွဲသော်လည်း နယ်မြေတစ်ခုလုံးပိုင်ဆိုင်ကြောင်းကို နှစ်ဖက်စလုံးက တောင်းဆိုထားသည်။ ပါဟာဂမ်အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ် ဖြစ်ပွားပြီးနောက် အိန္ဒိယနှင့် ပါကစ္စတန်တို့ကြား အပြန်အလှန်ထိုးနှက်မှုများချက်ချင်းပေါ်ပေါက်လာခဲ့ပြီး နှစ်ဖက်အစိုးရများက အငြင်းပွားမှုသည် စစ်ရေးအရ အရေးယူမှုထိပြင်းထန်လာနိုင်ကြောင်း ပြောကြားခဲ့သည်။ ၂၀၀၁ ခုနှစ်ကလည်း အလားတူတင်းမာမှုဖြစ်ပွားခဲ့ပြီး နျူကလီးယားပိုင်ဆိုင်သည့် နိုင်ငံများဖြစ်ခြင်းကြောင့် အခြေအနေကိုထိန်းသိမ်းဆောင်ရွက်ရန် အင်အားကြီးနိုင်ငံများက တိုက်တွန်းမှုကြောင့် ပြေလည်ခဲ့သည်။ ယခုတစ်ကြိမ်ဖြစ်ပွားမှုတွင် အရေးပါသည့်သဘောတူညီချက်များ ဆိုင်းငံ့သည်ထိ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် တင်းမာမှုများသည် အချိန်တိုအတွင်း ပြေလည်နိုင်ဖွယ်မရှိဘဲ အချိန်အတိုင်းအတာတစ်ခုထိ ဆက်လက်တည်ရှိနေဖွယ်ရှိကြောင်း ဖော်ပြလိုက်ရပါသည်။

**ကိုးကား**

- India, Pakistan escalate tit-for-tat moves with military threats, Press TV, April 2025
- India Expels Pakistani Defence Advisers Following The Deadly Terrorist Attack In Pahalgam, Indian Defence News, April, 2025

မောင်ဝေလွှမ်း(သုတေသီ)

# ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝသော မိန်းမလှကျွန်းဘေးမဲ့တော

**နှင်းအိ(ရာမညမြေ)**



ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ သဘာဝဒီရေတောများထိန်းသိမ်းရာ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ဒီရေတောများ ဖြင့်ဖုံးလွှမ်းနေသော ကျွန်းတစ်ခုဖြစ်ပြီး ဇီဝမျိုးစုံ မျိုးကွဲများလည်း ပေါကြွယ်ဝပါသည်။ အဆိုပါ ဘေးမဲ့ တောကို ၁၉၁၅ ခုနှစ်တွင် မိန်းမလှကျွန်း ထင်းကြိုး ဝိုင်းအဖြစ် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ၁၉၈၅ ခုနှစ်တွင် မိန်းမလှကျွန်း (တိုးချဲ့) ကြိုးဝိုင်းအဖြစ် ဖွဲ့စည်းခဲ့ ကြောင်း၊ ၁၉၉၄ ခုနှစ်တွင် မိန်းမလှကျွန်းတောရိုင်း တိရစ္ဆာန်ဘေးမဲ့တောအဖြစ် သတ်မှတ်ခဲ့ကြောင်း၊ ၂၀၀၃ ခုနှစ်တွင် အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် ဖွဲ့စည်းခဲ့ကြောင်း၊ ရမ်ဆာရေဝပ်ဒေသအဖြစ် ၂၀၁၇ ခုနှစ်တွင် သတ်မှတ်ခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ မိန်းမလှကျွန်း သစ်တောကြိုးဝိုင်းသည် ဒီရေတော အမျိုးအစားဖြစ်ပြီး ၅၂ ဒသမ ၇၉ ဧရိယာ စတုရန်းမိုင် ကျယ်ဝန်းပြီး ဒီရေရောက်ဒေသများတွင် ပေါက်ရောက်ရှင်သန်နိုင်သည့် ဗြူး၊ ဗြူးခြေထောက်၊ လမု၊လမဲ့၊ ကနစို၊ မဒမ စသည့် အပင်များ အများဆုံး ပေါက်ရောက်သည်။ မြန်မာနိုင်ငံရှိ ဒီရေတောများထဲ တွင် အကြီးဆုံးဖြစ်သည်။

**ပထဝီဆိုင်ရာ အခြေခံ အချက်အလက်များနှင့် ရာသီဥတု**

မိန်းမလှကျွန်းသည် မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၂ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၁၇ မိနစ် တို့ဆုံရာ၊ ဘိုကလေးမြစ်ဝနှင့် ကဒုံကနီ မြစ်ဝတို့ ကြား၊ ရန်ကုန်မြို့မှ အနောက်တောင်ဘက် ခန့်မှန်း ကီလိုမီတာ ၁၃၀ အကွာ၌ တည်ရှိသည်။ ဘိုကလေး မြို့မှဆိုလျှင် တောင်ဘက် ၁၉ ကီလိုမီတာ ၁၂ မိုင် အကွာ ဖြစ်သည်။

ကျွန်း၏ ဧရိယာအများစုသည် ပင်လယ် ရေမျက်နှာပြင်နှင့် တစ်ပြေးတည်းဖြစ်ပြီး အမြင့်ဆုံး နေရာသည် ပင်လယ်ရေမျက်နှာပြင်ထက် ၂၅ မီတာ ခန့်သာ မြင့်သည်။

မုတ်သုံရာသီဥတု ဖြစ်ပြီး နှစ်စဉ် ပျမ်းမျှ မိုးရေချိန် ၂၇၇၇ မီလီမီတာ ရှိသည်။ မိုးရာသီသည် နှစ်စဉ် မေလမှ အောက်တိုဘာလထိ တာရှည်လေ့ရှိသည်။

**မိန်းမလှကျွန်းဘေးမဲ့သစ်တောကြိုးဝိုင်း**

ဒီရေတောသစ်ပင် အမျိုးအစားပေါင်း ၂၉ မျိုးခန့် ပေါက်ရောက်လျက်ရှိပြီး၊ ရှိပြီးသား သစ်တောကို ထိန်းသိမ်းခြင်းအပြင် ဒီရေတောအပင်များကို စိုက်ပျိုးပြီး သစ်တောပြန်လည် ထူထောင်ခြင်းလည်း ဆောင်ရွက်လျက်ရှိသည်။ ဘေးမဲ့တောတွင် ဒရယ်၊ ဖျံ၊ လိပ်၊ တောဝက်၊ တောခွေး၊ မိကျောင်းများ အပါ အဝင် တိရစ္ဆာန် အမျိုးပေါင်းများစွာ ဘေးမဲ့စောင့် ရှောက်ထားသည်။ ထူးခြားချက်မှာ ရှားပါးသည့် ငှက်မျိုးစိတ်များ အပါအဝင်၊ ငှက်မျိုးစိတ်ပေါင်း ၃၄ မျိုးခန့်ရှိသည့်အတွက် ငှက်ကြည့်ဝါသနာရှင်များ အလွန်ပင်စိတ်ဝင်စားသော နေရာတစ်ခုလည်း ဖြစ်ပေသည်။ ရေဝက်နှင့် ဧရာဝတီလင်းပိုင်များလည်း တစ်ခါတစ်ရံ၌လာရောက် ကျက်စားသည်ကို တွေ့ရှိရသည်။ သာကေတ မိကျောင်းမွေးမြူရေး စခန်းမှ မိကျောင်းသားပေါက်များကို မိန်းမလှ ကျွန်းတွင် သဘာဝအတိုင်း မွေးမြူပြီး ထိန်းသိမ်း စောင့်ရှောက်ထားသည်။ မိန်းမလှကျွန်းကို အခြေပြု ပြီး မိကျောင်းကောင်ရေ ၂၆၀၀ ခန့် နေထိုင်မည်ဟု ခန့်မှန်းထားပြီး၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် နေထိုင်ကျက်စားသော မိကျောင်းအားလုံး၏ သုံးပုံ နှစ်ပုံ ဖြစ်သည်။ မိကျောင်းများကို စောင့်ကြည့် ထိန်းသိမ်းရန် အခြေခံစခန်းကို ထော်ပိုင်ချောင်းတွင် ထားရှိပြီး၊ ကျွန်းပတ်လည်၌ ကင်းစခန်းများနှင့် စောင့်ကြပ်လျက်ရှိသည်။ ကျွန်းပေါ်ရှိ တောရိုင်း တိရစ္ဆာန်နှင့် မိကျောင်းများသာမက ကျွန်းပေါ်နှင့် ကျွန်းအနီး သတ်မှတ်နေရာများတွင် ငါး၊ ပုစွန် ဖမ်းဆီးခွင့်၊ မွေးမြူခွင့်အားလုံးကို ဥပဒေအရ တားမြစ်ထားသည်။

မိန်းမလှကျွန်းဟု ခေါ်ဆိုရခြင်းသည် ကျွန်းကို လှမ်းမျှော်ကြည့်လျှင် ဒီရေတောများသည် ကမ်းစပ် တွင် မိန်းမလှလှကြီးများ တန်းစီ၍ရပ်သယောင် ထင်ရလောက်အောင် လှပဝေဆာသောကြောင့် ဖြစ်သည်ဟု ဆိုကြသည်။

**ထိန်းသိမ်းဖို့လိုအပ်**

မြန်မာနိုင်ငံတွင် ၁၉၂၄ ခုနှစ်က ဧရာဝတီတိုင်း အတွင်း ဒီရေတော ဧကပေါင်း ဟတ်တာ ၂၅၀၀၀၀ ကျော်ရှိခဲ့ပြီး၊ ၂၀၀၂ ခုနှစ်တွင် ဟတ်တာ ၁၁၀၀၀၀ ကျော်သာကျန်ရှိတော့သောကြောင့် ၇၇ နှစ်အတွင်း ဒီရေတော ပြုန်းတီးမှုမှာ ၅၅ ရာခိုင်နှုန်းဖြစ်သည်ဟု တရားဝင်ထုတ်ပြန်သည့် စာရင်းများအရ သိရသည်။ ဥတုရာသီ၊ တောကိုမှီဆိုသော စကားသည် အစဉ် အမြဲမှန်ကန်ခဲ့သလို သဘာဝပတ်ဝန်းကျင် ပျက်စီး ခြင်း၊ ရာသီဥတုပြောင်းလဲခြင်းတို့နှင့်အတူ ဧရာဝတီ တိုင်းဒေသကြီးအတွက် ဒီရေတောများ၏ အခန်း ကဏ္ဍမှာ ပိုမိုအရေးပါလာနေပြီဖြစ်သည်။ ဒီရေတော များကို မိမိတို့အမြန်ဆုံး ပြန်လည် ထူထောင်နိုင်ဖို့ လိုအပ်သည်။ မိမိတို့၏ နောက်မျိုးဆက်များကို စိမ်းလန်းနေသောသစ်တောများနှင့်အတူ ဒီရေတော များကိုချစ်တတ်၊ ထိန်းသိမ်းတတ်သည့် စိတ်ဓာတ် များကို အမွေပေးကြရသည်။ ဧရာဝတီလင်းပိုင်များ အပါအဝင် ကမ္ဘာပေါ်ရှိ မျိုးတုန်းပျောက်ကွယ်နိုင် သည့်အန္တရာယ်နှင့် ကြုံတွေ့နေရသည့် သက်ရှိမျိုးစိတ် များသည် ကျွန်းကို အမှီပြုပြီး ရှင်သန်နေကြရသည်။ မိန်းမလှကျွန်းပေါ်တွင် ဌာနဆိုင်ရာ ကင်းစခန်းများမှ လွဲ၍ မည်သူမျှအခြေချ နေထိုင်ခွင့် မရှိပေ။ သို့သော်လက်ရှိတွင် ကျွန်းပေါ်ရှိချောင်းများတွင် ငါးခိုးဖမ်းမှုများ ရှိနေသလို၊ ကျွန်းပေါ်တွင်လည်း ထင်းခိုးခုတ်နေသည့် အနေအထားများ ရှိနေဆဲပဲ ဖြစ်သည်။ ဥပဒေကြောင်းအရ တင်းကျပ်ထားပြီး ဖမ်းဆီး အရေးယူမှုများ လုပ်နေသော်လည်းပဲ၊ ဒေသခံလူထု၏ တကယ်နားလည်မှုနှင့် ပူးပေါင်း ဆောင်ရွက်မှုရရှိမှသာလျှင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းမှာ ရာနှုန်းပြည့်အောင်မြင် မည်ဖြစ်သည်။

**လာရောက်လေ့လာနိုင်**

သဘာဝတရားကြီးကို စူးစမ်းလေ့လာချင်သူများ အတွက် မိန်းမလှကျွန်းဘေးမဲ့တောတွင် ငှက်မျိုး စိတ်များ ပျံ့နှံ့ကျက်စားမှု၊ ရေချို၊ ရေငန်စပ်မိကျောင်း များ၏ အလေ့အထများနှင့် ဂေဟဗေဒ၊ ရာသီဥတု ပြောင်းလဲမှု၏ ဒီရေတောများအပေါ် အကျိုးသက် ရောက်မှု၊ ဒီရေတောမှရရှိသည့် သယံဇာတများက ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးကို အထောက် အကူပြုမှု၊ ဒီရေတောဂေဟစနစ်ဝန်ဆောင်မှုများ နှင့် သဘာဝဘေးအန္တရာယ်ကျရောက်မှု လျော့နည်း သက်သာခြင်းဆက်စပ်မှုများကိုလေ့လာနိုင်သည်။

မိန်းမလှကျွန်း ဘေးမဲ့တောတွင် နို့တိုက်သတ္တဝါ ၁၈ မျိုး၊ ငှက်မျိုးစိတ် ၁၉၀၊ ကုန်းနေ၊ ရေနေနှင့် တွားသွားသတ္တဝါ ၃၈ မျိုး၊ ငါးမျိုးစိတ် ၁၁၀၊ ကဏန်းမျိုးစိတ် ခြောက်မျိုး၊ ပုစွန်မျိုးစိတ် ၁၄ မျိုး၊ လိပ်ပြာမျိုးစိတ် ၃၅ မျိုး၊ ဒီရေတောသစ်မျိုး ၂၉ မျိုး၊ သစ်ခွမျိုးစိတ်ခြောက်မျိုး ဘေးမဲ့တောအတွင်း တည်ရှိကြောင်း၊ လေ့လာအပန်းဖြေစရာများအဖြစ် ဒီရေတောအတွင်း စက်လှေစီး၍လေ့လာခြင်း၊ ဒေသခံများ၏ မိရိုးဖလာငါးဖမ်းနေမှု၊ ငှက်၊ ဧရာဝတီ လင်းပိုင်၊ ပင်လယ်လိပ်များ၏နေထိုင် ကျက်စားမှု များကို လေ့လာနိုင်မည်ဖြစ်ကြောင်း သဘာဝ ပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်း ရေးဌာနမှ သိရသည်။

အချုပ်အားဖြင့်ဆိုရသော် မိန်းမလှကျွန်း ဘေးမဲ့တောသည် ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝပြီး ဒီရေတောများဖြင့် ဖုံးလွှမ်းနေသော ကျွန်းတစ်ခု ဖြစ်သောကြောင့် သဘာဝတရားကြီးကို စူးစမ်း လေ့လာချင်သူများအတွက် သွားရောက်သင့်သော နေရာတစ်ခုဖြစ်ကြောင်း လေ့လာရေးသား လိုက်ရပါသည်။

**❖သဘာဝတရားကြီးကို စူးစမ်းလေ့လာချင်သူများအတွက် မိန်းမလှကျွန်းဘေးမဲ့တောတွင် ငှက်မျိုးစိတ်များ ပျံ့နှံ့ကျက်စားမှု၊ ရေချို၊ ရေငန်စပ်မိကျောင်းများ၏ အလေ့အထများနှင့် ဂေဟဗေဒ၊ ရာသီဥတုပြောင်းလဲမှု၏ ဒီရေတောများအပေါ် အကျိုးသက်ရောက်မှု၊ ဒီရေတောမှရရှိသည့် သယံဇာတများက ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးကို အထောက်အကူပြုမှု၊ ဒီရေတောဂေဟစနစ်ဝန်ဆောင်မှုများနှင့် သဘာဝဘေးအန္တရာယ်ကျရောက်မှု လျော့နည်းသက်သာခြင်းဆက်စပ်မှုများကို လေ့လာနိုင်သည်။ ❖**

# ဝါးခယ်မမြို့နယ်တွင် နေကြာကေအားလုံးရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၁၃ ဒသမ ၉၇ တင်း ထွက်ရှိ

မြောင်းမြ ဧပြီ ၂၈

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် နေကြာကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၃ ဒသမ ၉၇ တင်း ထွက်ရှိကြောင်း မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံနေကြာ ဖ၀၈၂ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် ဆီထွက်သီးနှံ နေကြာကို ယခုနှစ် ဖေဖော်ဝါရီလ ပထမ ပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဆီထွက်သီးနှံနေကြာ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ် ကြောင်း၊ အဆိုပါနေကြာ တစ်ကေလျှင် ၁၃ ဒသမ ၉၇ တင်း ထွက်ရှိကြောင်း သိရသည်။

''ဝါးခယ်မမြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ နေကြာကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ် ပါတယ်။ ရိတ်သိမ်းထားတဲ့ နေကြာတွေ အထွက်နှုန်းကောင်းသလို အရည်အသွေး လဲကောင်းပါတယ်။ ဒါ့ကြောင့် စိုက်ပျိုး ထားတဲ့နေကြာတွေ အသီးကောင်းစေဖို့၊ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှား အန္တရာယ်ကင်းရှင်းစေဖို့ စိုက်ပျိုးရေး ဦးစီးဌာနက ဆောင်ရွက်ပေးခဲ့ပါတယ်''ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ဆီထွက်သီးနှံ နေကြာများအပါအဝင် ဆောင်းသီးနှံများ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရန်၊ ရိတ်သိမ်း နိုင်ရန် ဒေသခံတောင်သူများနှင့် စိုက်ပျိုး ရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန တို့မှ အသိပညာပေးလုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းကောင်းမွန် အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသ တွင်း စားသုံးဆီလုံလောက်စေရုံမျှ မက ပိုလျှံမှုကိုပါ ပြည်ပနိုင်ငံများသို့ တင်ပို့ ရောင်းချနိုင်မည် ဖြစ်သောကြောင့် မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတွင် တိုးချဲ့စိုက်ပျိုး ရန် လိုအပ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစားတော်ပဲ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၂၀ ဒသမ ၈၉ တင်းထွက်ရှိ



**မင်းကင်း ဧပြီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စားတော်ပဲဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၀ ဒသမ ၈၉ တင်းထွက်ရှိကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စားတော်ပဲ ၈၅၂၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စားတော်ပဲ စိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"မင်းကင်းမြို့နယ်အတွင်း ဆောင်းသီးနှံစိုက်ပျိုးရာသီက စားတော်ပဲ ၈၅၂၅ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စားတော်ပဲစိုက်ခင်းတွေ လက်ရှိမှာ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ စားတော်ပဲဟာ ပြည်တွင်းစားသုံးမှုများတဲ့ သီးနှံဖြစ်တဲ့အတွက် ဈေးကွက်ရှိပြီး စိုက်ပျိုးတဲ့တောင်သူတွေ အဆင်ပြေပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် စားတော်ပဲ စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းကောင်းမွန်ရေး၊ ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျ သုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စားတော်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုပါ ပြည်ပသို့တင်ပို့နိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် စားတော်ပဲကို အထွက်နှုန်း ကောင်းမွန်အောင် စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ဘဲဥအလုံးရေ ၈၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဧပြီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ဘဲဥအလုံးရေ ၈၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် မွေးမြူရေးထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဦးက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ဘဲဥအလုံးရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ဘဲဥအလုံးရေ ၈၅၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဘဲဥတစ်လုံးလျှင် ငွေကျပ် ၄၂၀ ပေါက်ဈေးရှိကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်က ထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ထဲကို အများဆုံးတင်ပို့ရောင်းချပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း ဘဲဥအလုံးရေ အများအပြားတင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ဧပြီလထဲမှာလဲ ဘဲဥက အရောင်းအဝယ် ကောင်းနေပါတယ်။ လက်ရှိ ဘဲဥဈေးကောင်းနေတဲ့ အဓိကအချက်က အခုနှစ် ဒေသမှာ ဥစားဘဲမွေးမြူတဲ့သူတွေ လျော့နည်းလာတာကြောင့်လဲဖြစ်ပါတယ်"ဟု ကျိုက်လတ်မြို့နယ် မွေးမြူရေးထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဦးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် ဥစားဘဲမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများသည် မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးလျှင် ဘဲအကောင်ရေ ၁၀၀၀ မှ ၂၀၀၀ ထိ မွေးမြူကြကြောင်း၊ အဆိုပါဒေသထွက် ဘဲဥများကို စနစ်တကျသန့်စင်ပြီး ကတ်များဖြင့်ထည့်၍ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချကြောင်း၊ ဥစားဘဲကို မွေးမြူပါက အကောင်ရေ ၁၀၀၀ မွေးမြူလျှင် ဘဲအကောင်ရေ ၁၀၀၀ ၏တန်ဖိုး အပါအဝင် အထွေထွေကုန်ကျစရိတ်ငွေကျပ် ၁၈ သိန်းမှ ၂၅ သိန်းထိ ကုန်ကျကြောင်း သိရသည်။

**ကျော်ကျော်လင်း**










**Myanmar Mobile Money(MMM) ကို အသုံးပြု၍ အောက်ပါဝန်ဆောင်မှုများ ရရှိနိုင်ပါသည်၊**



ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း၊ ငွေသွင်းငွေထုတ်ခြင်း/ငွေလွှဲခြင်း၊
Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊
Internet Bill ပေးဆောင်ခြင်း၊ E-Top up Bill ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာများ ပေးဆောင်ခြင်း၊
ပြည်ပ ငွေလွှဲ (ထိုင်း)၊ ဈေးဝယ်ခြင်း၊ အောင်ဘာလေ အွန်လိုင်းထီထိုးခြင်း

အခြိမ်းစားလစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆


**ပျောက်ဆုံးကြောင်း**

ရမည်းသင်းမြို့၊ ဝါးတိုးရပ်ကွက်နေ ယမင်းသူ (ဘ) ဦးထွန်းဝင်း (၉/ရမသ(နိုင်)၁၉၇၇၈၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၇၈၈၀၂၁

**ပျောက်ဆုံးကြောင်း**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ခိုလမ်မြို့နေ မောင်ကောင်းမြတ်ထွန်း (ဘ) ဦးစောလှထွန်းအောင်(၁၃/လကန(နိုင်)၀၀၄၅၇၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၉၁၅၆၂၉၆၂

**ပျောက်ဆုံးကြောင်း**

ကျောက်ဆည်မြို့နယ်၊ ကြက်မင်းတွန်ရွာနေ မျိုးမင်းသူ (ဘ) ဦးမျိုးစန်းထွန်း(၉/ကဆန(နိုင်)၂၃၅၇၁၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(M-916432)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၇၅၉၂၂၈၄၆

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီ အစဉ် (Public Feed–back Programme–PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့ အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် "1111"

"အဂတိလိုက်စားမှုတားဆီးဖို့ " 1111 " ကိုဖြေကြားစို့"
"ဝန်ဆောင်မှုများကောင်းစေရေး " 1111 " ကိုဖြေကြားပေး"

ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်း က ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါ ကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

❖ **လူငယ်များ၏ စူးစမ်းလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်၊ ကျိုးကြောင်းဆီလျော်စွာ စဉ်းစားဝေဖန်ပိုင်းခြားနိုင်စိတ်၊ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်များ ရှင်သန်ကိန်းအောင်းလာစေရန် ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ ဥပဒေကိုသိရှိလေးစားလိုက်နာတတ်ရန်နှင့် ကျင့်ဝတ်သိက္ခာပြည့်ဝပြီး လူမှုတာဝန်များကို ကျေပွန်စွာပြုမူနေထိုင်တတ်စေရန်လည်း လမ်းပြသွန်သင်ပေးသွားကြရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဧပြီ ၂၆ ရက်တွင် ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံဩဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ ကျောက်တံခါးနှင့် သူငွေးကုန်းဘူတာကြား အစုန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုဖြစ်ပွား



ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ ကျောက်တံခါးနှင့် သူငွေးကုန်းဘူတာကြား အစုန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ရထားလမ်းပျက်စီးမှုအား ပြန်လည်ပြုပြင်ဆောင်ရွက်နေစဉ်။

**နေပြည်တော် ဧပြီ ၂၈**

ယနေ့နံနက် ၇ နာရီတွင် ကျောက်တံခါးဘူတာမှ ထွက်ခွာလာသော အမှတ်(၉၀၂)အစုန် ကုန်ရထားသည် ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျောက်တံခါးဘူတာနှင့် သူငွေးကုန်းဘူတာကြား မိုင်တိုင်အမှတ် ၁၀၇/၄-၅ နေရာသို့ ရောက်ရှိချိန်တွင် အစုန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် အစုန်ရထားလမ်းထိခိုက်ပျက်စီးနေကြောင်း တွေ့ရှိရသဖြင့် ကျောက်တံခါးဘူတာသို့ ပြန်လည်ဆုတ်ခွာခဲ့ရပြီး ကျောက်တံခါးနှင့် သူငွေးကုန်းရထားလမ်းပိုင်းအား နံနက် ၇ နာရီ ၂၆ မိနစ်တွင် ယာယီပိတ်ထားခဲ့ရကြောင်း သိရှိရသည်။

စာမျက်နှာ ၂၄ ကော်လံ ၁ ☆

**လူရည်ချွန်တို့ ပျော်တဲ့ပွဲ... အစိုးရရဲ့စေတနာကို မြင်ရမယ့်ပွဲ**

ဆောင်းပါး စာမျက်နှာ - ၁၈

**နိုင်ငံတကာမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၊ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ ပြည်တွင်းရှာဖွေကယ်ဆယ်ရေးအဖွဲ့အစည်းများနှင့် ပရဟိတအဖွဲ့အစည်းအားလုံးကို ကျေးဇူးတင်ရှိကြောင်းနှင့်မှတ်တမ်းတင်ဂုဏ်ပြုကြောင်း သတင်းထုတ်ပြန်ချက်**

စာမျက်နှာ - ၁၉

## ထူးခြားသည့် နေ့အပူချိန်များ

(၂၈-၄-၂၀၂၅)

| | | | | |
|---|---|---|---|---|
| ချောက် | ၄၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| တောင်တွင်းကြီး | ၄၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၄၂ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၂ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၄၂ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၄၂ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ရမည်းသင်း | ၄၂ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၄၂ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဇောင်းတူ | ၄၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၄၁ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၄၁ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ဂန့်ဂေါ | ၄၁ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |

